# ဆရာများ အတွက် လမ်းညွှန်

## သမ္မာကျမ်းစာသင်ယူလေ့လာချိန် အဆင့် ၁ နှင့် အဆင့် ၂

အတွဲ ခ

သင်ခန်းစာ ၁-၆

www.besweb.com

# Bible Educational Services

**သမ္မာကျမ်းစာ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း**

Registered Charity UK (No 1186004)

**သာသနာတော် အတွက် သဘောထား**
အစီအစဉ်အလိုက်ဖြစ်သည့် ကျမ်းစာသင်ခန်းစာများကို ယခုလက်ရှိအချိန်နှင့် နောင်လာမည့်မျိုးဆက်များအား ဘုရားသခင်၏စကားတော်ကို သင်ကြားပေးနိုင်ရန်အတွက်နှင့် အမှုတော်မြတ်တွင်အစေခံသည့်အခါ ကမ္ဘာအနှံ့အသုံးပြုနိုင်ရန် သင်ခန်းစာများကို ထုတ်လုပ်ပေးခြင်းအားဖြင့် အစေခံနေခြင်းဖြစ်သည်။

**ရှုပါရုံထားရှိခြင်း**
သမ္မာကျမ်းစာ ပညာရေးဆိုင်ရာများကို ကမ္ဘာဘာသာစကားအသီးသီးဖြင့် လွယ်ကူစွာထုတ်ဝေနိုင်ရန်နှင့် ဆက်နွယ်မှုအမျိုးမျိုးအားဖြင့် တစ်ဦးနှင့်တစ်ဦး လက်တွဲလုပ်ဆောင်ရာတွင် အကျိုးပြုစေရန် ကျွန်ုပ်တို့၏ တန်ဖိုးအရှိဆုံးသော အရာများကို ဝေငှပေးခြင်းဖြစ်သည်။

## အထွေထွေအသိပေးချက်

**ဓမ္မပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်ဆောင်ပေးချက်များ**
"Bibletime", "New Life" နှင့် "Gleaners" ကျမ်းစာသင်ခန်းစာများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီး တွင်ရှိသော ကျမ်းစာကျောင်းများနှင့် သင်ခန်းစာများကို အသုံးပြုသောအဖွဲ့အစည်းအသီးသီးသို့ စာတိုက်မှပို့ပေးခြင်းများ၊ သွားရောက်လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊ အဆက်အသွယ်များ၊ ပြုလုပ်ခြင်းဖြင့်လည်းကောင်း အကြံညဏ်ပေးခြင်းများ၊ သင်တန်းပို့ချခြင်းများ ပြုလုပ်ပေးသည်။ ဤ BES အဖွဲ့သည်သင်ခန်းစာများကိုဘာသာပြန်ပေးခြင်း၊ ထုတ်ဝေပေးခြင်းများဖြင့် အခြားနိုင်ငံများရှိအဖွဲ့အစည်းများနှင့်လည်း လက်တွဲလုပ်ဆောင်သည်။ သင်ခန်းစာများအား ကျောင်းသားတိုင်းအတွက် အခမဲ့ ပြင်ဆင်ထားပေးသည်။

Bibletime သင်ခန်းစာများကို လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော် အိုင်ယာလန်တောင်ပိုင်းတွင် ပထမဆုံး အသုံးပြုခဲ့ပြီးဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် လည်းကောင်း၊ နိုင်ငံခြား ဘာသာအသီးသီးဖြင့်လည်းကောင်း၊ သင်ခန်းစာများအတွက် စာမူနှင့်ပတ်သက်၍ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းထားသည်။ အချို့နေရာများတွင် ကျောင်းသားများအတွက် အထောက်အကူပြုစေရန် Bibletime သင်ခန်းစာများကို သာမာန် A4 ပုံစံဖြင့် ထုတ်ဝေထားသည်။ လေးပတ်မြောက်တိုင်း သင်ခန်းစာများကို ကျမ်းစာကျောင်းရုံးချုပ်သို့ အမှတ်စစ်ဆေးရန် ပြန်ပို့ပေးရမည်ဖြစ်သည်။ Belfast ရှိ (နိုးထမှုအစီအစဉ်) Every Home For Crusade သို့ကျေးဇူးတင်ပါသည်။ များမကြာမီက A5 ပုံစံဖြင့် ခြောက်လစာ သင်ခန်းစာများကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုသင်ခန်းစာများကို အထူးသဖြင့် ထိရောက်မြန်ဆန်သည့်စာပို့မှုစနစ်မရှိသောနေရာများတွင်ရှိသည့် အသင်းတော်နှင့် ကျောင်းများတွင် အသုံးပြုနိုင်ရန် ဖြစ်သည်။

BES သင်ခန်းစာများသည် အလွန်ကောင်းမွန်ပြီး အိမ် (သို့) အဖွဲ့အစည်း (အသင်းတော်၊ ကျောင်း၊) များတွင်သင်ယူနိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ကျောင်းသားများအသက်(၂၀)နှစ်အထိ ဆက်လက်သင်ယူနိုင်ခွင့်ရရန် သင်ရိုးမာတိကာများကို ပြင်ဆင်ပေးထားသည်။ အဆင့် ၅ ဆင့်၏ သင်ခန်းစာများသည် တိကျစွာသက်မှတ်ထားသည့် အသက်အပိုင်းအခြားများအတွက်ဖြစ်သည်။ မူကြို ၊ ၅-၇ နှစ်၊ ၈-၁၀နှစ်၊ ၁၁-၁၃နှစ်၊ ၁၄-၁၆နှစ်၊ တို့ဖြစ်သည်။ အသက်အပိုင်းအခြားတစ်ခုစီအတွက် သုံးနှစ်စာအတွက် သင်ရိုးမာတိကာ ရှိသည်။ အဖွဲ့တစ်ခုစီသည် စွမ်းရည်ခြားနားမှုရှိနိုင်သည်။ ဘုရားသခင်၏ စကားတော်ကို ကလေးသူငယ်များ သင်ယူနိုင်သော အခွင့်အရေးနှင့် သမ္မာကျမ်းစာပုံပြင်များကို သူတို့၏အသက်တာ၌ သင်ယူခြင်းဖြင့် သတင်းကောင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို မြင်တွေ့ခံစားနိုင်ရန် သမ္မာကျမ်းစာသင်ယူချိန် (Bibletime) သင်ခန်းစာမှ ပြုလုပ်ပေးထားသည်။

သင်ခန်းစာမိတ္တူများကို အင်္ဂလိပ်ဘာသာစကားဖြင့် BES Website www.besweb.com တွင်၄င်း International Secretary တွင်၄င်း ရရှိနိုင်သည်။ အခြားသောဘာသာစကားများအားဖြင့် Website တွင်ရရှိနိုင်သည်။ ရေးဆွဲထားခြင်း ဖြစ်သည်။ သင်အလိုရှိပါက သင့်အားအကူအညီပေးနိုင်သော စာရွက်စာတမ်းများ BES တွင်ရှိသည်။ ထိုစာရွက်စာတမ်းများကို Website တွင်ရရှိနိုင်ပါသည်။

## ဆက်သွယ်ရန်လိပ်စာ


**UK (Northern Ireland) Office (stockist of all English lessons)**
37a Belmore Street, Enniskillen, Northern Ireland BT74 6AA
Phone: 0286 632 2462

**UK Secretary**
Mr Stephen Gillham
Email: stephen.gilllham@besweb.com

**Web address:** www.besweb.com
**Email address:** info@besweb.com

## ဆရာများအတွက်လမ်းညွှန်

မူလပထမတွင် Bibletime သင်ခန်းစာများကို ကျမ်းစာကျောင်းအဝေးသင်ဌာန နှင့် စာပို့စနစ်ဖြင့် အသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း စာပို့စနစ်မလွယ်ကူသောနေရာများ (သို့) အာဖရိကရှိ နေရာအတည်တကျမရှိသောကျောင်းများ၊ အသင်းတော်များ၊ အိန္ဒိယ နှင့် အခြားသောနေရာများတွင် ဤသင်ခန်းစာများကို ပိုမိုအသုံးပြုလာကြသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် Bibletime သင်ခန်းစာများကို အသုံးပြုနိုင်ရန်အတွက် ဆရာ့လမ်းညွှန်အဆင့် ၁ နှင့် ၂ သင်ခန်းစာအတွက် ဖြစ်ပြီး အသက်အပိုင်းအခြားအားဖြင့် ၅-၁၀ နှစ် အထိ ကလေးများအတွက် လိုက်နာရေးဆွဲထားခြင်း ဖြစ်သည်။

လမ်းညွှန်တစ်ခုချင်းစီသည် Bibletime သင်ခန်းစာတွင် ဖော်ပြထားသည့် ကျမ်းအကိုးအကားအတိုင်း တူညီစေရန် ရေးဆွဲထားခြင်း ဖြစ်သည်။ Bibletime သင်ခန်းစာများနှင့် လမ်းညွှန်များသည် အပတ်စဉ်အသုံးပြုနိုင်ရန် ပြုလုပ်ထားခြင်းဖြစ်သည်။ ဧပြီလအတွက် သင်ခန်းစာများသည် (Easter) နှင့်ဆက်နွယ်သည့် အကြောင်းအရာများဖြစ်ပြီး ဒီဇင်ဘာလအတွက် သင်ခန်းစာများသည် ခရစ္စမတ်နှင့် ဆက်နွယ်သည့် သင်ခန်းစာများ ဖြစ်သည်။

အချို့နေရာများတွင် A4 ပုံစံဖြင့်သင်ခန်းစာများကို ထုတ်လုပ် အသုံးပြုသွားမည်ဖြစ်သည်။ အချို့နေရာများတွင် သင်ခန်းစာ ၂၄ ခုပါဝင်သည့် A5 ပုံစံကိုအသုံးပြုသွားမည်ဖြစ်သည်။ သာမန်အားဖြင့် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် လစဉ် A4 သင်ခန်းစာကိုပေးပြီး အသင်းတော်၊ ကျောင်း၌ သို့မဟုတ် အိမ်သို့ယူသွားစေပြီး အပတ်စဉ် ထိုသင်ခန်းစာကို ဖြည့်ရမည်ဖြစ်သည်။ နောက်တပတ်တွင် ထိုဖြည့်ပြီးသာ သင်ခန်းစာကို ပြန်အပ်စေရမည် ဖြစ်သည်။ လကုန်ပြီးနောက် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် သင်ခန်းစာများကိုစစ်ဆေးပြီး ဖြစ်နိုင်ခြေအရှိဆုံး အမှတ်များကိုပေးပြီး ထိုရမှတ်များကို အမြန်နိုင်ဆုံး ကျောင်းသားများထံ ပြန်ပေးရမည်ဖြစ်သည်။

သင်ခန်းစာ စာအုပ်ငယ်ရှိ သင်ခန်းစာများကို အစီအစဉ်အတိုင်း အသုံးပြုသည့်အခါ အခန်းတခုစီ၏အဆုံးတိုင်းတွင် စာအုပ်များကို စုစည်းပြီး ရမှတ်များ ပေးသွားရမည်ဖြစ်သည်။ မည်သည့်အခြေအနေတွင်မဆို ဤအရာသည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့နားလည်ထားရမည်ဖြစ်သည်။ ထို့ကြောင့် စုထားသည့် အဖြေလွှာစာအုပ်များကို စာသင်ခန်းထဲရှိ အဖြေလွှာရှင်မဟုတ်သော ကျောင်းသားများထံ ဝေပေးပါ။ ခေါင်းဆောင် သို့မဟုတ် ဆရာသည် သင်ခန်းစာပါ အမှတ်ပေးစည်းမျဉ်းအတိုင်း ဦးဆောင်ညွှန်ကြားသွားပြီး ကျောင်းသားများက သူငယ်ချင်းများ၏ သင်ခန်းစာများကို ရမှတ်များ ပေးသွားမည်ဖြစ်သည်။ လစဉ်သင်ခန်းစာအတွက် ရမှတ်များရေးရန် နေရာကို သင်ခန်းစာစာအုပ်၏ နောက်ပိုင်းတွင် ပေးထားသည်။ ကျောင်းသားများ၏ အဖြေလွှာနှင့် ပတ်သက်၍ ဝေဖန်ချက်များရေးရန် နေရာကိုလည်း ပေးထားသည်။ ခြောက်လစာ သင်ခန်းစာအတွက် ကျောင်းသားရရှိထားသော ရမှတ်၏ အမှတ်ရာခိုင်နှုန်းအရ အဆင့်အတန်း မခွဲခြားပဲ အောင်လက်မှတ်များကို ပေးသွားမည်ဖြစ်သည်။

## ဆရာ/ဆရာမများ အတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်ကြားပေးသူသည် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ပိုင်နည်းလမ်း၊ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုရန်နေရာမရှိအောင် ကျွန်ုပ်တို့ မပြုလုပ်လိုပေ။ Bibletime သင်ခန်းစာများကို အသုံးပြုရာတွင် အကူအညီပေးနိုင်ရန် ဤအရာများသည် အကြံပြုချက်များသာ ဖြစ်သည်။

- **ပုံပြင်နှင့် ကျွမ်းဝင်မှုရှိပါ။** - သင်ကြားပေးသူသည် ကျမ်းစာပုံပြင်များနှင့်လည်းကောင်း၊ သင်ခန်းစာပါပုံပြင်များနှင့်လည်းကောင်း၊ အတတ်နိုင်ဆုံးကျွမ်းဝင်မှုရှိရမည်။ သင်ခန်းစာအတွက် ရည်ရွယ်ချက်ရှိရှိနှင့် ရေးဆွဲထားသည့် သင်ခန်းစာတစ်ခုချင်းစီ၏ လမ်းညွှန်များကိုလည်း ဂရုစိုက် စဉ်းစားဆင်ခြင်သင့်သည်။ သင်ခန်းစာကို စတင်မသင်ကြားမီ ဆရာသည်သင်ခန်းစာများကို လေ့လာပြီးဖြစ်ရမည်။
- **သင်ယူနိုင်ရန်သင်ခန်းစာများကို နားလည်ထားပါ။** - - သင်ခန်းစာတစ်ခုချင်းစီတိုင်း၏ ခေါင်းစဉ်တွင်ပါရှိသော ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့သင်ယူသွားနိုင်သည့် စကားလုံးများကို သင်မှတ်သားသွားပါ။ ဤအချက်ကို လိုက်နာခြင်းအားဖြင့် ဆရာ၏တင်ဆက်မှုနှင့် သင်ခန်းစာပြီးဆုံးပြီးနောက်တွင် သင်ယူခြင်း၏ ရည်ရွယ်ချက်နှစ်ခုကို ကလေးများ အမှန်ပင်နားလည်သဘောပေါက် သွားပေမည်။ ပထမ သင်ယူခြင်း၏ ရည်ရွယ်ချက်သည် ပုံပြင်၏အကြောင်းကို သိနားလည်စေရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ဒုတိယ အနေဖြင့် ကလေးများအား တိုက်တွန်းခွန်အားပေးလိုသည့်အချက်မှာ သူတို့သိထားသည့် ပုံပြင်ပါအကြောင်းအရာကို စဉ်းစားဆင်ချင်ပြီး သူတို့အသက်တာတွင် လိုက်လျှောက်ကျင့်သုံးပြီး မှန်ကန်စွာတုန့်ပြန်သွားရန် ဖြစ်သည်။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင်ခန်းစာထဲ၌ အဓိကသင်ကြားပေးသော သမ္မာတရား၏ မှန်ကန်သောဖော်ပြချက်များ ဖြစ်သည်။ ဖြစ်ပျက်ခဲ့သည့်အရာများအားဖြင့် ဆရာများသည်လည်း မိမိတို့၏ သင်ယူခြင်း နှင့် သင်ကြားခြင်းကို သုံးသပ်နိုင်သည်။
- **မိတ်ဆက်ပေးပါ။** - ကလေးများသည် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြေအနေများ ရှိနေနိုင်သည့်အတွက် သင်ခန်းစာတစ်ခုချင်းစီကို အစပြုတိုင်း ထိုသင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။ ပုံပြင်ကို စတင်ဆွေးနွေးသည့်အချက်မှာပင် ကလေးများ၏ တုန့်ပြန်မှုကို ရရှိနိုင်ရန် ပုံပြင်မိတ်ဆက်ရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို အကြံပြုထားသည်။
- **သင်ကြားပေးပါ။** - ပုံပြင်ထဲတွင် အဓိကသော့ချက်ကို ကျွန်ုပ်တို့ ပေးထားသည် ။ ပုံပြင်ကို ပြောသည့်အခါ ဤ လှုံ့ဆော်ပေးသော နည်းလမ်းဖြင့် သင်ကြားပေးရမည် ဆရာတစ်ယောက်သည် ပုံပြင်မှ သင်ခန်းစာများကို ကျောင်းသားများအားနားလည်စေလိုသည့် ဆန္ဒရှိနေရမည် ဖြစ်သည် ။ ပုံပြင်မှသင်ခန်းကို သင်ယူပြီးနောက် တုန့်ပြန်မှုချမှတ်ရမည်ကို ကလေးများနားလည်နိုင်ရန် ကူညီပေးရမည် ။ပုံပြင်ပြောရာတွင် အချို့သောရှင်းလင်းချက်များကိုလည်း သင့်လျော်သလို ရော၍ကြိုးစားထည့်ထားပေးပါသည် ။ ဤအရာကို အမြဲအက္ခရာစောင်းဖြင့်ဖော်ပြလေ့ရှိသည်။
- **သင်ယူစေပါ။** - ပုံပြင်တစ်ခုချင်းစီကို ချုပ်ထားသည့် အဓိကသော့ချက် တစ်ခုစီရှိသည်။ အချို့သော အခြေအနေများတွင် အဓိကသော့ချက်ကျမ်း နှစ်ခုတွေ့ရသည်။ ကလေးများသင်ယူရာတွင် ပိုမိုလွယ်ကူစေရန် အခြားအဓိကသော့ချက်ကျမ်း တစ်ခုကိုလည်း ပေါင်းထည့်ပေးထားခြင်းဖြစ်သည်။ ကလေးများသည် အဓိကသော့ချက်ကျမ်းကိုသင်ယူနိုင်ပြီး၊ သူတို့၏အသက်တာထဲတွင် ကျန်ရှိနေမည် ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ထို့ကြောင့် အဓိကသော့ချက်ကျမ်း၏ အသိပညာများကို သူတို့အသက်တာတွင် စတင်တည်ဆောက်မည်ဖြစ်သည် ။

- **အဆုံးသက်ပါ။ -** ကျောင်းတစ်ကျောင်း၏ အခြေအနေတွင် ဆရာများ တောင်းဆိုသည့် အရေအတွက်နှင့်ပြီးမြောက်အောင် လုပ်နိုင်သည့် ကလေးများ၏ အရည်အချင်းကို သင်သိထားရပေလိမ့်မည်။ အချို့သော သူများအတွက် သင်ခန်းစာပါအကြောင်းအရာကို ဆရာက ရှေ့မှ ဦးဆောင်ဖတ်ပြပြီး ကလေးများအား နောက်မှလိုက်ဖတ်စေခြင်းဖြင့် ပုံပြင်ပါဇာတ်လမ်းနှင့် အကျွမ်းဝင်စေပါ။ အခြားသောကလေးများသည် သူတို့ကိုယ်တိုင် သင်ခန်းစာများကို ဖတ်နိုင်ကြပေလိမ့်မည်။ အခြားတဖတ်တွင် တိကျသော လမ်းညွှန်မှုဖြင့် ဆက်စပ်သည့် မေးခွန်းများ မေးခြင်းသည် ကလေးများ အာရုံစူးစိုက်စေရန် အကြံဉာဏ်ကောင်းတစ်ခုဖြစ်နိုင်သည်။ အကယ်၍ သင်သည် ကျောင်းတက်ရောက်ခြင်းမရှိဘဲ Bibletime သင်ခန်းစာကို အသုံးပြုနေပါက အကူအညီရရန် အလွန်အရေးကြီးလှသည်။ သို့မှသာ ဤသင်ခန်းစာသည် ငြီးငွေ့စရာ ကောင်းသောအရာ သို့မဟုတ် စမ်းသက်မှုတစ်ခု ဖြစ်သည်ဟု မှာယွင်းစွာ မတွေးထင်မိမည်ဖြစ်သည်။ သင်ခန်းစာရှိ အရေကြီးသည့် အရာကိုသင်ယူနေစဉ်မှာပင် ချီးမွမ်းစရာ၊ ခွန်အားယူစရာ နှင့် အလွန်ဝမ်းမြောက်စရာ ဖြစ်သင့်ပါသည်။
- **သင်ခန်းစာကိုမှတ်မိသတိရစေပါ။ -** ပုံပြင်ကိုပြန်လည်စိစစ်သည့်အနေဖြင့် သင်ခန်းစာကို ကူညီပေးသည့် အမူအရာများ ၊ ပဟေဠိများ ပြုလုပ်ခြင်းသည် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့အကြံပြုထားပြီးဖြစ်သည် ။
- **ပြပါ။ -** အချို့သောအခြေအနေများတွင် သင်ထောက်ကူရုပ်ပုံများ ရရှိရန်မှာ အလွန်ခက်ခဲလှပါသည်။ သို့သော် ပုံပြင်ကို နားလည်နိုင်ရန် ကူညီပေးသည့်အရာဝတ္ထု သို့မဟုတ် ရုပ်ပုံများကို ဦးတည်ဖော်ပြခြင်းသည် မည်သည့်နေရာတွင်မဆို အလွန်အရေးကြီးလှကြောင်း တိုက်တွန်းလိုသည်။ ပုံပြင်ပြောရာတွင် ရုပ်ပုံများသည် များစွာအထောက်အကူပြုသည်။ သင်ခန်းစာတိုင်းအတွက် သင့်လျော်သည့် ရုပ်ပုံအကြောင်း အကြံပြုချက်ကို www.freebibleimages.org pictures (FBI) တွင်ဖော်ပြထားသည်။ ၎င်းတို့ကို website မှလည်းကူးယူနိုင်သည်။ သင်ခန်းစာအတွက် ရုပ်ပုံများကို ဆေးရောင်ခြယ်ရန်နှင့် အသုံးပြုနိုင်ရန်သင်ခန်းစာအတွင်း ထည့်သွင်းဖော်ပြ၍ရသောနေရာအချို့တွင် ထည့်သွင်းဖော်ပြထားသည်။

## အဓိကသော့ချက်ကျမ်းသင်ကြားခြင်း။

(၁) • ကျမ်းချက်များကို စာရွက် သို့မဟုတ် သင်ပုန်းပေါ်တွင် ဖျက်နိုင်သည့် အနေအထားဖြင့် ရေးထားရမည်။ ထို့နောက် ကျောင်းသားများကို အကြိမ်ကြိမ်ရွတ်ဆိုစေခြင်းဖြင့် စကားလုံး တစ်လုံးပြီးတစ်လုံး တစ်ခုမကျန်သည့်အထိ ဖျက်ပေးရမည်။ နောက်ဆုံးတွင် ကျောင်းသားများသည် ကျမ်းချက်ကို အလွတ်ရွတ်ဆိုနိုင်မည်ဖြစ်သည်။

(၂) အဓိကသော့ချက်ကျမ်းကို မိတ်ဆက်ပေးရန် သင်အသုံးပြုနိုင်သောနည်းမှာ

(က)ဒိုင်လူကြီးတစ်ဦးမှအဖွဲ့နှစ်ဖွဲ့ ဖွဲ့စေပါ။ အဓိကကျမ်းချက် စကားလုံးများကို ခွဲရေးပြီး ရောထားပါ။ ကျမ်းချက်ပါ စာလုံးများကို အစီအစဉ်တကျ ပြန်စီစေခြင်းဖြင့် အဖွဲ့နှစ်ဖွဲ့ကို ယှဉ်ပြိုင်စေပါ။

(ခ) ထိုနောက်မှ မိမိတို့ ပြီးဆုံးသွားခဲ့သော ကျမ်းပိုဒ်ကိုသူတပါးထက် ဦးစွာ ရွတ်ဆိုစေပါ ။

## အချိန်အသုံးပြုပုံ

- **ညွှန်ကြားချက်။** သင်ခန်းစာတစ်ခုချင်းစီအတွက် ပေးထားသည့်ဆရာ့လမ်းညွှန်ကို ကျွန်ုပ်တို့သိထားပြီးဖြစ်သည်။ သို့သော် ဆရာများသည် အချိန်နှင့်အညီ ပြောင်းလဲလိုကြပေမည်။

(၁) မိတ်ဆက်ခြင်းနှင့် ပုံပြင်ပြောခြင်း (အကြာဆုံး ၁၅ မိနစ်)

(၂) အဓိကသော့ချက်ကျမ်း သင်ကြားပေးခြင်း (၅ -၁၀ မိနစ်)

(၃) သင်ခန်းစာများကိုပြီးဆုံးစေခြင်း (၂၀ မိနစ်)

(၄) မေးခွန်းမေးခြင်းနှင့်ပါဝင်လုပ်ဆောင်ချိန် (၅-၁၀ မိနစ်)

အရေးကြီးပြောရမည့် စကားများကို သတိထားပါ။

“ကျွန်ုပ်မေ့နိုင်သည့်အတွက်    ကျွန်ုပ်ကိုပြောပါ။<br>
ကျွန်ုပ်သတိရအောင်    ကျွန်ုပ်ကိုပြပါ။<br>
ကျွန်ုပ်နားလည်နိုင်ရန်    ကျွန်ုပ်နှင့်အတူပါဝင်ပါ ။”

# **Bibletime** သင်ခန်းစာ မာတိကာ

| | အဆင့် ၀ မူကြို<br>အဆင့် (၁) အသက် ၅-၇နှစ်<br>အဆင့် (၂) အသက်၈-၁၀နှစ် | အဆင့် (၃) အသက်၁၁-၁၃ | အဆင့် (၄) အသက်၁၄နှစ် နှင့်အထက် |
|---|---|---|---|
| အစပြုသင်ခန်းစာ | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် |
| အတွဲ (က) | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ အာဗြဟံ<br>၆။ အာဗြဟံ<br>၇။ ပေတရု<br>၈။ ပေတရု<br>၉။ ယာကုပ်<br>၁၀။ ကနဦးခရစ်ယာန်များ<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ဆုတောင်းခြင်း<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း -အပြစ်နွံကျခြင်း<br>၂။ ကနဦးဖွံ့ဖြိုးခြင်း-ကမ္ဘာဦးကျမ်း<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ခရစ်ယာန်အသက်တာ<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ခ) | ၁။ ခရစ်တော်၏ကနဦးအသက်တာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ပုံဥပမာ<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ ယေရှုတွေ့ဆုံသောသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ သတင်းကောင်းရေးသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယာကုပ်နှင့်မိသားစု<br>၇။ ယောသပ်<br>၈။ တမန် ၂၄၂ ဦးဆောင်သည့်နည်းလမ်း<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ ပညာတ်တော်<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ဂ) | ၁။ ဒံယေလ<br>၂။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ယေရှုတွေ့ဆုံသောသူများ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသနှင့် ရှမွေလ<br>၆။ ဒါဝိဒ်<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ယောန<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ယေရှုနှင့်တွေ့ဆုံသူများ<br>၃။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းကာလ ဘုရားသခင်အသုံးပြုသူများ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ ယေရှု၏စကားတော်များ<br>၃။ ဘုရားသခင်၏ တန်ခိုးတော်<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းဇာတ်ကောင်များ<br>၁၂။ ခရစ္စမတ်ပုံပြင် |

<u>ခ ၁ ပုံပြင် ၁</u>

ဗိမာန်တော်၌ ယောသပ် နှင့် မာရိ - ဤပုံပြင်သည် သားတော်အတွက် ဘုရားသခင်ထံ “ကျေးဇူးတော်ချီးမွမ်းသည့်”အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**
- ဘုရားသခင်၏ ကယ်တင်ခြင်းအတွက် သူငယ်တော်ယေရှု မွေးဖွားခဲ့သည်။
- ကျွန်ုပ်တို့၏ ကယ်တင်ရှင်အဖြစ် သူ၏ တစ်ပါးတည်းသောသားတော်ကို စေလွှတ်ခဲ့သည့်အတွက် ဘုရားသခင်ကို ကျွန်ုပ်တို့ ကျေးဇူးတင်ရမည်ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၂း၃၀*
**ကျမ်းညွှန်း** *ရှင်လုကာ၊ ၂း၂၂-၃၈*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

လက်ဆောင်ရရှိဖူးသည့် အကြောင်းပြောပါ။ အဝေးသို့ ပို့ပေးရန် ထုတ်ပိုးထားသည့် လက်ဆောင်သေးသေးလေး တစ်ခု သို့မဟုတ် နှစ်ခုကို အဖြစ်နိုင်ဆုံး ပြင်ဆင်ထားပါ။ လက်ဆောင်လက်ခံရရှိသူသည် ထိုလက်ဆောင်အတွက် “ကျေးဇူးတင်သည်” ဟု ပြောရမည်မဟုတ်ပါလား။ ကလေးများ ရရှိခဲ့သည့် လက်ဆောင်အချို့ကို ပြောပြစေပါ။ သူတို့အား အမှန်တကယ်ပျော်ရွှင်စေသည့် လက်ဆောင်များအကြောင်း ပြောစေပါ။ သေးငယ်သည့် လက်ဆောင်ဖြစ်စေကာမူ မည်သည့် လက်ဆောင်အတွက်မဆို “ကျေးဇူးတင်” ကြောင်းပြောရမည်မှာ အရေးကြီးကြောင်း အလေးထား၍ပြောပြပါ။ ယနေ့ပုံပြင်တွင် ဘုရားသခင်၏ ကြီးမားသောလက်ဆောင်ဖြစ်သည့် သခင်ယေရှု အတွက် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းကြသည့် သူများအကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရမည် ဖြစ်သည်။

**သင်ကြားပေးပါ။**

- ယနေ့သည် ယောသပ် နှင့် မာရိတို့ အတွက် အလွန်ထူးမြတ်သောနေ့ တစ်နေ့ဖြစ်သည်။ သူတို့သည် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းရန်အတွက် သူငယ်တော်ယေရှုအား ယေရုရှလင်ရှိ ဗိမာန်တော်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ ***(လုကာ၊ ၂း ၂၂-၂၄)***
- သူတို့ ထိုအရပ်တွင်ရှိနေစဉ် ရှုမောင်ဟု အမည်ရှိသည့် အသက်ကြီးသူတစ်ဦး ရောက်ရှိလာသည်။ ကယ်တင်ရှင်ကို စေလွှတ်သည့် ဘုရားသခင်၏ အစီအစဉ်ကို သူသိထားသည်။ တနည်းအားဖြင့်ဆိုရလျှင် သူသည် ကယ်တင်ရှင်ယေရှုကို မမြင်မီမသေရဟူသည့် အံ့ဖွယ်ဗျာဒိတ်တော်ကို ရရှိထားသူဖြစ်သည်။ ဤထူးမြတ်သောနေ့တွင် ရှုမောင်သည် ယောသပ်၊ မာရိတို့နှင့် တွေ့ဆုံနိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အား လမ်းပြပေးခဲ့သည်။ ဤထူးခြားသည့် သူငယ်တော်သည် တစ်လောကလုံးအတွက် မည်မျှထူးခြားအောင် ပြုလုပ်ပေးလိမ့်မည်ကို ရှုမောင်သိထားသည်။ ယေရှုသည် မည်မျှမွန်မြတ်သည့် လက်ဆောင်ဖြစ်ကြောင်းကိုလည်း သူသိထားသည်။ *ရှုမောင်၏ ခံစားချက်များသည် ပွင့်ထွက်လာပြီး သူငယ်တော်အားလက်နှင့်ချီပိုက်၍ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခဲ့သည်။* ***(လုကာ၊ ၂း ၂၅-၃၅)***
- အန္နဟုခေါ်သည့် အမျိုးသမီးကြီးတစ်ဦးသည်လည်း သူငယ်တော်ယေရှုနှင့်အတူရှိသည့် ယောသပ်နှင့်မာရိကို တွေ့ရှိခဲ့သည်။ သူမသည်လည်း သူငယ်တော်အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခဲ့သည်။ ထို့နောက် သူမနှင့် တွေ့ဆုံသည့်သူတိုင်းထံ သူငယ်တော်ယေရှု၏ အကြောင်းကို ပြောလေသည်။ ***(လုကာ၊ ၂း ၃၆-၃၈)*** *ကျွန်ုပ်တို့သည် အန္နကဲ့သို့ပင် ယေရှု၏သတင်းကောင်းအကြောင်းကို သူတစ်ပါးထံ ပြောပြလိုသောသူများ ဖြစ်ရမည် ဖြစ်သည်။*
  *ဗိမာန်တော်၌ လူမည်မျှသည် ဘုရားသခင်ထံ “ကျေးဇူးတော်ချီးမွမ်း” ခဲ့ကြသနည်း။ လူလေးယောက်ဖြစ်ကြောင်း ကျွန်ုပ်တို့သိသည်။ (သူတို့၏အမည်များကို ပြန်ခေါ်၍ပြောပြပါ။) သို့သော် ပိုများသည် လူဦးရေလည်းဖြစ်နိုင်သည်။ သခင်ယေရှုအတွက် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းရမည်မှာ ကျွန်ုပ်တို့အတွက်လည်း အလွန်အရေးကြီးလှသည့် အရာဖြစ်သည်။ ရှုမောင်၏အသက်တာတွင် သခင်ယေရှုမွေးဖွားလာမည့်နေ့ကို အမြဲစောင့်မျှော်နေခဲ့သည်။ သခင်ယေရှု၏ မွေးဖွားခြင်းကို ကျွန်ုပ်တို့ ပြန်လည်စဉ်းစားပြီး ကျေးဇူးတော်ချီးမွမ်းရမည် ဖြစ်သည်။ လက်ဝါးကပ်တိုင်ပေါ်တွင် ကျွန်ုပ်တို့အပြစ်အတွက် အသေခံခြင်းဖြင့် ကျွန်ုပ်တို့၏ကယ်တင်ရှင် ဖြစ်လာခဲ့သည့်အရာ အတွက်လည်း ကျေးဇူးတော်ချီးမွမ်းရမည် ဖြစ်သည်။ အံ့ဖွယ်ဘုရားသခင့်လက်ဆောင်၏ ထိုက်တန်ခြင်းကို ကလေးများ သိနားလည်ရန် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကောင်းကြီးမင်္ဂလာများနှင့် နှိုင်းယှဉ်ပြောပြီး အားပေးပါ။ ကျွန်ုပ်တို့အတွက် သူလုပ်ဆောင်ပေးခဲ့သည့် အရာများအတွက် နှင့်သခင်ယေရှုအတွက် ကလေးတစ်ဦးချင်းစီ၏ အသက်တာတွင် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းတက်ရန် တစ်ဦးချင်းစီကို တိုက်တွန်းနှိုးဆော်ပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI ရှုမောင် နှင့် အန္န သူငယ်တော်ယေရှုနှင့် တွေ့ဆုံသည်။**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***လုကာ၊ ၂း ၃၀-၃၂***
ဤစကားလုံးများသည် ဘုရားသခင်ထံ “ကျေးဇူးတော်ချီးမွမ်းသည့်” ရှုမောင်၏ ဆုတောင်းဖြစ်သည်။ ကယ်တင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏အပြစ်များကို သခင်ယေရှု ယူဆောင်သွားပြီးချိန်တွင် ကျွန်ုပ်တို့ထံ သူပေးသည့် အရာဖြစ်သည်။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လှန်သောအားဖြင့် အောက်ပါမေးခွန်းများကို ကလေးများထံ မေးပါ။
- ဗိမာန်တော်သည် မည်သည့်နေရာတွင် ရှိသနည်း။
- ယေရှုနှင့်အတူ ယောသပ်နှင့်မာရိတို့သည် ထိုနေရာတွင် ရှိနေရခြင်းမှာ အဘယ်ကြောင့်နည်း။
- သူတို့ထံ ရောက်လာသည့် အသက်ကြီးသူတစ်ဦးမှာ မည်သူနည်း။
- ရှုမောင် ရရှိထားသည့် ဗျာဒိတ်တော်မှာ အဘယ်နည်း။
- ယေရှုအတွက် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းသည့် အမျိုးသမီးကြီးမှာ မည်သူနည်း။
- အန္နသည် မိမိမျက်စိနှင့် သူငယ်တော်ယေရှုကို မြင်တွေ့ရပြီးနောက်တွင် မည်သည့်အရာ လုပ်ဆောင်ခဲ့ပါသနည်း။
- ကျွန်ုပ်တို့သည် ရှုမောင် နှင့် အန္နတို့၏ အသက်တာမှ မည်သည့်အရာကို သင်ယူနိုင်သနည်း။
- ရှုမောင် နှင့် အန္နတို့၏ အကြောင်းကို သမ္မာကျမ်းစာထဲမှ မည်သည့်ကျမ်းတွင် တွေ့နိုင်သနည်း။

# ခ ၁ ပုံပြင် ၂

နာဇရက်၌ ကြီးပြင်လာခြင်း - ဤပုံပြင်သည် လူငယ်လေးတစ်ဦးအဖြစ် ကြီးထွားလာသည့် ယေရှုအကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- လူငယ်လေးတစ်ဦးအဖြင့်၊ သူသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကို ပြသခဲ့သည်။
- ယေရှု၏ နာခံခြင်းပုံဥပမာကို ကျွန်ုပ်တို့ လိုက်လျှောက်ရန် အလွန်အရေးကြီးသည်။

**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၂း၄၀*
**ကျမ်းညွှန်း** *ရှင်လုကာ၊၂း ၃၉-၅၂*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ပျောက်ဆုံးဘူးသည့်အကြောင်း၊ သို့မဟုတ် မိဘများနှင့်အဖွဲ့ကွဲ၍ လမ်းပျောက်ရသည့် အကြောင်း၊ မည်သည့်နေရာတွင် မည်သို့ ဖြစ်ပျက်ခဲ့သည့်အကြောင်းကို ပြောပါ။ မိဘများ မည်သို့ စိတ်ပူရသည့်အကြောင်းကို အလေးပေး ဆွေးနွေးပါ။
*သို့မဟုတ်*
အကယ်၍ စပ်ဆက်မှုရှိပါက အိမ်မှအဝေးသို့ ခရီးထွက်သည့် အတွေ့အကြုံအကြောင်းကို ပြောပြပါ။ စိတ်ဝင်စားစရာ အရာအားလုံးပါအောင် ပြောပြပါ။ ယနေ့ပုံပြင်တွင် ယောသပ် နှင့် မာရိတို့သည် ထူးခြားသည့်အစီအစဉ်အတွက် သူငယ်တော်ယေရှုအား အိမ်မှ အဝေးတစ်နေရာသို့ ခေါ်ဆောင်သွားသည့်အကြောင်း ဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။

**သင်ကြားပေးပါ။**

- ယေရှုသည် သူ၏မိဘများနှင့်အတူ ပသခါပွဲကျင်းပရန်အတွက် ယေရှုရှလင်တွင် ရောက်ရှိနေသည်။ *(ကလေးကြီးများအတွက်မူ ကျမ်းစာဗဟုသုတရရန် ဤအရာသည် မည်သည့်အရာကို ရည်ညွှန်းကြောင်း ပြောပြပါ။) ခရီးအကွာအဝေးကို ကလေးများနားလည်နိုင်ရန် ကူညီပေးပါ။ (ယေရှုရှလင် မှ နာဇရက်သို့ မိုင်၇၀ ကွာဝေးသည်။) ဒေသအကွာအဝေးနှင့်နှိုင်းယှဉ်ပြပြီး၊ သူတို့သည် ခြေလျှင်နှင့် မည်သို့ ခရီးသွားခဲ့ကြရသည်ကို ရှင်းပြပါ။ သူငယ်ချင်းများ၊ လူအများ နှင့်အတူ ခရီးသွားရခြင်း၊ အဆောက်အအုံအသစ်အဆန်းများ မြင်တွေ့ရခြင်း၊ ဗိမာန်တော်တွင် သူ၏ခမည်းတော် အကြောင်း ပြောနေသည့်ဆရာသမားများနှင့် တွေ့ဆုံဆွေးနွေးရခြင်းသည် အသက်၁၂နှစ်အရွယ်သာ ရှိသေးသည့် ယေရှုအတွက် မည်မျှစိတ်လှုပ်ရှားနေမည်ဖြစ်ကြောင်း ဆွေးနွေးပြောပြပါ။* ***(လုကာ၊ ၂း ၄၂)***
- ယေရှုသည် လူအုပ်ကြီးနှင့်အတူ မပါလာသည်ကို အိမ်အပြန်လမ်းခရီး တစ်ရက်အကြာတွင်  ယောသပ် နှင့် မာရိတို့ သတိထားမိခဲ့ကြသည်။ သူတို့၏ ခံစားချက်ကို တွေးတောကြည့်ပါ။ *လူအုပ်ကြီးအကြားတွင် ယေရှုအား သူတို့ မည်သို့ ရှာဖွေကြမည်ကို စဉ်းစားကြည့်ပါ။ ထို့နောက် သူတို့သည် ယေရှုရှလင်သို့ ပြန်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။* ***(လုကာ၊ ၂း ၄၃-၄၅)***
- သုံးရက်ကြာပြီးနောက်တွင် ဗိမာန်တော်ရှိ ဆရာများအကြားတွင် ထိုင်နေသည့် ယေရှုကို မိဘတို့ တွေ့ရှိခဲ့ကြသည်။ *မိဘတို့၏ စိတ်သက်သာရာရရှိခြင်းကို ဆွေးနွေးပြီး၊ နိဒါန်းနှင့် ပြန်လည်နှိုင်းယှဉ်ပါ။* ယေရှု၏ မေးခွန်းများ နှင့် နားထောင်ခြင်းများကြောင့် သူ၏ဘုရားသခင်အကြောင်း သိခြင်းအရာအပေါ် ကျမ်းတက်ဆရာသမားများက  အလွန်အံ့သြကြသည်။ ယောသပ် နှင့် မာရိတို့လည်း အံ့သြခဲ့ကြသည်။ *မာရိ နှင့် ယေရှုအကြား တော်စပ်မှု၊ အပြန်အလှန် စကားပြောဆိုခြင်းအကြောင်း နှင့် ယခုအချိန်တွင် သူသည် လူငယ်လေးတစ်ဦး အနေဖြင့်  ဘုရားသခင်၏အိမ်တော်တွင် (ဗိမာန်တော်) သူ့ခမည်းတော်၏ အလုပ်ကို သူလုပ်ဆောင်နေကြောင်း ရှင်းပြပါ။* ယေရှုပြောသည့် စကားများသည် ယောသပ်နှင့်မာရိတို့ အတွက် နားလည်ရန်ခက်ခဲခဲ့သည်။ ***(လုကာ၊ ၂း ၄၆-၅၀)***
- ထို့နောက် ယေရှုသည် ယောသပ်၊ မာရိတို့နှင့်အတူ နာဇရက်မြို့သို့ ပြန်သွားခဲ့သည်။ ယေရှုသည် အရာရာတွင် မိဘတို့၏စကားကို နားထောင်ခဲ့သည်။ သူ၏ခမည်းတော် ဘုရားသခင်ကိုလည်း စိတ်ကျေနပ်စေခဲ့သည်။ *ကျွန်ုပ်တို့သည် မိဘများ၏ စကားကို နားထောင်သင့်ကြောင်း သမ္မာကျမ်းစာထဲတွင် သွန်သင်ထားသည်။* ***(ဧဖက်၊ ၆း၁)*** *ကျွန်ုပ်တို့သည် သမ္မာကျမ်းမှ သွန်သင်သည့်အတိုင်း နာခံလိုက်လျှောက်လျှင် သခင်ယေရှု၏ ပုံဥပမာတော်အတိုင်း ခြေတော်ရာသို့ လိုက်လျှောက်သောသူများ ဖြစ်ကြမည်ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ယေရှုရှလင်၌ အသက် ၁၂နှစ် အရွယ် ယေရှု။**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏ အရေးပါမှုကို ရှင်းပြပြီး၊ သင်ပေးပါ။ ***(လုကာ၊ ၂း၄၀)***
ထိုအချက်သည် သခင်ယေရှုအား ထူးခြားသည့် နည်းလမ်းဖြင့် ကြီးထွားစေခဲ့သည့် အကြောင်းဖြစ်ကြောင်း ရှင်းပြပါ။
ကျွန်ုပ်တို့သည်လည်း သခင်ယေရှုနည်းတူ နာခံခြင်းဖြင့်  ကြီးထွားနိုင်ပါသည်။  ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ကိုချစ်ပြီး၊ သူ၏အစေကိုခံလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့တွင် အစဉ်အတိုင်းကြီးထွားရန် ဘုရားသခင်အလိုတော်ရှိသည်။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ဤမေးခွန်းတိုများကို အသုံးပြု၍ မှား / မှန် ဖြေဆိုပါ။

- ပသခါပွဲကို ယေရှုရှလင်၌ ကျင်းပခဲ့သည်။
- ဤပုံပြင်ထဲတွင် ယေရှုသည် အသက် ၁၀နှစ်သား ဖြစ်သည်။
- တစ်ရက်ကြာပြီးနောက်တွင် ယေသပ် နှင့်မာရိသည် ယေရှုကို တွေ့ရှိခဲ့သည်။
- ယေရှုသည် သူ၏ဆွေမျိုးအိမ်တွင် ရှိနေခဲ့သည်။
- မိဘတို့သည် စိုးရိမ်နေကြောင်းကို မာရိသည် ယေရှုထံပြောပြခဲ့သည်။
- ယေရှုသည် သူ့ခမည်းတော်၏အလုပ်ကို လုပ်ဆောင်နေသည်။
- ထာဝရဘုရားသည် ယေရှု၏ ခမည်းတော် ဖြစ်သည်။
- ယေရှုသည် နာဇရက်သို့ ပြန်လာခဲ့ပြီး ယောသပ်နှင့်မာရိတို့၏ စကားကို နာခံခဲ့သည်။

## <u>ခ ၁ ပုံပြင် ၃</u>

ယော်ဒန်မြစ်၌ ဗတ္တိဇံခံယူခြင်း - ဤပုံပြင်သည် ယောဟန်ထံတွင် ယေရှုဗတ္တိဇံခံယူသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယေရှု၏အသက်တာသည် အပြစ်နှင့်ကင်းစင်ပြီး၊ အမြဲတမ်းခမည်းတော်၏ အလိုတော်ကို ဆောင်ခဲ့သည်။
- ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြပြီး၊ ကျွန်ုပ်တို့၏ အပြစ်များအတွက် နောင်တရရန် လိုအပ်သည်။

**အဓိကသော့ချက်ကျမ်း** *လုကာ၊ ၃း ၂၂*
**ကျမ်းညွှန်း** *လုကာ၊ ၃း ၁-၂၂*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

လူအများကို စုဝေးစေနိုင်သည့် လူများအကြောင်း ပြောပါ။ ဥပမာ တော်ဝင်ဧည့်သည်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ ဈေးတွင် ကောင်းသောအရာ တစ်ခုခု ရောင်းသောသူ၊ လမ်းပေါ်ဖျော်ဖြေတင်ဆက်သူ စသည်ဖြင့် ဖြစ်သည်။ ဖြစ်ပျက်နေသော အကြောင်းအရာကို လူတိုင်းက တွေ့မြင်လိုကြသည်။ သို့မဟုတ် မည်သည့်အရာပြောသည်ကို သိလိုကြသည်။ ယောဟန်သည် ယော်ဒန်မြစ်နားတွင် တရားစတင်ဟောသောအချိန်တွင် ထိုကဲ့သို့ပင် လူအုပ်ကြီးသည် စုရုံးရောက်လာကြသည်။ လူအုပ်ကြီးသည် တော၌ဟစ်အော်နေသောသူကို မြင်လိုကြသည်။ ထိုသူ၏အသံကို ကြားလိုကြသည်။ ***(မသဲ၊ ၃း ၄)***

**သင်ကြားပေးပါ။**

- ယောဟန်သည် ပရောဖက်တစ်ဦးဖြစ်သည်။ ဤအဓိပ္ပာယ်မှာ ယောဟန်သည် ဘုရားသခင်ထံမှ အရေးကြီးသည့် သတင်းစကားကို လက်ခံရရှိထားသူဖြစ်သည်။ လူသားတို့သည် အပြစ်သားများဖြစ်ကြပြီး၊ သူတို့၏မှားယွင်းသည့် အပြုအမူများကို နောင်တရသင့်ကြောင်း နှင့် ရပ်တန့်သင့်ကြောင်းကို ယောဟန် ဟောပြောခဲ့သည်။ ထို့နောက် သူတို့သည် နောင်တရကြပြီး ယော်ဒန်မြစ်၌ ဗတ္တိဇံ ခံယူခဲ့ကြသည်။ သူတို့၏ အသက်တာကိုသူတို့ အမှန်တကယ် ပြောင်းလဲလိုခဲ့ကြောင်း ဤအရာအားဖြင့် သက်သေပြခဲ့ကြသည်။ ***(လုကာ၊ ၃း ၂၊ ၃၊ ၇)*** *ခရစ်ယာန်များ ဗတ္တိဇံခံယူသည့်အကြောင်းကို ကလေးများမြင်ဖူးကြလျှင် သူတို့၏အတွေ့အကြုံ နှင့် ဤအကြောင်းအရာကို နှိုင်းယှဉ်ပြောပြပါ။ ကျွန်ုပ်တို့ပြုလုပ်ခဲ့သည့် မှားယွင်းသည့်အပြုအမူများအတွက် ကျွန်ုပ်တို့အားလုံး နောင်တရရန် လိုအပ်ကြောင်းကို ရှင်းပြပါ။*
- ယောဟန်သည် မည်သူမည်ဝါဖြစ်ကြောင်းကို လူတို့သည် ကောင်းစွာမသိကြပေ။ ဘုရားသခင်စေလွှတ်မည်ဟု ကတိပေးထားသည့်သူ ဖြစ်နိုင်ပါသလား။ သူထက်တန်ခိုးကြီးသောသူသည် သူနောက်တွင် ကြွလာလိမ့်မည်ဖြစ်ကြောင်း ယောဟန် ရှင်းပြခဲ့သည်။ ***(လုကာ၊ ၃း ၁၅၊ ၁၆)*** *မည်သူဖြစ်လိမ့်မည်နည်း။*
- ထို့နောက် တစ်နေ့သောအခါတွင် ယေရှုသည် လူအချို့နှင့်အတူ ယောဟန်ထံသို့ ရောက်ရှိလာပြီး ဗတ္တိဇံခံယူခဲ့သည်။ ယေရှုသည် ဗတ္တိဇံမခံမီ လုပ်ဆောင်ရန် မလိုအပ်သည့်အရာမှာ အဘယ်နည်း။ *ယေရှုသည် အခြားသောသူများ (ကျွန်ုပ်တို့)နှင့် ထူးခြားသည့်အချက်မှာ အဘယ်အရာဖြစ်ကြောင်း ဆွေးနွေးပါ။ သူသည် အပြစ်ကင်းစင်ပြီး နောင်တရရန် မလိုအပ်ပေ။ သို့သော်* ယေရှုသည် ကျွန်ုပ်တို့ကဲ့သို့ လူသားဖြစ်ကြောင်းကို ဖော်ပြလိုပြီး၊ ဘုရားသခင်၏ အမိန့်တော်ကိုလည်း နာခံလုပ်ဆောင်လိုခြင်း ဖြစ်သည်။ ယေရှု ဗတ္တိဇံခံယူပြီးနောက်တွင် ထူးခြားသည့်အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့သည်။ ခမည်းတော်ဘုရားသခင်သည် ကောင်းကင်မှ အသံတော်အားဖြင့် “ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေးတည်ဟု ”မိန့်မြွက်တော်မူပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်အသွင်ဖြင့် ယေရှုအပေါ်သို့ ဆင်းသက်ခဲ့သည်။ ***(လုကာ၊ ၃း ၂၁၊၂၂)*** သခင်ယေရှုသည် *ခမည်းတော်ဘုရားသခင်၏ နှစ်သက်မြတ်နိုးသောသူဖြစ်ရခြင်းမှ အဘယ်ကြောင့်နည်း။*
- *ကျွန်ုပ်တို့သည် ယေရှုလုပ်ဆောင်သည့်နည်းတူ လုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်နှစ်သက်သောသူ မဖြစ်နိုင်ပေ။ သို့သော် ကျွန်ုပ်တို့၏အပြစ်များမှ ကျွန်ုပ်တို့ အမှန်တကယ်နောင်တရပြီး၊ ဘုရားသခင်အတွက် အသက်ရှင်ရန် ရွေးချယ်သည့်အခါ ကျွန်ုပ်တို့သည် ဘုရားသခင် နှစ်သက်သောသူများ ဖြစ်နိုင်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI ယောဟန်သည် ယေရှုအား ဗတ္တိဇံပေးသည်။**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***လုကာ၊ ၃း ၂၂*** ကို ရှင်းပြပြီး သင်ကြားပေးပါ။ ပုံပြင်၏ စကားစပ်ကို ကလေးများ နားလည်း သိနိုင်ရန် ရိုးရှင်းသည့် မေးခွန်းများဖြင့် ဆန်းစစ်ပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လှန်သည့်အနေဖြင့် အောက်ပါမေးခွန်းများကို ကလေးများထံမေးပါ။

- ယောဟန်သည် မည်သည့်နေရာတွင် တရားဟောနေသနည်း။
- ယောဟန်ဟောပြောသည့် သတင်းစကားသည် မည်သူထံမှ လက်ခံရရှိထားသည့်အရာ ဖြစ်သနည်း။
- ယောဟန်သည် လူများထံ “နောင်တ” တရားကို ဟောပြောခဲ့သည်။ နောင်တဆိုသည်မှာ အဘယ်နည်း။
- လူများနောင်တရပြီးချိန်တွင် ယောဟန်သည် သူတို့အား မည်သည့်အရာလုပ်ဆောင်ပေးသနည်း။
- သူနောက်ကြွလာမည့်သူသည် မည်သို့သောသူဖြစ်ကြောင်း ယောဟန် ဟောပြောခဲ့သနည်း။
- ယေရှုသည် ယောဟန်အား မည်သည့်အရာ လုပ်ဆောင်စေလိုခဲ့သနည်း။
- ယေရှု၏ဗတ္တိဇံခံယူခြင်းသည် အခြားသောသူများနှင့် မည်သို့ ခြားနားသနည်း။
- ကျွန်ုပ်တို့သည် မည်သည့်နည်းလမ်းအားဖြင့် ဘုရားသခင်စိတ်တော်နှင့် တွေ့သောသူများ (မြတ်နိုးသောသူ) ဖြစ်နိုင်သနည်း။

<u>ခ ၁ ပုံပြင် ၄</u>

တော၌ စုံစမ်းသွေးဆောင် ခံရခြင်း။ - ဤပုံပြင်သည် မှားယွင်းသော အရာကို “ငြင်းပယ်သည့်” အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယေရှုသည် အပြစ်လုံးဝ မပြုလုပ်ပေ။
- ကျွန်ုပ်တို့စုံစမ်းနှောက်ယှက်ခြင်း ခံရသည့်အချိန်တွင် ယေရှုသည် ကျွန်ုပ်တို့အားကူညီပေးနိုင်သည်။

**အဓိကသော့ချက်ကျမ်း** *လုကာ၊ ၄း ၈*
**ကျမ်းညွှန်း** *လုကာ၊ ၄း ၁-၁၃*

## သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ကလေးများသည် သူတို့၏အခြေအနေနှင့်အလိုက် မည်သို့စုံစမ်းနှောက်ယှက်ခြင်း ခံစားရနိုင်ကြောင်းကို ဥပမာပေး၍ ရှင်းပြပါ။ (အဆင့် ၂ သင်ခန်းစား၏အစတွင် ပါသည့်ဥပမာကို ကြည့်ပါ။) လက်တွေ့တွင် စုံစမ်းနှောက်ယှက်ခြင်းကို မည်သို့ ရှောင်ရှားသင့်ကြောင်း ကလေးများကို ပြောပြပါ။ ယနေ့ပုံပြင်တွင် သခင်ယေရှုသည် စုံစမ်းနှောက်ယှက်ခြင်းနှင့် ကြုံတွေ့ခဲ့သည့်အခါတွင် မည်သို့ပြုလုပ်ခဲ့ကြောင်းကို ကျွန်ုပ်တို့ သင်ယူသွားမည်ဖြစ်သည်။

## သင်ကြားပေးပါ။

- သခင်ယေရှု ဗတ္တိဇံခံယူပြီးနောက်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် သူအား တောအရပ်သို့ ပို့ဆောင်တော်မူခဲ့သည်။ *တောကန္တာရတွင် ရက်၄၀နေရခြင်းသည် ပူမည်၊ ခြောက်သွေ့မည်၊ လွမ်းမောစရာအလွန်ကောင်းမည်၊ စသည်ဖြင့် မည်သို့ဖြစ်မည်ကို ဆွေးနွေးပါ။ ရက်ပေါင်း၄၀သည် မည်မျှကြာရှည်ကြောင်း ကလေးများတန်ဖိုးထားနားလည်နိုင်ရန် ကူညီပေးနိုင်သည့် အဓိပ္ပာယ်ပြည့်စုံအောင် နှိုင်းယှဉ်နိုင်သော စကားလုံးကိုရှာ၍ ပြောပြပါ။* ***(လုကာ၊ ၄း၁)***
- ယေရှုသည် ရက်ပေါင်း၄၀လုံးလုံး အစားအသောက်ကို မစားသောက်ခဲ့ပေ။ သူသည်အလွန်ဆာလောင်နေခဲ့သည်။ အခြားအရာများထက် သူသည် အစားအစာကို ပို၍လိုအပ်နေသည်။ *ယေရှုအား စာတန်တိုက်တွန်းသည့်စကားကို ကိုးကားဖော်ပြပါ။* ထိုအခြေအနေတွင် စာတန်၏စကားအတိုင်း မုန့်ဖြစ်အောင်လုပ်ဆောင်လိုက်ခြင်းသည် မည်မျှလွယ်ကူမည်နည်း။ သို့သော် စာတန်၏ သွေးဆောင်ခြင်းသည် မှားယွင်းကြောင်း ယေရှုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း ပြန်ပြောခဲ့သည်။ ***(လုကာ၊၄း ၃-၄)***
- စာတန်သည် ယေရှုထံသို့ တဖန်လာပြန်ပြီး လောကီနိုင်ငံအရပ်ရပ်ကို မြင်နိုင်သော အလွန်မြင့်လှသည့်တောင်ပေါ်သို့ ယေရှုအား ခေါ်ဆောင်သွားခဲ့သည်။ စာတန်ကလည်း အကယ်၍ယေရှုသည် သူ့အားဝတ်ပြုလျှင် ထိုမြင်နိုင်သည့် လောကီနိုင်ငံများကို ယေရှုအား ပေးမည်ဟု ပြောခဲ့သည်။ ယေရှုကလည်း “သင်၏ဘုရားသခင်ထာဝရဘုရားတပါးတည်းကိုသာ ဝတ်ပြုရမည်” ဟု ပြန်ပြောခဲ့သည်။ ဒုတိယအကြိမ်တွင်လည်း စာတန်၏အကြံညှဏ်သည် မည်မျှမှားယွင်းကြောင်းကိုယေရှုသည် ကျမ်းစာထဲမှ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသုံးပြုခြင်းဖြင့် ပြန်ပြောခဲ့သည်။ ***(လုကာ၊ ၄း ၅-၈)***
- နောက်ဆုံးတွင် စာတန်သည် ယေရှုအား ယေရုရှလင်ရှိ ဗိမာန်တော်၏အထွဋ်သို့ ခေါ်ဆောင်သွားခဲ့သည်။ ယေရှုအား ဘုရားသခင်၏ သားတော်မှန်လျှင် ဤဗိမာန်တော်၏အထွဋ်မှ အောက်သို့ ခုန်ချလိုက်ပါ ထိခိုက်လိမ့်မည်မဟုတ်ဟု တိုက်တွန်းခဲ့သည်။ သခင်ယေရှုသည် သူ၏ တန်ခိုးတော်ကို ထုတ်သုံးရန် စာတန်စုံစမ်းနှောက်ယှက်ခဲ့သည်။ သို့သော် စာတန်၏စကားများသည် အလွန်မှားယွင်းနေကြောင်းကို ယေရှုသိသဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသုံးပြု၍ ပြန်ပြောကြားခဲ့သည်။ ဤနေရာတွင် စာတန်းသည် ယေရှုအား တစ်ယောက်တည်းထားရစ်ပြီး ထွက်သွားခဲ့သည်။ ***(လုကာ၊ ၄း ၉-၁၃)*** *စာတန်သည် အဘယ်ကြောင့် ထွက်ခွါသွားခြင်းဖြစ်သနည်း။ သင်မည်သို့ထင်ပါသနည်း။ စာတန်၏စုံစမ်းခြင်း အောင်မြင်ခဲ့ပါသလား။ ယေရှုသည် စုံစမ်းနှောက်ယှက်ခြင်းကို မည်သို့အနိုင်ယူခဲ့ပါသနည်း။*
- *ယေရှုသည် လုံးဝအပြစ်မပြုလုပ်ကြောင်းကို ရည်ညွှန်းဖော်ပြသောအားဖြင့်သင်ခန်းစာကိုအဆုံးသတ်ပါ။ ယေရှုသည် စတန်ထက်သာ၍ ကြီးမြတ်သည်။ ယေရှုသည် ခမည်းတော်ဘုရားသခင်၏ စကားတော်ကို နာခံကြောင်း နှုတ်ကပတ်တော်ကို အသုံးပြုခြင်းဖြင့် စာတန်အား သက်သေပြခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ယေရှု၌ရှိလျှင် မှားယွင်းသည့်အရာများကို “ငြင်းဆို” နိုင်ရန် သူသည် ကျွန်ုပ်တို့အား ကူညီပေးသွားလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုကဲ့သို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသိလျှင် မှန်ကန်သည့်အရာများ လုပ်ဆောင်ရာတွင် ခွန်အားဖြစ်စေရန် နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI ယေရှုသည် ဂန္တာရတောတွင် စုံစမ်းသွေးဆောင်းခြင်းခံရသည်။**

## သင်ယူစေပါ

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***လုကာ၊ ၄း ၈*** ကိုရှင်းပြပြီး သင်ကြားပေးပါ။
ဤအခန်းငယ်၏ စကားစပ်ကို ကလေးများမှတ်မိစေရန် စစ်ဆေးပါ။ မည်သူ စကားပြောနေသနည်း။ မည်သူ့ထံတွင် စကားပြောနေခြင်းဖြစ်သနည်း။ ဤအချက်အလက် စကားလုံးများကို ယေရှု အသုံးပြုရခြင်းမှာ အဘယ်ကြောင့်နည်း။

## သင်ခန်းစာကို မှတ်မိသတိရစေပါ။

မေးခွန်းတိုများ မေးမည့်အစား “စဉ်းစားရသည့်ညှဏ်စမ်း” ကို အသုံးပြုနိုင်သည်။ (ခ. ၁)ရှိ သင်ခန်းစားအားလုံးကို ကလေးများ သင်ယူခဲ့ပြီး ဖြစ်သည်။ ထိုသင်ခန်းစာများမှ စကားလုံးများ သို့မဟုတ် စကားစုများကို ဆရာ/မသည် စက္ကူကဒ်ပေါ်တွင် ရေးချနိုင်သည်။ ကလေးများကို အဖွဲ့ငယ်လေးများခွဲ၍ ဆွေးနွေးလုပ်ဆောင်စေပြီး၊ အချက်အလက်များကို ဆရာထံပြန်လည်အပ်နှံစေပါ။

<u>ခ ၂ ပုံပြင် ၁</u>

ယေရှုသည် ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲပေးခဲ့သည်။ - ဤပုံပြင်သည် မင်္ဂလာဆောင်ပွဲ၌ ရှိသည့် ယေရှု အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသောကြောင့် ဤပထမဦးဆုံး နိမိတ်လက္ခဏာကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။
- ပုံပြင်ထဲတွင်ပါဝင်သည့် အစေခံများကဲ့သို့ ကျွန်ုပ်တို့သည် သူ၏စကားတော်ကို နာခံရမည်ဖြစ်သည်။

| | |
|---|---|
| **အဓိကသော့ချက်ကျမ်း** | ***ယောဟန်၊ ၂း ၅*** |
| **ကျမ်းညွှန်း** | ***ယောဟန်၊ ၂း ၁-၁၁*** |

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

သင်တို့၏ ယဉ်ကျေးမှုထုံးထမ်းစဉ်လာအရ မင်္ဂလာဆောင်ပွဲတွင် ဖြစ်ပျက်လေ့ရှိသည့်အရာများအကြောင်း ပြောပြပါ။ ကလေးများ၏ အတွေ့အကြုံများကို ဝေငှစေပါ။ အကယ်၍ဖြစ်နိုင်လျှင် ဓာတ်ပုံအချို့ကို ပြင်ဆင်ထားပါ။ မင်္ဂလာဆောင်ပွဲတွင် အစီအစဉ်အတိုင်းမဖြစ်ခဲ့သည့် အရာများမှ အချို့မှာ အဘယ်နည်း။ ဥပမာအဖြစ် တစ်ခု သို့မဟုတ် နှစ်ခုကို ဖေါ်ပြပါ။ ယနေ့ပုံပြင်ထဲတွင် မယ်တော်၊ သခင်ယေရှု နှင့် တပည့်တော်တို့သည် ကာနမြို့ရှိမင်္ဂလာဆောင်ပွဲတွင် ဧည့်သည်တော်များအဖြစ် ရောက်ရှိနေကြသည်။ ***(ယောဟန်၊ ၂း ၁-၂)*** မည်သည့်အရာ ဖြစ်ပျက်ကြသည်ကို ဆက်လက်ရှာဖွေကြပါစို့။

### သင်ကြားပေးပါ။

- *အခြေအနေကို ဆွေးနွေးပါ။ ပျော်ရွှင်နေသည့် သတို့သား နှင့် သတို့သမီး၊ ရယ်မောလျက် စကားပြောဆိုနေကြသည့် ဧည့်သည်များ၊ နှစ်သက်ဖွယ်ကောင်းသည့် အစားအစာ နှင့် သောက်ဖွယ်ရာများ၊ မင်္ဂလာဆောင်ပွဲတွင် လူတိုင်းပျော်ရွှင်နေကြသည်။* သို့သော် တစ်ခုခု မှားယွင်းနေကြောင်း မာရိ ရိပ်မိလိုက်သည်။ စပျစ်ရည် မရှိတော့ပေ။ *သတို့သား နှင့် သတို့သမီးမည်သို့ ခံစားကြမည်နည်း။* မာရိသည် မည်သည့်အရာလုပ်သင့်ကြောင်း ကောင်းစွာသိထားသည်။ သူမသည် *ယေရှုထံသို့ တိုက်ရိုက်ပြောလိုက်သည်။* ယေရှုသည် မည်သည့် ပြဿနာမဆို အကောင်းဆုံး ဖြေရှင်းပေးနိုင်သောသူဖြစ်ကြောင်းကို ရှင်းပြပါ။ ကျွန်ုပ်တို့ သူထံ ဆုတောင်းနိုင်ပါသည်။ ထို့နောက် သူမသည် အစေခံများထံသို့ လှည့်၍ "သူပြောသည့်အတိုင်း လုပ်ဆောင်ကြ" ဟု ပြောခဲ့သည်။ ယေရှု ကူညီပေးနိုင်ကြောင်း မာရိကောင်းစွာ သိထားသည်။ မာရိသည် ယေရှုအား လုံးဝကိုးစားယုံကြည်သည်။ ***(ယောဟန်၊ ၂း ၃-၄)***
- *ဆေးကြောခြင်းကို ပြုရာတွင် ရေထည့်သည့် ကျောက်စည်အိုးလွတ် ခြောက်လုံး အနီးအနားတွင် ရှိကြောင်းကို ရှင်းပြပါ။ ယေရှုသည် အစေခံတို့အား ထိုကျောက်စည်အိုလွတ်ထဲများသို့ ရေကို အပြည့်ဖြည့်စေခဲ့သည်။* ပြီးနောက် ထိုရေကိုခတ်၍ ပွဲအုပ်လက်သို့ အပ်စေသည်။ ဤသို့ မိန့်ဆိုခြင်းသည်  လုပ်ဆောင်ရန် အလွန်ထူးဆန်းသည့် အချက်ဖြစ်ကြောင်း ပြောပြပါ။ မှန်ပါသည် ဤအရာသည် အမှန်တကယ် ရေပင်ဖြစ်ပါသည်။ သို့သော် သူတို့သည် နာခံခဲ့ပြီး၊ အံ့ဩဖွယ်ရာကို သူတို့မြင်တွေ့ခဲ့ရသည်။ သူတို့ထည့်ခဲ့သည့်ရေသည် လုံးဝရေ မဟုတ်တော့ပေ။ စပျစ်ရည်အဖြစ်သို့ ပြောင်းလဲခဲ့ပြီး ဖြစ်သည်။ ဤစပျစ်ရည်သည် ပထမတွင် ဧည့်ခံသည့် စပျစ်ရည်ထက် သာ၍ကောင်းကြောင်း အားလုံးက လက်ခံကြသည်။ ***(ယောဟန်၊ ၂း ၆-၁၀)*** *သခင်ယေရှုသည် အမြဲ ကောင်းမွန်သောအရာများကိုသာ ပေးသည်။*
- ယေရှု၏ စကားတော်ကို အစေခံများ နာခံခဲ့သည့်အချက်သည် အလွန်အရေးကြီးသည့်အချက်ဖြစ်သည်။ အကယ်၍ အစေခံများ မနာခံခဲ့ပါက မည်သို့ဖြစ်မည်နည်း။ ကလေးများကို စဉ်းစားစေပါ။ ကျွန်ုတို့တွင် ကျွန်ုပ်၏အပြစ်နှင့် ပတ်သက်သည့် ပြဿနာရှိကြသည်။
- သခင်ယေရှုသည် ကျွန်ုပ်တို့၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏အပြစ်များအတွက် သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပေးခြင်းဖြင့် အပြစ်ကြွေးပေးဆပ်ခဲ့ပြီး ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် သူ့အား ယုံကြည်ကိုးစားသည့် အချိန်မှသာလျှင် သူသည် ကျွန်ုပ်တို့အသက်တာတွင် အံ့ဩဖွယ်ပြုလုပ်နိုင်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရမည်ဖြစ်သည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။  FBI မင်္ဂလာပွဲ၌ သခင်ယေရှု။**

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ယောဟန်၊ ၂း ၅*** ကိုရှင်းပြီး သင်ပေးပါ။ ပုံပြင်၏ စကားစပ်ကို ပြောပြပေးပါ။ " သူသည် " မည်သူဖြစ်ကြောင်း ကလေးများ သိ မသိ ဆန်းစစ်ပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်၏ အဓိပ္ပာယ်ကို စီစစ်သည့်အနေဖြင့် အောက်ပါမေးခွန်းများကို ကလေးများထံမေးပါ။

- မည်သည့်နေရာ မည်သည့်မြို့တွင် မင်္ဂလာပွဲကျင်းပနေခြင်းဖြစ်သနည်း။
- မင်္ဂလာပွဲ၌ရှိသည့် ဧည့်သည်တစ်ဦး၏ အမည်ကို ဖော်ပြပါ။
- ယေရှု၏ စကားကို နားထောင်ပါဟု မည်သူက ပြောခဲ့သနည်း။
- ယေရှုသည် အစေခံတို့အား မည်သည့်အရာ လုပ်ဆောင်စေခဲ့သနည်း။
- ထိုနေရာအနီးတွင် ကျောက်စည်အိုးလွတ် မည်မျှရှိသနည်း။
- အစေခံတို့သည် အိုးများအပြည့် ရေဖြည့်ပြီးသည့်အခါ အိုးအတွင်းရှိရေများ မည်သို့ ဖြစ်သွားသနည်း။
- လူတိုင်းက မည်သို့ လက်ခံကြသနည်း။
- ယေရှုသည် ဤနိမိတ်လက္ခဏာကို ပြုလုပ်နိုင်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- ကျွန်ုပ်တို့တွင်ရှိသည့် အခက်အခဲမှာ အဘယ်နည်း။
- ကျွန်ုပ်တို့သည် အစေခံများ၏ အသက်တာမှ မည်သည့်အရာကို သင်ယူနိုင်သနည်း။

## ခ ၂ ပုံပြင် ၂

မကျန်းမာသော လူငယ်လေးအား ယေရှု ကျန်းမာစေခဲ့သည်။ - ဤပုံပြင်သည် သခင်ယေရှု၏ တန်ခိုးတော်အကြောင်း ဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**<br>• ယေရှုသည် ဘုရားသခင်၏သားတော် ဖြစ်တော်မူသောကြောင့် ကျန်းမာခြင်းပေးနိုင်သည့် တန်ခိုးတော် ယေရှုတွင် ရှိသည်။<br>• ကျွန်ုပ်တို့သည် တော်ဝင်အမတ်ကဲ့သို့ ယေရှုအား ယုံကြည်ကိုးစားရန် သခင်ယေရှု အလိုတော်ရှိသည်။<br><br>**အဓိကသော့ချက်ကျမ်း** ***ယောဟန်၊ ၄း ၅၀***<br>**ကျမ်းညွှန်း** ***ယောဟန်၊ ၄း ၄၆ - ၅၄*** |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | ပြီးခဲ့သည့် အပတ်မှ ပုံပြင်အား ပြန်လှန်ပါ။ မင်္ဂလာဆောင်ပွဲတွင် မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။ မည်သည့်နေရာတွင် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သနည်း။ ကာနမြို့ နှင့် အနီးတဝိုက်တွင် မည်မျှအံ့ဖွယ်ကောင်းသည့်သတင်း ဖြစ်ကြောင်း ပြောပြပါ။ |
| **သင်ကြားပေးပါ။** | • အချိန်အနည်းငယ်ကြာပြီးနောက်တွင် သခင်ယေရှုသည် ကာနမြို့သို့တဖန် ရောက်ရှိခဲ့ပြန်သည်။ ယေရှုသည် ကာနမြို့တွင် ရှိနေကြောင်းကို ကပေရနောင်မြို့၌ နေထိုင်သည့် အရေးပါသောပဂ္ဂိုလ်တစ်ဦးဖြစ်သည့် (အမတ်တစ်ဦး) သည် ကြားသိခဲ့သည်။ သူ၏သားသည် အလွန်ဖျားနာနေသည်။ သခင်ယေရှု တစ်ပါးတည်းသာလျှင် သူ့အား ကူညီပေးနိုင်မည်ဖြစ်သည်။ အကယ်၍ ယေရှုသည် သူ၏အိမ်သို့ ရောက်ရှိလာပါက သူ၏သားအား ကျန်းမာအောင် လုပ်ပေးလိမ့်မည်ဟု အမတ်သည် တွေးထင်ခဲ့သည်။ ***(ယောဟန်၊ ၄း ၄၇)*** *အဆင့် ၂ ကလေးများအတွက်မူ ဖြစ်နိုင်လျှင် မြို့နှစ်မြို့၏ အကွာအဝေးကို မြေပုံဖြင့် ဖော်ပြပေးပါ။*<br>• အမတ်သည် သခင်ယေရှုနှင့် တွေ့နိုင်ရန် မိုင်၂၀ ဝေးသောနေရာသို့ ခရီးသွားခဲ့သည်။ သူသည် လမ်းခရီးတွင် မောပန်းခြင်း၊ *စိုးရိမ်ခြင်း၊ ခရီးလမ်းကြမ်းတမ်းခြင်းများနှင့် မည်သို့ ခံစားနေရမည်ကို စဉ်းစားဆင်ခြင်ကြည့်ပါ။* သူ၏သားအကြောင်းကို ယေရှုထံ သူပြောပြသည့်အခါ သင်၏သားသည် အသက်ချမ်းသာပြီး၊ အိမ်သို့ပြန်ပါဟု ယေရှုသည် သူအား ရိုးရှင်းစွာပြောလိုက်သည်။ ယေရှုသည် သူနှင့်အတူ မလိုက်သွားလိုပေ။ သူမည်သို့ တုန့်ပြန်လိုက်သနည်း။ ထို့နောက် သူသည် ယေရှု၏ စကားကို မည်သို့လက်ခံသည်ကို ရှင်းပြပါ။ *သူ၏သားလေးအား ကျန်းမာခြင်းပေးရန်အတွက် မိုင်၂၀ ဝေးသည့်ခရီးသို့ ယေရှုသွားရန် မလိုအပ်ကြောင်း သူသိသည်။ ယေရှုစကားတော်အပေါ် သူလုံးဝယုံကြည်ခဲ့သည်။* ***(ယောဟန်၊၄း ၄၇-၅၀)*** *ကျွန်ုပ်တို့အသက်တာတွင် ထိုကဲ့သို့သောယုံကြည်ခြင်းမျိုးရှိရန် သခင်ယေရှု အလိုတော်ရှိကြောင်း ရှင်းပြပါ။ ကျွန်ုပ်တို့သည် သူ့အားမမြင်နိုင်ပါ။ သူ၏အသံကိုလည်းမကြားနိုင်ပါ။ သို့သော် သမ္မာကျမ်းထဲရှိ သူ၏ကတိတော်များ၊ သူ၏ချစ်ခြင်းမေတ္တာနှင့်ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွတ်ခြင်းအကြောင်းများကို ကျမ်းစာထဲတွင် ကျွန်ုပ်တို့သိနိုင်သည်။*<br>• အမတ်သည် သူ၏အိမ်သို့ပြန်သွားနေစဉ် လမ်းတွင် သူ၏အစေခံနှစ်ဦးနှင့် တွေ့ပြီးသတင်းကောင်း ကြားသိခဲ့ရသည်။ *ထိုသတင်းကောင်းသည် မည်သည့်သတင်း ဖြစ်မည်နည်း။* ကလေးများကို မေးပါ။ မှန်ပါသည် သူ၏သားသည် ကျန်းမာသွားပြီး ဖြစ်သည်။ ထို့နောက် မည်သည့်အချိန်တွင် သူ၏သားကျန်းမားခဲ့သနည်းဟု မေးခဲ့သည်။ သူ့သားကျန်းမာသည့်အချိန်နှင့် သင်၏သားကျန်းမာပြီးဟု ယေရှုပြောသောအချိန် တစ်ထပ်တည်းကျသည်ကို သူသိလိုက်သည်။ တစ်မိသားစုလုံး မည်မျှ ပျော်ရွှင်ကြမည်နည်း။ ယေရှုသည် ဘုရားသခင်၏သားတော် ဖြစ်ကြောင်း ထိုအချင်းအရာအားဖြင့် အခိုင်အမာသက်သေပြနေခြင်းဖြစ်သည်ကို သူတို့အားလုံး ရှင်းလင်းစွာ သိလိုက်သည်။ ***(ယောဟန်၊ ၄း ၅၁-၅၃)***<br>• ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို ကျွန်ုပ်တို့လည်း ယုံကြည်ရန် လိုအပ်သည်။ သခင်ဘုရား၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို သက်သေပြရန် သခင်ယေရှု အလိုတော်ရှိသည်။ သို့မှသာ ကျွန်ုပ်တို့သည် အမှန်တကယ် ပျော်ရွှင်နိုင်မည် ဖြစ်သည်။<br><br>**သင်ခန်းစာကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI တွင် သင့်လျော်သည့်ပုံမရှိပါ။** |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏ အရေးပါမှုကို ရှင်းပြပြီး၊ သင်ကြားပေးပါ။ ***(ယောဟန်၊ ၄း ၅၀)*** တစ်စုံတစ်ဦးသည် "သူ၏စကားကို ယုံသည်" ဟူသောအဓိပ္ပာယ်မှာ အဘယ်နည်း။ ကလေးများ ကောင်းစွာနားလည်စေရန် ပြန်လည်အတည်ပြုပါ။ |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | ပုံပြင်၏ အဓိပ္ပာယ်ကို စီစစ်သည့်အနေဖြင့် အောက်ပါမေးခွန်းများကို ကလေးများထံမေးပါ။<br>• တော်ဝင်အမတ်၏ အခက်အခဲမှာ အဘယ်နည်း။<br>• သူသည် သခင်ယေရှုအား မည်သည့်နေရာတွင် တွေ့ရှိခဲ့သနည်း။<br>• သူသည် ခရီးမည်မျှဝေးဝေး သွားခဲ့ရသနည်း။<br>• ယေရှုသည် သူ့အား မည်သည့်အရာ ပြုလုပ်စေခဲ့သနည်း။<br>• သူ၏ အိမ်အပြန်လမ်းတွင် မည်သူတို့နှင့် တွေ့ဆုံခဲ့သနည်း။<br>• သူတို့သည် မည်သည့်သတင်းကောင်းကို သယ်ဆောင်လာကြသနည်း။<br>• သူ၏သားသည် မည်သည့်အချိန်တွင် ကျန်းမာခဲ့သနည်း။<br>• လိုနေသည့် စကားလုံးကို ဖြည့်ပါ။ " အမတ်သည် ယေရှုအား လုံးလုံး --------- ခဲ့သည်။ " |

## ၁၂ ပုံပြင် ၃

ယေရှု နှင့် ဗာတိမဲ - ဤပုံပြင်သည် ယေရှု နောက်တော်သို့လိုက်သည့် မျက်မမြင်တစ်ဦးအား ကျန်းမာစေခဲ့သည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- သခင်ယေရှုသည် ဗာတိမဲအား ကူညီပေးလိုပြီး၊ သူ၏အသက်တာကို ပြောင်းလဲပေးနိုင်သည့်တန်ခိုး ယေရှု၌ရှိသည်။
- သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များကို ယူဆောင်ပေးခြင်းဖြင့် ကျွန်ုပ်တို့၏အသက်တာများကို ပြောင်းလဲပေးရန် အလိုတော်ရှိသည်။

**အဓိကသော့ချက်ကျမ်း** *ရှင်မာကု၊ ၁၀း ၅၂*
**ကျမ်းညွှန်း** *ရှင်မာကု၊ ၁၀း ၄၆- ၅၂*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

မျက်စိမြင်နိုင်ခြင်းသည် အံ့ဩဖွယ်လက်ဆောင်ဖြစ်ကြောင်းကို ပြောပါ။ အရောင်အမျိုးမျိုးကို မြင်နိုင်ခြင်း၊ ပျော်ရွှင်စရာကောင်းသည့်နေရာများကို မြင်တွေ့ခံစားနိုင်ခြင်း၊ လူများကို သိမြင်နိုင်ခြင်း၊ စာအုပ်ဖတ်နိုင်ခြင်း၊ ဂိမ်းများကစားနိုင်ခြင်း၊ တီဗွီကြည့်နိုင်ခြင်း စသည်တို့သည် မျက်စိမြင်နိုင်ခြင်း၏ အကျိုးများဖြစ်သည်။ ကျွန်ုပ်တို့နေထိုင်သည့် ပတ်ဝန်းကျင်တွင် မျက်စိအလင်းမမြင်နိုင်ပါက မည်သို့ ဖြစ်မည်နည်း။ ဖြစ်နိုင်သည့်အရာများကို ဆွေးနွေးပါ။ သခင်ယေရှုအသက်ရှင်ခဲ့သည့် အချိန်ကာလတွင် မျက်မမြင်တစ်ယောက်အတွက် အသက်ရှင်နေထိုင်ရန် အလွန်ပင် ခက်ခဲလှကြောင်းကို ရှင်းပြပါ။

**သင်ကြားပေးပါ။**

- ဗာတိမဲသည် မျက်မမြင်တစ်ဦးဖြစ်ပြီး ယေရိခေါမြို့တွင်နေထိုင်သည်။ သူသည် အသက်ရှင်နေထိုင်နိုင်ရန်အတွက် နေ့စဉ်လမ်းဘေးတွင် တောင်းစားနေရသည်။ သို့သော် ဤနေ့သည် သူအတွက် ထူးခြားသည့်နေ့ဖြစ်ခဲ့သည်။ လူအုပ်ကြီး နှင့် ဆူညံသံများ၊ ယေရှု လာနေသည်ကို အော်၍ရှာနေသည့် ဗာတိမဲတို့အကြောင်းကို ဖော်ပြပါ။ ရုတ်တရက် ဗာတိမဲသည် စိတ်လှုပ်ရှားခဲ့သည်။ ယေရှု ပြုလုပ်သည့်အံ့ဖွယ်အမှုများကို သူကြားသိပြီးသာ ဖြစ်သည်။ သူအတွက် ယေရှုထံ သူတောင်းဆိုမည့်အရာ မည်သည့်အရာဖြစ်မည်ဟု သင်ထင်ပါသနည်း။ ဗာတိမဲသည် သူ၏အမြင့်ဆုံးအသံဖြင့် ယေရှုအား ဟစ်အော်အကူအညီ တောင်းခံခဲ့သည်။ အချို့သောသူများက သူအားစိတ်ဆိုးကြပြီး မအော်ရန်တာမြစ်ကြသည်။ သို့သော် သူသည် ပို၍ အော်ခေါ်ခဲ့သည်။ ***(ရှင်မာကု၊ ၁၀း ၄၆-၄၈)*** *ဗာတိမဲသည် မှန်ကန်သည့်အရာ ပြုလုပ်ခဲ့ကြောင်းကို ကလေးများထံ ရှင်းပြပါ။ အဘယ်ကြောင့်ဆိုသော သခင်ယေရှု တစ်ပါးတည်းသာ သူ၏မျက်စိ အလင်းမြင်အောင် ပြုလုပ်ပေးနိုင်သည့် အတွက်ကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ပေးနိုင်သူမှာ သခင်ယေရှု တစ်ပါးတည်းသာ ဖြစ်သည်။ ဗာတိမဲသည် သခင်ယေရှုနှင့် တွေ့ဆုံရန် လိုအပ်သကဲ့သို့ ကျွန်ုပ်တို့အယောက်စီတိုင်းလည်း သခင်ယေရှုနှင့် တွေ့ဆုံရန် လိုအပ်သည်။*
- ထိုအခါယေရှုသည် ရပ်တော်မူလျက် ဗာတိမဲအား သူ့ထံခေါ်လာရန် မိန့်တော်မူလိုက်သည်။ သူမည်သို့ တုန့်ပြန်မည်ကို ဖော်ပြပါ။ *ယခုတွင် ဗာတိမဲသည် မည်သို့ခံစားနေမည်နည်း။ ယေရှုကလည်း သင်၌အဘယ်သို့ ပြုစေလိုသနည်း ဟု သူအားမေးခဲ့သည်။* ဗာတိမဲကလည်း မျက်စိမြင်လိုပါသည်ဟု ပြန်ဖြေခဲ့သည်။ သင်၏ ယုံကြည်ခြင်းသည် သင့်ကိုကယ်မပြီးဟု ယေရှုမိန့်တော်မူခဲ့သည်။ ထိုခဏခြင်းတွင်ပင် ဗာတိမဲသည် မျက်စိမြင်နိုင်ခဲ့သည်။ *ဗာတိမဲသည် သူ၏ ပတ်ဝန်းကျင်တွင် မည်သည့်အရာများကို မြင်မည်နည်း။ ကလေးများကို မေးပါ။ လမ်းတလျှောက် ယေရှုနောက်တော်သို့ လိုက်သွားသည့် သူ၏တုန့်ပြန်မှုနှင့် ခံစားချက်ကို ဆွေးနွေးပါ။* ***(ရှင်မာကု၊ ၁၀း ၄၉-၅၂)***
- *ဗာတိမဲသည် သခင်ယေရှုနှင့် သူတွေ့ဆုံခဲ့သည့်နေ့ကို လုံးဝမေ့လိမ့်မည်မဟုတ်ပေ။ ယေရှုသည် သူ့ဘဝအတွက် အံ့ဩဖွယ်ပြုလုပ်ပေးခဲ့ပြီး သူ၏အသက်တာသည် ပြောင်းလဲခဲ့ပြီးဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များကို ယူဆောင်သွားပြီး၊ ကျွန်ုပ်တို့၏ အတွင်းလူကို ပြောင်းလဲပေးခြင်းဖြင့်၊ ကျွန်ုပ်တို့အသက်တာတွင် အံ့ဩဖွယ်အမှုကို ပြုလုပ်ပေးလိုကြောင်း ကလေးများကို ရှင်းပြပေးပါ။ ကျွန်ုပ်တို့သည် သူ့ထံသို့လာပြီး သူ့အားအမှန်တကယ် ကိုးစားသည့်အချိန်တွင် ကျွန်ုပ်တို့သည် ဗာတိမဲကဲ့သို့ စစ်မှန်သည့် ပျော်ရွှင်ခြင်းကို ခံစားရမည်ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI မျက်စိမမြင်သော သူတစ်ဦးအား ယေရှုကျန်းမာခြင်းပေးခဲ့သည်။**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ရှင်မာကု၊ ၁၀း ၅၂*** ကို ရှင်းပြပြီး သင်ပေးပါ။ သခင်ယေရှုအပေါ်၌ထားရှိသည့် ဗာတိမဲ၏ "ယုံကြည်ခြင်း" ကို ရှင်းပြပါ။ သူ၏ မျက်စိအလင်း ပြန်မြင်နိုင်ရန် ပြုလုပ်ပေးနိုင်သည့် တန်ခိုး ယေရှုတွင် ရှိကြောင်းကို ဗာတိမဲ သိထားသည်။ ကျွန်ုပ်တို့သည် သူ့၌ ယုံကြည်ခြင်းရှိရန် သခင်ယေရှု အလိုတော်ရှိသည်။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

အောက်ပါ မှား/ မှန် ဖော်ပြချက်များကို မေးခွန်းအဖြစ်မေးပါ။

- ဗာတိမဲသည် ကာနမြို့တွင် နေထိုင်သည်။
- သူသည် မျက်မမြင်တစ်ဦး ဖြစ်သည်။
- သူ စကားမပြောတက်ပါ။
- သခင်ယေရှုနှင့် တွေ့ဆုံရန် လူအများရောက်ရှိနေကြသည်။
- လူအချို့က သူ့အားတားမြစ်သည့်အခါ ဗာတိမဲသည် တိတ်ဆိတ်စွာနေခဲ့သည်။
- ယေရှုသည် ဗာတိမဲ၏ အော်သံကို မကြားဟန်ဆောင်ခဲ့သည်။
- ဗာတိမဲသည် ထ၍ ယေရှုထံတော်သို့ သွားခဲ့သည်။
- ယေရှုထံတော်သို့ သွားခြင်းကို လူအများက သူအားတားမြစ်ခဲ့သည်။
- ဗာတိမဲသည် ယေရှုနှင့် တွေ့ပြီးနောက်တွင် တောင်းစားရန်အတွက် ထွက်သွားခဲ့သည်။
- သခင်ယေရှုသည် ကျွန်ုပ်တို့အယောက်စီတိုင်းအတွက် အံ့ဩဖွယ်နိမိတ်လက္ခဏာများ ပြုလုပ်ပေးနိုင်သောသူ ဖြစ်သည်။

## ၁၂ ပုံပြင် ၄

လူနူများအား ယေရှု ကျန်းမာစေခဲ့သည်။ - ဤပုံပြင်သည် “ယေရှုထံ ကျေးဇူးတင်စကား” ပြောသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- နူနာစွဲသောသူများသည် ယေရှု၏ စကားတော်ကို နားထောင်ခဲ့ကြပြီး ကျန်းမာခဲ့ကြသည်။
- ကျွန်ုပ်တို့အသက်တာတွင် ဘုရားသခင်၏ ကောင်းမြတ်ခြင်းများအတွက် ကျေးဇူးတော် ချီးမွမ်းတက်ရန် သခင်ယေရှု အလိုတော်ရှိသည်။

**အဓိကသော့ချက်ကျမ်း** *ဆာလံ၊ ၁၀၇း ၂၁*

**ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၇း ၁၁-၁၉*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ကျေးဇူးတော်ချီးမွမ်းခြင်းအကြောင်း ပြောပါ။ နေ့စဉ်အသက်တာတွင် ကျေးဇူးတော်ချီးမွမ်းသင့်သည့် အရာများအကြောင်း ကလေးများကို မေးပါ။ (ဥပမာ၊ အစားအစာ၊ ရေ၊ အိမ်၊ ကျန်းမာခြင်း၊ မိသားစု၊ ကျောင်း) စသည်ဖြင့် စာရွက်တွင် ချရေးခိုင်းပါ။ ကျွန်ုပ်တို့ ဝမ်းမြောက်စေရန် ကောင်းမွန်သည့်အရာများကို ပေးသောသူမှာ ဘုရားသခင်ဖြစ်ကြောင်း နှင့် ထိုသို့သောအခွင့်အရေး မရရှိသူများအကြောင်း စဉ်းစားပြီး ကောင်းမြတ်သည့် ဘုရားသခင်၏ ကောင်းကြီးများအတွက် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းသင့်ကြောင်း ရှင်းပြပါ။

### သင်ကြားပေးပါ။

- ယနေ့ပုံပြင်သည် ဘဝရှင်သန်ရန်ခက်ခဲသည့် လူ ဆယ်ဦးအကြောင်း ဖြစ်သည်။ *နူနာရောဂါသည် မည်သို့ ဆိုကျိုးသက်ရောက်မှုရှိသည်ကို ရှင်းပြပါ။ အဆင့် ၁ သို့မဟုတ် ၂၏ သင်ခန်းစာ နိဒါန်းတွင် ကြည့်ပါ။*
- တစ်နေ့တွင် အလွန်စိတ်ဝင်စားစရာကောင်းသည့် အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်။ ထိုသူတို့နေထိုင်သည့် နေရာသို့ သခင်ယေရှု ရောက်ရှိလာခဲ့သည်။ သူတို့သည် သူတစ်ပါး၏အနီးအနားသို့ ချဉ်းကပ်ခွင့်မရှိသော်လည်း ယေရှုအား အဝေးမှ မြင်နိုင်ကြပြီး၊ သခင်ယေရှုသည် သူတို့အား ကူညီပေးနိုင်ကြောင်းကို သိကြသည်။ ထိုသူတို့သည် “သခင်ယေရှု ကျွန်ုပ်တို့ကို သနားတော်မူပါ” ဟု တပြိုင်တည်းဟစ်ကြော်ကြသည်။ ***(ရှင်လုကာ၊ ၁၇း ၁၁-၁၃)***
- နောက်မှ အော်ခေါ်သံကို သခင်ယေရှုကြားခဲ့ပြီး၊ “သင်တို့သွား၍ ယဇ်ပုရောဟိတ်ထံ ကိုယ်ကိုပြလော့” ဟု မိန့်တော်မူခဲ့သည်။ *နူနာစွဲသောသူသည် သန့်ရှင်းခြင်းသို့ ရောက်သည့်အခါ ယဇ်ပုရောဟိတ်ထံသို့သွား၍ ကိုယ်ကိုပြရမည်ဟု ပညတ်တော်တွင် ပါရှိကြောင်း ရှင်းပြပါ။* ယေရှုသည် သူတို့အတွက် အကောင်းဆုံးပြုလုပ်ပေးမည်ကို ယုံကြည်ကြသည့်အတွက် သူတို့သည် ယေရှု၏ စကားကို နားထောင်ပြီး ချက်ခြင်း ထွက်သွားခဲ့ကြသည်။ သူတို့သည် လမ်းတွင်သွားနေစဉ် သူတို့နူနာများ ပျောက်သွားပြီးကျန်းမာခြင်းကို ခံစားကြရသည်။ *ထိုသူတို့သည် မည်သို့ ခံစားကြမည်နည်း။* ***(ရှင်လုကာ၊ ၁၇း၁၄)*** *သူတို့သည် သခင်ယေရှုစကားကို နားခံခဲ့ခြင်းဖြင့် မှန်ကန်သည့်အလုပ်ကို လုပ်ဆောင်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာများ၊ ကောင်းမွန်သည့်အရာများခံစားရခြင်းအတွက် ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းကြရမည် ဖြစ်သည်။*
- သူတို့၏ကိုယ်တွင် ထူးခြားစွာပြောင်းလဲသွားသည့် ပြောင်းလဲမှုကြီးကြောင့် သူတို့ဆယ်ဦးလုံး  အလွန်အံ့သြခဲ့ကြသည်။ သို့သော် ထိုသူတို့ထဲမှ တစ်ဦးသာ ပြန်လာပြီး “ကျေးဇူးတင်စကား” ပြောရန် စဉ်းစားခဲ့သည်။ သူ၏ကိုယ်တွင် ပြောင်းလဲခဲ့သည့်အရာအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းသည့်အနေဖြင့် ယေရှုထံသို့ အလျှင်အမြန်ပြန်လှည့်လာပြီး ခြေတော်ရင်းတွင် ဒူးထောက်လျှက် ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။ ထိုသူသည် ယေရှုနှင့် သော်လည်ကောင်း အခြားသော သူများနှင့်သော်လည်းကောင်း လူမျိုးမတူပေ။ *တိုင်းပြည်ခြင်းလဲမတူပေ။* သူသည် ရှမာရိအမျိုးသား ဖြစ်သည်။ *သူသည် ထူးခြားသည့်လူဖြစ်ကြောင်း ရှင်းပြပါ။* သူနာခံသည့်အချိန်တွင် သူ၏ယုံကြည်ခြင်းကို ဖော်ပြသည့်အနေဖြင့် ကျေးဇူးတော်ချီးမွမ်းခဲ့ခြင်း နှင့် ထိုသူ၏ ကျေးဇူးသိတက်ခြင်းအပေါ် ယေရှုသည် အလွန်အားရကျေနပ်သည်။ *အခြားသောကိုးယောက်အပေါ် ယေရှုမည်သို့ ခံစားမည်ဟု သင်ထင်ပါသနည်း။* ***(ရှင်လုကာ၊ ၁၇း ၁၅-၁၉)*** *ထိုနေ့တွင် အပျော်ရွှင်ဆုံးသူမှာ မည်သူဖြစ်မည်ဟု သင်ထင်ပါသနည်း။*
- *ကျွန်ုပ်တို့သည် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းသင့်သည်။ (ကလေးများစာရွက်ပေါ်တွင် ရေးမှတ်ထားသည့် အချက်များကို ပြန်လည်သတိပေးပါ။) ထို့ပြင် ကျွန်ုပ်အပြစ်များ ခွင့်လွှတ်ခြင်းခံစားရရန်အတွက် မိမိအသက်ကို ပေးခဲ့သည် သခင်ယေရှု၏ ကျေးဇူးတော်ကိုလည်း ချီးမွမ်းသင့်သည်။ ယခုပုံပြင်ထဲရှိ ရှမာရိအမျိုးသား၏ ပုံဥပမာကဲ့သို့ ကျွန်ုပ်တို့သည် လိုက်နာသင့်ကြောင်း ကလေးများကို ခွန်အားပေး တိုက်တွန်းပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။  FBI လူနူဆယ်ဦးအား ယေရှု ကျန်းမာခြင်း ပေးခဲ့သည်။**

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း ဖြစ်သော ***ဆာလံ ၁၀၇း ၂၁*** ကို ရှင်းပြပြီးသင်ပေးပါ။ ဥပမာ တည်မြဲသော၊ လက်တွေ့လုပ်ဆောင်ခြင်း၊ စသည့် စကားလုံးများနှင့် အဓိပ္ပာယ်ဆင်တူသည့် စကားလုံးများကို ရှင်းပြပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

မေးခွန်းတိုများ မေးမည့်အစား ကျေးဇူးတင်ကြောင်းဖော်ပြသည့် ရိုးရှင်းသည့်ရုပ်ပုံကို  ဖြတ်ညှပ်ကပ်ပုံစံဖြင့် ကလေးများကို ပုံဖေါ်ပြုလုပ်စေပါ။ ကလေးတိုင်းကို ပါဝင်လုပ်ဆောင်စေပါ။ ရုပ်ပုံ၏ အလယ်တွင် ကျေးဇူးတင်ပါတယ် ဘုရားသခင် ဟု ရေးပြီး ကလေးများကို ရောင်စုံခြယ်စေပါ။

ကလေးငယ် အဖွဲ့အချို့ကို လူနူဆယ်ယောက်အဖြစ် ရိုးရှင်းသည့်ပုံစံ၁၀မျိုးဖြင့် သရုပ်ဆောင်စေနိုင်ပါသည်။

## ၁၃ ပုံပြင် ၁

သခင်ယေရှု ထံမှ သင်ယူခြင်း - ဤပုံပြင်သည် ယေရှုထံမှ သင်ယူသောအချိန် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- သခင်ယေရှုထံ နားခံခြင်း နှင့် သူ့ထံမှ သင်ယူခြင်းသည် အလွန်အရေးကြီးသည့်အရာ ဖြစ်သည်။
- ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ ဖတ်ရှုခြင်းအားဖြင့် သခင်ယေရှုထံ နားခံရန် လိုအပ်သည်။

**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၁၀း ၄၂*
**ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၀း ၃၈-၄၂*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

**အိုင်ဒီယာတစ်ခုကို ရွေးချယ်ပါ။**

- သင်၏အိမ်သို့ ဧည့်သည်လာမည်ဖြစ်သည့်အတွက် ပြင်ဆင်နေသည့် သင့်အမေ၏အကြောင်းကို ပြောပါ။ ဥပမာ အစားအစာချက်ပြုတ်နေခြင်း စသည်ဖြင့်။
- ကလေးများနှင့် ဆက်စပ်သော အခြေအနေအချို့အကြောင်းပြောပါ။ နားထောင်ရန် အရေးတကြီး လိုအပ်နေသည့်အခြေအနေ၊ ကျွမ်းကျင်မှုအချို့ကိုသင်ယူခြင်း၊ လမ်းညွှန်မှုကို ရယူခြင်း စသည်တို့ကို ပြောပါ။
- အဖွဲ့ငယ်များဖြင့် 'Chinese whispers' "တရုတ်လေချွန်သံ" (ဖုန်းဆက်တိုင်းကစားနည်း) ကစားနည်းကို သင်ကစားနိုင်သည်။ ခေါင်းဆောင်မှ ပထမဦးဆုံးလူထံသို့ သတင်းစကားကို တိုးတိုးပြောပြီး၊ ထိုသူမှဆင့် အခြားတစ်ဦးထံ ထပ်မံတိုးတိုးပြောစေခြင်းဖြင့် တဆင့်တဆင့် နောက်ဆုံးလူအထိပြောစေပါ။ ထို့နောက် နောက်ဆုံးလူမှ မိမိကြားသည့်သတင်းစကားကို အားလုံးကြားရန် ပြန်ပြောစေပါ။ ဤကစားနည်း၏ အဓိကရည်ရွယ်ချက်မှာ သတင်းစကားကိုကောင်းကောင်း နားထောင်စေရန် ရည်ရွယ်သည်။ ဤအကြောင်းအရာနှင့် ဆက်စပ်၍ ယနေ့ပုံပြင်တွင် အချိန်ပေး၍ ကောင်းစွာ နားထောင်နာယူသည့် သူတစ်ယောက် အကြောင်းကို လေ့လာသွားမည် ဖြစ်သည်။

### သင်ကြားပေးပါ။

- မာသနှင့်မာရိတို့သည် ယေရှု၏ မိတ်ဆွေကောင်းများ ဖြစ်ကြသည်။ တစ်နေ့သောအခါ မာသသည် ယေရှု နှင့် တပည့်တော်များကို ဧည့်ခံကျွေးမွေးရန် ဖိတ်ခေါ်ခဲ့သည်။ ဧည့်ခံရန်အတွက် သူမပြင်ဆင်သည့် အကြောင်းအရာအချို့ကို ကလေးများအား စဉ်းစားစေပါ။ *သို့မဟုတ် အထက်တွင် ဖော်ပြထားသည့် ပထမဦးဆုံးအိုင်ဒီယာကို ဆက်စပ်စဉ်းစားစေပါ။ ဧည့်သည်ရောက်လာမည့်ပုံကို ပုံဖော်စဉ်းစားစေပါ။* ***(ရှင်လုကာ၊ ၁၀း ၃၈)***
- မာသတွင် လုပ်ဆောင်ရန်အလုပ်များစွာ ရှိနေသေးသည်။ သူမသည် အစားအစာများ အဆင်သင့်ဖြစ်ရန် ပြင်ဆင်နေချိန်တွင် သူမ၏ညီမ မာရိသည် ယေရှု၏ ခြေတော်ရင်းတွင်ထိုင်လျက် သခင်ယေရှု၏စကားတော်များကို နားထောင်ပြီး သင်ယူနေသည်။ *မာသ မည်သို့ ခံစားနေမည်ကို ရှင်းပြပါ။ ကလေးများလည်း ဤကဲ့သို့ပင် ဖြစ်နိုင်ကြောင်း ဆက်စပ်ပြောပြပါ။ မာသ စကားလုံးများကို အသုံးပြုပြီး ပြောပြပါ။* ***(ရှင်လုကာ၊ ၁၀း ၃၉-၄၀)***
- ယေရှုသည် ညင်သာသောစကားဖြင့် မာသအား များစွာသောအမှုတွင် စိုးရိမ်ရန် မလိုအပ်ကြောင်း ပြောခဲ့သည်။ မာသသည် *ကောင်းမွန်သည့် အစားအစာများနှင့် ယေရှုအား ဧည့်ခံလိုသည့်အတွက် လုပ်ဆောင်နေခြင်းဖြစ်သော်လည်း ထိုအရာသည် အရေးကြီးသည့်အရာ မဟုတ်ခဲ့ကြောင်း ရှင်းပြပေးပါ။* မည်သူသည် အကောင်းဆုံးအလုပ်ကို လုပ်ဆောင်နေသနည်း။ မှန်ပါသည် မာရိသည် ကောင်းသောအလုပ်ကို လုပ်ဆောင်ခဲ့ပါသည်။ ယေရှုကလည်း မာရိသည် ကောင်းသောအရာကို ရွေးယူပြီး ၊ ထိုအရာကို မည်သူမျှ သူမလက်မှမနှုတ်ယူနိုင် ဟု မိန့်တော်မူခဲ့သည်။ ***(ရှင်လုကာ၊ ၁၀း ၄၁-၄၂)***
- *မာရိရွေးယူခဲ့သည့် အကောင်းဆုံးအရာမှာ အဘယ်အရာနည်း။ မာရိသည် ယေရှု၏စကားတော်များကို နားထောင်ရန် အခွင့်အရေးရရှိခဲ့သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ဖတ်ရှုခြင်း၊ နားထောင်ခြင်းဖြင့် သခင်ယေရှု၏စကားတော်ကို နားထောင်ရန် မည်မျှအချိန်ပေးသင့်ကြောင်း ကလေးများထံ ပြောပြပါ။ ထို့နောက် ကျွန်ုပ်တို့သည် သူ၏အကြောင်းကိုပိုမိုသိပြီး၊ မည်သည့်အရာသည် သူ၏စိတ်တော်နှင့်တွေ့သောအရာ ဖြစ်သည်ကို သိမည် ဖြစ်သည်။ ဤအခြေအနေကို သူတို့ မည်သို့ပြုလုပ်မည်ကို ကလေးအကြီးတချို့နှင့် ဆွေးနွေးနိုင်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI တွင် သင့်လျော်သည့်ပုံမရှိပါ။**

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်လုကာ၊ ၁၀း၄၂*** ကို ရှင်းပြပြီး သင်ကြားပေးပါ။ မာရိ၏ ရွေးချယ်ခြင်းသည် အရေးကြီးသော ရွေးချယ်ခြင်းဖြစ်ကြောင်း အတည်ပြုပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်၏ အဓိပ္ပာယ်ကို စီစစ်သည့်အနေဖြင့် အောက်ပါမေးခွန်းများကို ကလေးများထံမေးပါ။

- ထိုညီအစ်မများသည် မည်သည့်နေရာတွင် နေထိုင်သနည်း။
- မာသသည် မည်သူအား အပြစ်တင်သနည်း။
- ဧည့်သည်တို့မှာ မည်သူတို့ နည်း။
- မည်သူ၏ ပုံသက်သေကို ကျွန်ုပ်တို့ လိုက်လျှောက်သင့်သနည်း။
- သခင်ယေရှုအား အချိန်ပေးသောသူမှာ မည်သူနည်း။
- ကျွန်ုပ်တို့သည် သခင်ယေရှု၏စကားတော်ကို မည်သို့ နားထောင်နိုင်သနည်း။
- မည်သူသည် ဝမ်းနည်းရသနည်း။
- ဤပုံပြင်ကို ကျမ်းစာထဲရှိ မည်သည့်ကျမ်းတွင် တွေ့ရသနည်း။
- မာသသည် အဘယ်ကြောင့် ဝမ်းနည်းရခြင်း ဖြစ်သနည်း။

# ၁ ၃ ပုံပြင် ၂

ယေရှုခရစ်တော် အားဖြင့် အသက်ရှင်ခြင်း - ဤပုံပြင်သည် သေသောသူတစ်ဦးအား ယေရှု အသက်ပြန်ရှင်စေခဲ့သည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- လာဇရုအား အသက်ပြန်ရှင်စေနိုင်သည့် တန်ခိုးတော် ယေရှုတွင် ရှိသည်။
- ယေရှုအား ကျွန်ုပ်တို့ ယုံကြည်ကိုးစားလျှင် သူသည် ကျွန်ုပ်တို့အား ထာဝရအသက်ကို ပေးပိုင်နိုင်သည်။

**အဓိကသော့ချက်ကျမ်း** ***ရှင်ယောဟန်၊ ၁၁း၂၅***

**ကျမ်းညွှန်း** ***ရှင်ယောဟန်၊ ၁၁း ၁-၇၊ ၁၇-၄၄***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

- အဆင့် ၁ ကျောင်းသား/သူ များအတွက်၊ ဘုရားသခင်သည် လူသားတို့အား မိသားစုဝင်ထဲတွင် မည်သို့ ထည့်သွင်းထားကြောင်း ဆွေးနွေးပါ။ ညီအစ်ကို မောင်နှမများအကြောင်းပြောပါ။ အစ်ကို၊အမ၊မောင်၊ညီ၊ညီမ၊ ရှိခြင်းသည် မည်မျှ ကောင်းမွန်ပါသနည်း။ ပြီးခဲ့သည့်ပုံပြင်မှ ညီအစ်မ နှစ်ဦး၏ အမည်ကို ကလေးများအား ပြန်မေးပြီး လာဇရုနှင့် မိတ်ဆက်ပေးပါ။
- အဆင့် ၂ ကျောင်းသား/သူများအတွက်၊ကျွန်ုပ်တို့ အသက်တာတွင် အရာရာသည် အစီအစဉ်အတိုင်း အမြဲဖြစ်မလာကြောင်းပြောပါ။ ကျွန်ုပ်တို့ မျှော်လင့်မထားသည့်အရာများသည် အချိန်မရွေး ဖြစ်လာနိုင်သည်။ သခင်ယေရှုသည် အခြေအနေအရပ်ရပ်ကို မည်သို့ ထိန်းချုပ်ထားကြောင်း၊ နှင့် အရာရာကို အကောင်းဆုံးပြုလုပ်ပေးကြောင်း ပြောပါ။

**သင်ကြားပေးပါ။**

- မာသနှင့်မာရိတို့၏မောင် လာဇရုသည် အလွန်ဖျားနာနေသည်။ သူတို့နေရာအရပ်သို့ ယေရှုအား လာစေလိုသည့်အတွက် အထံတော်သို့ လူစေလွှတ်၍ ခေါ်စေခဲ့ကြသည်။ ယေရှုသည် လာဇရု ကျန်းမာအောင် ပြုလုပ်ပေးနိုင်သောသူဖြစ်ကြောင်း သူတို့ သိထားကြသည်။ *သို့သော် ယေရှုသည် သူတို့နေရာအရပ်သို့ မလာခဲ့ပေ။ သူတို့ မည်သို့ခံစားကြမည်နည်း။ မာသ နှင့် မာရိတို့အတွက် နားလည်ရန် ခက်ခဲသော်လည်း ယေရှုသည် အရာအားလုံးကို ထိန်းချုပ်ထားပြီး၊ မည်သည့်အရာသည် သူတို့အတွက် အကောင်းဆုံးသောအရာဖြစ်သည်ကို ယေရှု သိနေကြောင်း ရှင်းပြပါ။* ***(ယောဟန်၊ ၁၁း ၁-၆)***
- မကြာမီ အချိန်တွင် လာဇရု ကွယ်လွန်သွားပြီး သူ့အားပိတ်စနှင့်ရစ်ပတ်ကာ၊ ဂူသွင်းသင်္ဂြိုဟ်ပြီး ကြီးမားသည့် ကျောက်တုံးကြီးနှင့် ဂူဝကို ပိတ်ထားလိုက်ကြသည်။ *ကျွန်ုပ်တို့သည် ထိုအရာကို ဂူသင်္ချိုင်းဟု ခေါ်သည်။* ယခုအချိန်တွင် မာသနှင့်မာရိတို့ မည်သို့ ခံစားနေကြမည်နည်း။ လေးရက်ကြာပြီးနောက်တွင် ယေရှု ရောက်ရှိလာသည့်အကြောင်း မာသကြားသိပြီး၊ ယေရှုအားတွေ့ရန် သူမ ထွက်သွားခဲ့သည်။ *ယေရှုကလည်း လာဇရုသည် အသက်ပြန်ရှင်လိမ့်မည်ဖြစ်ကြောင်း မာသထံ ရှင်းပြခဲ့သည်။* ***(အငယ် ၂၅)*** *တွင် ယေရှုပြောသည့် စကားလုံးကို အသုံးပြုပြီး ရှင်းပြပါ။ ရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာ လူတစ်ဦးအား သေရာမှအသက်ပြန်ရှင်စေနိုင်သည့် တန်ခိုးတော်ဖြစ်ကြောင်း ရှင်းပြပါ။* ဤတန်ခိုးတော်သည် မည်သူတစ်ဦးတစ်ယောက်တွင်မျှ မရှိပေ။ ***(ယောဟန်၊ ၁၁း၁၇-၂၇)***
- နောက်ဆုံးတွင် ယေရှုသည် မာသ၊မာရိတို့နှင့်အတူ လာဇရု၏သင်္ချိုင်းသို့ သွားခဲ့သည်။ ယေရှုသည် ဝမ်းနည်းသည့်အတွက် မျက်ရည်ကျတော်မူခဲ့သည်။ ထို့နောက် ဂူဝမှကျောက်တုံးကြီးအား ဘေးသို့ဖယ်ရန် လူအချို့အား စေခိုင်းခဲ့ပြီး၊ "လာဇရု ထွက်၍လာလော့" ဟု ကြီးသောအသံနှင့် ဟစ်ခေါ်တော်မူခဲ့သည်။ ထို့နောက်သေလွန်သော လာဇရုသည် မိမိခြေလက်၌ ပုဆိုးနံ့ငယ်နှင့်ရစ်ပတ်လျှက်၊ မျက်နှာလည်း ပဝါနှင့်စည်းလျှက် သင်္ချိုင်းတွင်းမှ ထွက်လာခဲ့ရာ လူအများအံ့သြခဲ့ရသည်။ ယခုတွင် ယေရှု၌ လာဇရုအား အသက်ပြန်ရှင်စေနိုင်သည့်တန်ခိုးတော်ရှိကြောင်း သက်သေပြခဲ့ပြီး ဖြစ်သည်။ ယေရှုသည် မည်မျှထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့် မည်မျှတန်ခိုးကြီးသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ထိုအရပ်တွင်ရှိသောသူများ ယုံကြည်နိုင်ရန် ယေရှုပြုသည့် နိမိတ်လက္ခဏာ အားဖြင့် ကူညီပေးခဲ့သည်။ *သူ၏အချိန်၊ သူတို့၏ဝမ်းနည်းခြင်းနှင့်အတူ သူ၏မျှဝေခံစားတက်ခြင်း၊ သူ၏တန်ခိုးတော်၊ သူ၏ထိန်းချုပ်မှု၊ စသည့် ဤအဖြစ်အပျက်မှ ယေရှုသင်ပေးသည့် သင်ခန်းစာများအကြောင်းပြောပါ။ အကယ်၍ ယေရှုသည် လာဇရုမကွယ်လွန်မီ ရောက်ရှိလာပါက ဤနိမိတ်လက္ခဏာ ပြုလုပ်ရန် လိုအပ်လိမ့်မည် မဟုတ်ကြောင်း သင် ထည့်သွင်းဖော်ပြ စေနိုင်ပါသည်။*
- သခင်ယေရှုသည် ကျွန်ုပ်တို့၏ အကြီးမားဆုံးရန်သူဖြစ်သည့် သေခြင်းအား ကောင်းစွာကိုင်တွယ် ဖြေရှင်းနိုင်သည်။ လာဇရုအား ပြန်လည် အသက်ရှင်စေသည့်အချိန် နှင့် သူကိုယ်တိုင် ရှင်ပြန်ထမြောက်ခဲ့ခြင်းအားဖြင့် သေခြင်းတရားကို အနိုင်ယူနိုင်သည့် တန်ခိုးတော် ယေရှုတွင်ရှိကြောင်း သက်သေပြခဲ့သည်။ သခင်ယေရှုအား ကျွန်ုပ်တို့ ယုံကြည်ကိုးစားလျှင် ထာဝရအသက်ကို ကျွန်ုပ်တို့ ရရှိခံစားရမည်ဖြစ်ကြောင်း ကတိတော်ရှိသည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI လာဇရုသည် သေခြင်းမှ ထမြောက်ခဲ့သည်။**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်ယောဟန်၊ ၁၁း၂၅*** ကို ရှင်းပြပြီး သင်ပေးပါ။ "ငါသည်" ဆိုသော ဤအမည်နာမအား အသုံးပြုသည့်အချိန်တွင် သူ၏အကြောင်းနှင့်ပတ်သက်၍ အလွန်အရေးကြီးသည့်အချက်ကို ယေရှုသည် ကျွန်ုပ်တို့အား ပြောပြနေခြင်းဖြစ်ကြောင်း ရှင်းပြပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်၏ အဓိပ္ပာယ်ကို စီစစ်သည့်အနေဖြင့် အောက်ပါမေးခွန်းများကို ကလေးများထံမေးပါ။

- အလွန်ဖျားနာနေသည့်သူမှာ မည်သူနည်း။
- ယေရှုသည် ရက်ပေါင်းမည်မျှအကြာတွင် မာသတို့ထံ ရောက်ရှိသွားသနည်း။
- ယေရှုနှင့် တွေ့ဆုံရန် ထွက်သွားသည့်မိန်းကလေးမှာ မည်သူနည်း။
- ယေရှုသည် မာသနှင့် စကားပြောနေသည့်အချိန်တွင် မိမိကိုယ်မိမိ မည်သည့်အမည်နာမသုံး၍ ဖော်ပြခဲ့သနည်း။
- လာဇရု၏ဂူသင်္ချိုင်းတွင် ယေရှုသည် သူ၏ခံစားချက်ကို မည်သို့ဖော်ပြခဲ့သနည်း။
- ယေရှုသည် မည်သည့်စကားကို မိန့်မြွက်တော်မူခဲ့သနည်း။
- ထိုနေ့တွင် ထိုအရပ်၌ရှိသော သူများထံ ယေရှုသည် မည်သည့်သက်သေပြခဲ့သနည်း။
- ကျွန်ုပ်တို့သည် ထာဝရအသက်ကို မည်သို့ ရရှိနိုင်သနည်း။

## <u>ခ ၃ ပုံပြင် ၃</u>

ယေရှုကို ချစ်ခြင်း - ဤပုံပြင်သည် ယေရှုအား ချစ်ကြောင်း မာရိ သက်သေပြသည့် အကြောင်းဖြစ်သည်။

<table>
<tr>
<td></td>
<td>ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။<br>• မာရိသည် ယေရှုအားချစ်သည့် သူမ၏ချစ်ခြင်းကို သူမ၏အပြုအမူဖြင့် ဖော်ပြခဲ့သည်။<br>• ကျွန်ုပ်တို့ထံ ဖော်ပြခဲ့သည့် ယေရှု၏ချစ်ခြင်းမေတ္တာအတွက် ကျွန်ုပ်တို့သည့်လည်း ယေရှုအား ပြန်လည်ချစ်သင့်သည်။<br><br>အဓိကသော့ချက်ကျမ်း ၁ယော၊ ၄း ၁၉<br>ကျမ်းညွှန်း ရှင်ယောဟန်၊ ၁၂း ၁-၁၁</td>
</tr>
<tr>
<td>သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။</td>
<td>“လက်ဆောင်အတွက် ကျေးဇူးတင်သည့်” အကြောင်း ပြောပါ။ အကယ်၍ အဆင်ပြေပါက သင်တို့၏ ယဉ်ကျေးမှုနှင့်ကိုက်ညီသည့် လက်ဆောင်အချို့ကို နမူနာအဖြစ်ထားရှိပါ။ မည်သူအတွက်လျာထားခြင်းဖြစ်ကြောင်း ရွေးချယ်ခဲ့ထားပါ။<br>ပြီးခဲ့သည့်အပတ် ပုံပြင်ထဲမှ မာရိ၊ မာသ၊ လာဇရုတို့သည် ယေရှုအား မည်မျှကျေးဇူးတင်ကြောင်းကို ကလေးများထံ ပြန်လည်နှိုးဆော်သတိပေးပါ။</td>
</tr>
<tr>
<td>သင်ကြားပေးပါ။</td>
<td>• မာရိ၊ မာသ၊ နှင့် လာဇရုတို့သည် သခင်ယေရှုအတွက် ဂုဏ်ပြုပွဲ ပြုလုပ်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။ ဧည့်သည်များနှင့်ပြည့်နေသည့်အိမ် ကျန်းမာလာသည့် လာဇရု၊ အထူးအရေးပါသည့်ဧည့်သည် ယေရှု၊ ဧည့်ဝတ်ပြုနေသည့် မာသ စသည်ဖြင့် ပုံဖော်ကြည့်ပါ။ (ယောဟန်၊ ၁၂း ၁-၂)<br>• စားပွဲကျင်းပနေစဉ်အတွင်း မာရိသည် ယေရှု၏ ခြေတော်ရင်းသို့လာပြီး၊ အလွန်းဈေးကြီးသည့် နာဒုဆီမွှေးပုလင်းကို ကိုင်ထားသည်။ သူမသည် ထိုဆီမွှေးအား ယေရှု၏ခြေပေါ်သို့ လောင်းချလိုက်ပြီး သူမ၏ ဆံပင်နှင့် သုတ်လိမ်းပေးသည်။ ဧည့်သည်များသည် မာရိအား မည်မျှဂရုစိုက်ကြမည်ကို စဉ်းစားကြည့်ပါ။ ဖြစ်ပျက်နေသည့် အဖြစ်အပျက်ကို သူတို့လှည့်ကြည့်ကြပေလိမ့်မည်။ အလွန်မွှေးပျံ့သည့် ဆီမွှေးရနံ့ကို အားလုံးသတိပြုမိခဲ့ကြမည်။ မာရိသည် ယေရှုအား အလွန်ချစ်မြတ်နိုးသည့်အတွက် ဤသို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြပါ။ သူမအတွက် ယေရှုသည် အရာအားလုံးထက် ထိုက်တန်သောသူဖြစ်သည်။ (ယေဟန်၊ ၁၂း ၃)<br>• ယေရှု၏တပည့်တော်တစ်ဦးဖြစ်သည့် ယုဒရှကာရုတ်သည် ယေရှု၏ခြေပေါ်ဆီမွှေးလောင်းပြီး၊ ဆံပင်နှင့်သုတ်လိမ်းပေးသည့် မာရိ၏ အပြုအမူကို နားမလည်နိုင်ခဲ့ပေ။ ထို့သို့လုပ်ဆောင်ခြင်းကို ဖြုန်းတီးသည်ဟု သူထင်သည်။ ယုဒရှကာရုတ်ပြောသည့် စကားလုံးကို ကိုးကားပြီး၊ သူသည် မနာလိုဖြစ်ပြီး၊ သူခိုးတစ်ဦးသာဖြစ်ကြောင်း ရှင်းပြပါ။ (အဆင့် ၂ သင်ခန်းစာ) (ယောဟန်၊ ၁၂း ၄-၆)<br>• ယေရှုအပေါ်ထားရှိသည့် မာရိ၏ စိတ်နေသဘောထား နှင့် ယုဒရှကာရုတ်၏ စိတ်နေသဘောထားသည် မတူညီခြားနားသည်။ ယုဒရှကာရုတ်သည် ယေရှု၏ ကြီးမြတ်ခြင်းကို အသိအမှတ်မပြု၊ သူ၏နှလုံးသားထဲတွင် ယေရှုကို ချစ်သည့် မေတ္တာမရှိပေ။ မာရိအတွက်မူ ယေရှုသည် အလွန်တန်ဖိုးရှိပြီး၊ သူမသည် ယေရှုအား အလွန်ချစ်မြတ်နိုးသည်။ ယေရှုသည် မာရိ၏ လုပ်ဆောင်မှုအပေါ် အလွန်စိတ်ကျေနပ်ခဲ့သည်။ (ယောဟန်၊ ၁၂း ၇-၈) မည်သူ၏ ပုံဥပမာကို ကျွန်ုပ်တို့လိုက်လျှောက်သင့်သနည်း။<br>• သခင်ယေရှုသည် ကျွန်ုပ်တို့အား မည်မျှချစ်ကြောင်း နှင့် ကျွန်ုပ်တို့အားကယ်တင်ရန်အတွက် သူ၏အသက်ကိုပေးသည့် မေတ္တာအကြောင်းကို စဉ်းစားသည့်အခါ သူသည် ကျွန်ုပ်တို့အတွက် အလွန်တန်ဖိုးရှိသည့်သူ ဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့သည် မာရိကဲ့သို့ပင် သူ၏မေတ္တာကို တုန့်ပြန်သည့်အနေဖြင့် သူ့အားပြန်ချစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ယေရှုအားချစ်ကြောင်းပြနိုင်သည့် နည်းလမ်းများကို စဉ်းစားပါ။ ဥပမာ သူ့အားကိုးစားခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းဖြင့် သူနှင့်အချိန်ယူခြင်း၊ သူ၏စကားတော်ကိုနာခံခြင်း၊ သူတပါးအားချစ်ခြင်း၊ ယေရှု၏ အကြောင်းကို သူတပါးထံသက်သေခံခြင်း စသည့်ဖြင့် ယေရှုအား ချစ်ကြောင်း သက်သေပြနိုင်သည်။<br><br>သင်ခန်းစာကို ပြီးမြောက်စေပါ။<br>ပြပါ။ FBI ယေရှုအား ဆီမွှေးလိမ်းပေးသည်။</td>
</tr>
<tr>
<td>သင်ယူစေပါ</td>
<td>အဓိကသော့ချက်ကျမ်းဖြစ်သည့် ၁ယော ၄း ၁၉ ကို ရှင်းပြပြီး သင်ပေးပါ။ ‘သူကို’ ‘သူ’ စသည့် စကားလုံးများသည် မည်သူကို ရည်ညွှန်းကြောင်း ကလေးများကောင်းစွာနားလည်နိုင်ရန် ပြောပြပါ။ ကျွန်ုပ်တို့သူ့ကိုချစ်သည့် ချစ်ခြင်းမေတ္တာသည် သူ ကျွန်ုပ်တို့အားချစ်သည့် ချစ်ခြင်းမေတ္တာ၏ ရလဒ်သာ ဖြစ်ကြောင်း ရှင်းပြပါ။</td>
</tr>
<tr>
<td>သင်ခန်းစာကို မှတ်မိသတိရစေပါ။</td>
<td>ပုံပြင်၏ အဓိပ္ပာယ်ကို စီစစ်သည့်အနေဖြင့် အောက်ပါမေးခွန်းများကို ကလေးများထံမေးပါ။<br>• စားပွဲကျင်းပသည့် အရပ်သည် မည်သည့်အရပ်ဖြစ်သနည်း။<br>• ထိုပွဲတွင် အရေးကြီးဆုံးဧည့်သည်တော်မှာ မည်သူနည်း။<br>• မာရိသည် မည်သည့်အရာ လုပ်ဆောင်ခဲ့သနည်း။<br>• မာရိသည် အဘယ်ကြောင့် ဤအရာကို လုပ်ဆောင်ခြင်း ဖြစ်သနည်း။<br>• ယေရှုအပေါ် မာရိလောင်းလိုက်သည့် ဆီမွှေးအတွက် ယုဒရှကာရုတ်သည် မည်သို့ပြောခဲ့သနည်း။<br>• ကျွန်ုပ်တို့သည် ယေရှုအား ချစ်သင့်သည့်အကြောင်းမှာ အဘယ်ကြောင့်နည်း။</td>
</tr>
</table>

<u>**ခ ၃ ပုံပြင် ၄**</u>

ယေရှုကိုသာ ကြည့်ရှုခြင်း - ဤပုံပြင်သည် ယေရှုအား ကြိုဆိုကြသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယေရှုသည် အထူးပုဂ္ဂိုလ်ဖြစ်သည်။ - သူသည် ဘုရင်တကာ၏ ဘုရင်ဖြစ်သည်။
- ကျွန်ုပ်တို့၏ အသက်တာထဲတွင် ယေရှုအား ကြိုဆိုရန်လိုအပ်သည်။

**အဓိကသော့ချက်ကျမ်း** *ယောဟန်၊ ၁း ၁၂*

**ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၉း ၂၈-၄၄*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ဧည့်သည်များအား ကြိုဆိုခြင်းသည် မည်မျှအရေးကြီးကြောင်း ရှင်းပြပါ။ ဥပမာ တော်ဝင်ဧည့်သည်၊ ပါမေက္ခချုပ်၊ အားကစားသူရဲကောင်း၊ ကျောင်းသို့ အလည်လာသည့်အကြောင်း။ ဖြစ်နိုင်သည့် ရုပ်ပုံအချို့ကို အသုံးပြုပါ။ လူအုပ်ကြီးကြားတွင် မည်သို့ ထူးထူးခြားခြားဖြစ်နေမည်ကို သိသာနိုင်ရန် အတွေးအချို့ကို ကြိုးစားပုံဖော်ပါ။

ဤဖြစ်ရပ်တွင် ယေရှုသည် အထူးဧည့်သည်တော်ဖြစ်ကြောင်း ရှင်းပြပါ။ သူသည် နောက်ဆုံးအနေဖြင့် ယေရုရှလင်မြို့အတွင်းသို့ ဝင်ရောက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် များမကြာမီအချိန်တွင် သူသည် ကျွန်ုပ်တို့အပြစ်အတွက် အသေခံပေးရမည့် ဘုရားသခင်၏ အစီအစဉ်ကို အကောင်အထည်ဖော် လုပ်ဆောင်ပေးသွားရမည် ဖြစ်သောကြောင့် ဖြစ်သည်။

ယေရှုသည် မည်မျှထူးခြားသည့်သူဖြစ်ကြောင်း ဘုရားသခင်သည် လူတိုင်းအား သိစေလိုသည်။ ယေရှုသည် " ဘုရင်တကာ၏ဘုရင်၊ သခင်တကာ၏သခင်" ဖြစ်ကြောင်း သမ္မာကျမ်းတွင် ဖော်ပြထားသည်။ ဤအရေးကြီးသည့်နေ့တွင် သခင်ယေရှု ယေရုရှင်သို့ ဝင်နိုင်ရန် ဘုရားသခင်သည် တိတိကျကျစီစဉ်ခဲ့သည်။ သို့မှသာ လူတို့သည် သခင်ယေရှုအား မှတ်မိနေမည် ဖြစ်သည်။

### သင်ကြားပေးပါ။

- ယေရှုနှင့်တပည့်တော်တို့သည် ယေရုရှလင်သို့ နီးကပ်လာသည့်အခါ၊ ချည်နှောင်လျက်ရှိသော မြည်းကလေးကို ရှာဖွေရန် ယေရှုသည် တပည့်တော်နှစ်ယောက်အား ရွာအတွင်းသို့ စေလွှတ်ခဲ့သည်။ ထိုချည်နှောင်လျက်ရှိသည့် မြည်းကလေးကို ကြိုးဖြေပြီး၊ သူ့ထံယူဆောင်လာရန် ယေရှု လမ်းညွှန်စေခိုင်းခဲ့သည်။ တစ်စုံတစ်ဦးက မေးခဲ့လျှင် "သခင်အလိုရှိသည်" ဟု ပြန်ဖြေရန် မိန့်ကြားခဲ့သည်။ ***(လုကာ၊ ၁၉း ၂၈-၃၁)***
- *တပည့်တော်များ မြည်းကလေးအား ရှာဖွေတွေ့ရှိလာကြပုံ နှင့် ယေရှုထံ ယူဆောင်လာကြပုံကို စဉ်စားပုံဖော်ကြည့်ပါ။ မည်သူမျှ မစီးဘူးသည့် မြည်းကလေး၏ ကျောအပေါ်သို့ တစ်စုံတစ်ဦးက စတင်စီးမည်ဆိုလျှင် မြည်းပျိုကလေးသည် မည်သို့တုန့်ပြန်မည်နည်း။* တပည့်တော်တို့သည် မြည်း၏ကျောပေါ်တွင် မိမိတို့၏ အဝတ်များကိုတင်ပြီးလျှင် ယေရှုအားစီးစေခဲ့ကြသည်။ မြည်းကလေးသည်လည်း သူ၏ကျောပေါ်တွင် ယေရှုအား စီးခွင့်ပြုခဲ့သည်။ ဤအရာသည် ဖြစ်နိုင်သည့် အချင်းအရာ မဟုတ်ပေ။ သို့သော် ဖန်ဆင်းခံအားလုံးအပေါ် ထိန်းချုပ်နိုင်သည့် တန်ခိုးတော် ယေရှုတွင် ရှိသည်။ ***(လုကာ၊ ၁၉း ၃၂-၃၅)***
- ယေရှုသည် လမ်းတစ်လျှောက်မြည်းကလေးကို စီးသွားသည့်အချိန်တွင် လူများတို့သည် မိမိတို့၏အဝတ်များကို လမ်း၌ခင်းပေးကြသည်။ ယေရှုသည် မည်သူဖြစ်ကြောင်း ယခုတွင် လူများတို့ သိရှိသွားကြပြီး ဖြစ်သည်။ သူသည် ဘုရားသခင်စေလွှတ်သည့် အထူးဘုရင်ဖြစ်သည်။ စစ်ပွဲသို့ သွားသည့်အချိန်တွင် ရှင်ဘုရင်တို့သည် ပုံမှန်အားဖြင့် မြင်ကိုစီးလေ့ရှိသည်။ သို့သော် ယေရှုသည် မြည်းကိုစီးနှင်းလာခြင်းဖြင့် သူသည် ငြိမ်သက်ခြင်းကို သယ်ဆောင်လာကြောင်း ဖော်ပြခဲ့ကြောင်း ကျောင်းသားများကို ရှင်းပြပါ။ လူများတို့သည် ပျော်ရွှင်ဝမ်းမြောက်လျှက် "ထာဝရဘုရား၏အခွင့်နှင့် ကြွလာတော်မူသော ရှင်ဘုရင်သည် မင်္ဂလာရှိစေသတည်း။" ဟု ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြသည်။ ***(လုကာ၊ ၁၉း ၃၆-၃၈)***
- *ယေရှုအား မနှစ်သက်ကြသည့် အဖွဲ့များလည်း ထိုအနီးအနားတွင် ရှိကြကြောင်း နှင့် လူများက ယေရှုအား ဝမ်းမြောက်စွာ ကြိုဆိုနေကြခြင်းကိုလည်း သူတို့သည် အလွန်စိတ်ဆိုးနေကြကြောင်း ဖော်ပြပါ။* ***(လုကာ၊ ၁၉း ၃၉-၄၀)*** မကြာမီ ထိုလူတို့သည် သူတို့၏အစီအစဉ်အတိုင်း သူ့အား ဖမ်းဆီး၍ သတ်ကြလိမ့်မည်ကို ယေရှုသိနှင့်ပြီး ဖြစ်သည်။
- *ယေရှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် အရေးကြီးသည့်ရွေးချယ်မှုကို ပြုရမည်ဖြစ်ကြောင်း ကလေးများကို တိုက်တွန်းပါ။ စိန်ခေါ်မှုပြုပါ။ သခင်ယေရှုအား ကျွန်ုပ်တို့၏အသက်တာထဲသို့ ဝင်လာရန် ကြိုဆိုလက်ခံမည်လား။ သို့မဟုတ် သူအားနေရာမပေးဘဲ ငြင်းဆိုမည်လား။ ကျွန်ုပ်တို့ မည်သည့်အရာကို ရွေးချယ်မည်နည်း။ ကျွန်ုပ်တို့၏ အသက်တာထဲသို့ သားတော်သခင်ယေရှုအား ခေါ်ဖိတ်လက်ခံရန် ဘုရားသခင်အလိုတော်ရှိသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုအား ခေါ်ဖိတ်လက်ခံသည့်အချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိသားစုဝင် ဖြစ်လာသည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။ FBI သင့်လျော်သည့် ရုပ်ပုံမရှိပါ။**

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ယောဟန်၊ ၁း၁၂*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။ လက်ခံသည်၊ ရယူသည်၊ သို့မဟုတ် ယုံကြည်သည် စသည့် ယေရှုအား လက်ခံကြိုဆိုသည့် စကားလုံးအမျိုးမျိုးကို ရှာပြီး ရှင်းပြပါ။ နာမ်စားများ ဖြစ်သည့် (သူ၊ သူကို) ဆိုသော စကားလုံးများကို ကောင်းစွာ နားလည်သဘောပေါက်စေပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

အောက်ဖော်ပြချက်များကို အသုံးပြု၍ မှား/မှန် ဖြေဆိုစေပါ။

- ယေရှုနှင့် တပည့်တော်တို့သည် ယေရုရှလင်သို့ ဝင်လာနေကြသည်။
- ယေရှုသည် တပည့်တော်သုံးယောက်ကို ရွာထဲသို့ စေလွှတ်ခဲ့သည်။
- သူတို့သည် မြည်းကို စီးခဲ့ကြသည်။
- ယေရှုသည် မြည်းကလေးကျောပေါ်တွင် ထိုင်လိုက်သည့်အချိန်တွင် မြည်းကလေးသည် စိတ်ဆိုးငြင်းဆန်ခြင်း မပြုခဲ့ပေ။
- လူများတို့သည် မြေပေါ်တွင် ကော်ဇောများ ခင်းပေးခဲ့ကြသည်။
- ယေရှုအား လူတိုင်း ကြိုဆိုလက်ခံခဲ့ကြသည်။
- ယေရှုသည် ဘုရင်တကာ၏ဘုရင် ဖြစ်သည့်အတွက် သူအားကြိုဆိုလက်ခံသင့်သည်။
- ကျွန်ုပ်တို့၏ အသက်တာတွင် သခင်ယေရှုအား ကြိုဆိုလက်ခံသည့်အချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိသားစုဝင် ဖြစ်လာသည်။

<u>ခ ၄ ပုံပြင် ၁</u>

ယေရှု အသေခံခြင်း - ဤပုံပြင်သည် ကျွန်ုပ်တို့အတွက် သခင်ယေရှု အသေခံသည့် အကြောင်းဖြစ်သည်။

<table>
<tr><td></td><td>
ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။
<ul>
<li>သခင်ယေရှုသည် ဆိုးဝါးစွာ ဆက်ဆံခံရပြီး၊ အသေခံဖို့ရန် မထိုက်တန်ပေ။</li>
<li>ကျွန်ုပ်တို့၏အပြစ်မှ ကျွန်ုပ်တို့အား ကယ်တင်ရန် သခင်ယေရှု အသေခံပေးခဲ့ခြင်း ဖြစ်သည်။</li>
</ul>
အဓိကသော့ချက်ကျမ်း ရှင်လုကာ၊ ၂၃း ၃၃<br>
ကျမ်းညွှန်း ရှင်လုကာ၊ ၂၃း ၁-၂၆၊ ၃၂-၄၃
</td></tr>
<tr><td>သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။</td><td>
ကဒ်ငယ်များပြုလုပ်ပြီး ထိုကဒ်ငယ်များပေါ်တွင် ပေးထားသည့် စကားစုများကို ချရေးပြီး သင်၌အဆင်သင့်ထားရှိပါ။ သူငယ်ချင်းများ၏ အနိုမ်ကိုခံရခြင်း၊ မှားယွင်းစွာ စွပ်စွဲခံရခြင်း၊ သရော်လှောင်ပြောင်ခံရခြင်း၊ တစ်စုံတစ်ဦးမှ သင့်အား စော်ကားသည့် စကားပြောဆိုဆက်ဆံခံရခြင်း စသည့် စကားစုများ ချရေးပါ။ ကျွန်ုပ်တို့အသက်တာတွင် နေ့စဉ်ကြုံတွေ့နေရသည့် ဤအကြောင်းအရာများကို ဥပမာပေး၍ ပြောပြပါ။ သို့မဟုတ် ထိုကဲ့သို့ ဆက်ဆံခြင်းမျိုးကို ကလေးများ၏ အသက်တာတွင် ခံစားရမည်ဆိုလျှင် ကလေးများ မည်သို့ခံစားကြရမည်နည်း။ ကလေးများ၏ ခံစားချက်များကို အဖွဲ့ငယ်များခွဲ၍ ပြောပြစေပါ။ ကျွန်ုပ်တို့သည် ထိုသို့သော ဆက်ဆံခြင်းမျိုးကို ရပ်တံ့စေလိုသည်။<br>
ဆိုးဝါးစွာ ဆက်ဆံခံရခြင်းသည် မည်သို့ဖြစ်ကြောင်းကို သခင်ယေရှု ကောင်းစွာသိထားကြောင်း ကလေးများကို ရှင်းပြပါ။ ထိုသို့သော ဆက်ဆံမှုမျိုး အားလုံးကို သခင်ယေရှုခံစားခဲ့ပြီး ဖြစ်သည်။ လူတို့သည် သူအား ထိုသို့ဆိုးဝါးစွာ ဆက်ဆံခဲ့ကြသည်။ သခင်ယေရှုသည် အဘယ်ကြောင့် ထိုသို့ဆက်ဆံ ခံခဲ့ရကြောင်းကို ယနေ့ ကျွန်ုပ်တို့လေ့လာသွားမည် ဖြစ်သည်။
</td></tr>
<tr><td>သင်ကြားပေးပါ။</td><td>
(အကယ်၍ သင်သည် ကျောင်းတွင်စာသင်ပေးသည့် ဆရာတစ်ဦးဖြစ်ပါက သင်ကြားပေးသည့်အခါတွင် အရေးကြီးသည့် တည်နေရာများကို စနစ်တကျ ညွှန်ပြနိုင်ရန် မျဉ်းတံကို သင်၏ကျောင်းမှ သင်အကူအညီ ရရှိနိုင်မည် ဖြစ်သည်။ ကဒ်ပေါ်တွင် ရိုးရှင်းသည့်ရုပ်ပုံများဖြစ်သည့် အထူးအရေးပါသည့် စားသောက်ပွဲ၊ ဥယျာဉ်ထဲ၌ ဆုတောင်းခြင်း၊ ရန်သူများမှ ဖမ်းဆီးခဲ့ခြင်း၊ ပိလတ်မင်းမှ မေးခွန်းများမေးခြင်း၊ ဒေါသထွက်နေသည့်လူအုပ်ကြီး၊ လက်ဝါးကပ်တိုင်တွင် တင်သတ်ရန် ထုတ်ဆောင်သွားခြင်း၊ လက်ဝါးကပ်တိုင်သုံးခု၊ ခွင့်လွှတ်ခြင်းခံစားရသည့် သူခိုး၊ စသည်တို့ကို ရေးဆွဲပါ။ ထိုသို့ ရိုးရှင်းသည့် ရုပ်ပုံများကို ရေးဆွဲပါက အသေးစိတ်ကို ကလေးများပိုမိုမှတ်မိသတိရစေရန် အထောက်အကူ ပေးလိမ့်မည် ဖြစ်သည်။ )
<ul>
<li>ကလေးများအား သတိပေးသည့်အနေဖြင့် သခင်ယေရှု ယေရုရှလင်သို့သွားခဲ့သည့်အကြောင်းကို မေးခွန်းအနည်းငယ်ပြန်မေးပါ။ ရက်အနည်းငယ် ကြာသည့်အခါတွင် ယေရှုသည် သူ၏တပည့်တော်များနှင့်အတူ အထူးစားသောက်ပွဲ ကျင်းပခဲ့သည်။ သူမသေမီ နောက်ဆုံးညစာစားပွဲ ဖြစ်သည်။ ထို့နောက် ဆုတောင်းရန်အတွက် သူသည် ဥယျာဉ်တော်သို့ သွားခဲ့သည်။ ညအမှောင်၊ တိတ်ဆိတ်နေခြင်း၊ ထို့နောက် ခြေလှမ်းများ၊ ယေရှုဖမ်းဆီးခံရရန် ယုဒရှကာရှုတ်၏ ထွက်ခွါသွားခြင်း၊ စသည့် ဖြစ်တည်နေသည့် အခြေအနေများသည် ယေရှု ခံစားခဲ့ရသည့် ဝမ်းနည်းခြင်းကို သယ်ဆောင်လာပေးသည့် အရာများဖြစ်သည်။</li>
<li>နောက်တစ်နေ့တွင် ယေရှုသည် ပိလတ်မင်းထံသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ (လုကာ၊ ၂၃း ၁-၄၊ ၂၀-၂၅) ယေရှုတွင် အပြစ်မရှိကြောင်း ဖော်ထုတ်နိုင်သည့် အချက်ကို ထောက်ပြပြီး သူ၏ အခွင့်အာဏာရှိခြင်းအကြောင်းကို ရှင်းပြပါ။ သခင်ယေရှုသည် ပြီးပြည့်စုံပြီး အပြစ်မရှိသူ ဖြစ်သည်။ နောက်ဆုံးတွင် အော်ဟစ်နေသည့် လူအုပ်ကြီး၏ တောင်းဆိုမှုအတိုင်း ယေရှုအား လက်ဝါးကပ်တိုင်တွင် အသေသတ်ရန် ပိလတ်မင်း ခွင့်ပြုပေးခဲ့ရသည်။ ထိုသို့စီရင်ခြင်းသည် လုံဝတရားမျှတမှုမရှိကြောင်း ကျွန်ုပ်တို့ သိနိုင်သည်။ သို့သော် ထိုအစီအစဉ်များသည် ကျွန်ုပ်တို့အား ကယ်တင်ရန်အတွက် ဘုရားသခင်၏ အစီအစဉ်များသာ ဖြစ်သည်။</li>
<li>ယေရှုအား မြို့ပြင်သို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ရှိမုန်အမည်ရှိသောသူသည် ကြီးမားပြီးသစ်သားနှင့်ပြုလုပ်ထားသည့် လက်ဝါးကပ်တိုင်းကြီးကို ကူညီ၍ ထမ်းပေးခဲ့သည်။ (လုကာ၊ ၂၃း၂၆) သူတို့သည် တောင်းပေါ်သို့ ရောက်သွားသည့်အခါ စစ်သားများက ယေရှုအား လက်ဝါးကပ်တိုင်ပေါ်တွင်  သံနှင့်ရိုက်ထားလိုက်ကြသည်။ တစ်ချိန်တည်းမှာပင် သူခိုးနှစ်ယောက်တို့သည်လည်း ယေရှု၏ တစ်ဘက်တစ်ချက်တွင် ကားတိုင်တင်သတ်ခြင်း ခံခဲ့ကြရသည်။ ယေရှုအား ကားတိုင်တွင် ချိပ်ဆွဲထားသည့်အချိန်တွင် စစ်သားတို့သည် ယေရှုအား လှောင်ပြောင်သရော်ခဲ့ကြ သည်။ သူခိုးတစ်ယောက်သည်လည်း ယေရှုအား ရိုင်းပျစွာ ဆက်ဆံခဲ့သည်။ အခြားသူခိုးတစ်ယောက်မှာမူ ယေရှုသည် မိမိတို့နှင့် မတူကြောင်းကို သိထားသည်။ ထိုသူမှာ မိမိသည် မိမိအပြစ်ကြောင့် အသေခံရခြင်းဖြစ်ကြောင်းနှင့် ယေရှုမှာမူ အပြစ်မရှိကြောင်းကို ကောင်းစွာသိထားသည်။ ယေရှုသည် မည်သူဖြစ်ကြောင်းကို ကောင်းစွာ သူသိထားသည့်အတွက် သူအားသတိရရန် ယေရှုထံ သူတောင်းပန်ခဲ့သည်။ ထိုနေ့မှာပင် သူနှင့်အတူ ကောင်းကင်တွင် ရှိလိမ့်မည်ဟု ယေရှုသည် ထိုသူ့အား ကတိပေးခဲ့သည်။ (လုကာ၊၂၃း ၃၂-၄၃)</li>
<li>ယေရှုအားသိသည့် သူခိုးတစ်ယောက်ကဲ့သို့ပင် ယေရှုသည် သေပြစ်မထိုက်သည့်သူ ဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်ထားရန် လိုအပ်ကြောင်း ရှင်းပြပါ။ သူသည် ဝေဒနာခံစားပြီး၊ အသေခံခြင်းသည် ဘုရားသခင်၏ ကြီးမားသည့်မေတ္တာကို ဖော်ပြပေးခြင်းနှင့် ကျွန်ုပ်တို့အပြစ်အတွက် ခံရမည့်အပြစ်ဒဏ်များကို ယူဆောင်ပေးသွားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ရန် သူ့ထံတောင်းပန်လျှင် တစ်နေ့ ကောင်းကင်တွင် ဝင်စားရမည့် စိတ်ချမှုကို ကျွန်ုပ်တို့ ခံစားရမည် ဖြစ်သည်။</li>
</ul>
သင်ခန်းစာကို ပြီးမြောက်စေပါ။<br>
ပြပါ။  FBI ရုပ်ပုံများသည် အသေစိတ်ကျပြီး၊ ဤအဖွဲ့များအတွက် အမှန်တကယ် မသင့်လျှော်ပေ။ ယေရှု ဝေဒနာခံစားခြင်း နှင့် အသေးခံခြင်းရုပ်ပုံကိုသာ အသုံးပြုရန် အကြံပြုလိုသည်။
</td></tr>
<tr><td>သင်ယူစေပါ</td><td>
အဓိကသော့ချက်ကျမ်း ဖြစ်သည့် လုကာ၊၂၃း ၃၃ မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။ သို့မဟုတ် ကလေးများ၏ စွမ်းရည်အလိုက် အချို့အပိုင်းကို သင်ပေးပါ။ ယေရှုအသေခံသည့်နေရာဖြစ်သည့် တောင်ကုန်း၏ အမည်ကို ရှင်းပြပါ။
</td></tr>
<tr><td>သင်ခန်းစာကို မှတ်မိသတိရစေပါ။</td><td>
သင်၌ရှိသည့် ကဒ်ငယ်များကို ရောပြီး၊  ကလေးများကို အစဉ်အတိုင်းမှန်ကန်းစွာ ပြန်ထားစေပါ။ အကယ်၍ သင်သည် ကလေးနည်းနည်းနှင့် အဖွဲ့နှစ်ဖွဲ့ခွဲထားလျှင် ထိုကဒ်များကို မိတ္တူကူးပြီး အဖွဲ့နှစ်ဖွဲ့ကို ယှဉ်ပြိုင်စေခြင်းဖြင့် ဦးစွာအဖြေမှန်သည့်အဖွဲ့ကို အနိုင်ပေးနိုင်သည်။
</td></tr>
</table>

## <u>ခ ၄ ပုံပြင် ၂</u>

ယေရှု အသေခံ၍ သင်္ဂြိုဟ်ခြင်း ခံခဲ့သည်။ - ဤပုံပြင်သည် သခင်ယေရှု၏ အသေခံခြင်း နှင့် သင်္ဂြိုဟ်ခြင်း အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်အတွက် အပြစ်ဒဏ်များကို ယူဆောင်သွားသည့်အတွက်ကြောင့် သူ၏သေခြင်းသည် အခြားသောသူများ၏ သေခြင်းနှင့်မတူဘဲ ထူးခြားသည်။
- ကျွန်ုပ်တို့အားချစ်သည့် သူ၏ကြီးမားသည့်ချစ်ခြင်းမေတ္တာအတွက် သူအား ကျွန်ုပ်တို့ ကျေးဇူးတင်ရန် လိုအပ်သည်။

**အဓိကသော့ချက်ကျမ်း** *၁ကောရိန္သု ၁၅း၃-၄*
**ကျမ်းညွှန်း** *ရှင်လုကာ၊ ၂၃း ၄၄-၅၆*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

နေ့နှင့်ည မည်သို့ လှည့်ပတ်နေသည့် အကြောင်းပြောပါ။ ညသည် သူအချိန်ကျမှ ညရောက်လာရမည်မှာ ကျွန်ုပ်တို့အားလုံး လက်ခံယုံကြည်ထားသည့် အရာဖြစ်သည်။ ထိုသို့ဖြစ်လာစေရန်လည်း ဘုရားသခင် ဖန်ဆင်းထားခြင်း ဖြစ်သည်။ သို့သော် ယေရှု အသေခံသည့်နေ့သည် ထူးခြားသည်။ သတိပေးခြင်းမရှိဘဲ နေ့လည် ၁၂ နာရီတိတိတွင် နေသည် ရုတ်တရက် မိုက်၍ ညကဲ့သို့ အမှောင်အတိ ဖုန်းလွှမ်းခဲ့သည်။ သုံးနာရီတိတိ အမှောင်ထု ဖုန်းလွှမ်းခဲ့သည်။ ***(လုကာ၊၂၃း၄၄-၄၅)*** ဘုရားသခင်သည် အဘယ်ကြောင့် ဤအချင်းအရာကို ခွင့်ပြုခဲ့ခြင်း ဖြစ်သနည်း။

**သင်ကြားပေးပါ။**

- ထိုသုံးနာရီအတောအတွင်းတွင် သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်အတွက် ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်းကို ဒဏ်ခံနေခြင်းဖြစ်ကြောင်း သမ္မာကျမ်းစာမှ သွန်သင်ထားသည်။ *ပြီးခဲ့သည့်အပတ် ပုံပြင်မှ ယေရှုခံစားခဲ့သည့်အကြောင်းကို ကလေးများထံ ပြန်မေးပါ။ သူခံစားခဲ့သည့် ဝေဒနာအနည်းငယ်ကိုသာ ကျွန်ုပ်တို့ နားလည်နိုင်မည် ဖြစ်ပြီး၊ သို့သော် ကျွန်ုပ်တို့အပြစ်အတွက် သူခံစားရသည့်အပြစ်ဒဏ်ကို ကျွန်ုပ်တို့ နားမလည်နိုင်ကြောင်း ရှင်းပြပါ။ ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံစားရရန်အတွက် ဖဘုရားသခင်၏ အစီအစဉ်ကို ပြီးပြည့်စုံစေရန် နှင့် ကျွန်ုပ်တို့အား သူချစ်သည့်အတွက်ကြောင့် သခင်ယေရှုသည် ဤပေးဆက်ခြင်းကို လိုလိုလာလာနှင့် ပေးဆက်ခဲ့ခြင်း ဖြစ်သည်။*
- နောက်ဆုံးတွင် ယေရှုသည် ဆုတောင်းပြီး သူ၏ဝိညာဉ်ကို ခမည်းတော်ဘုရားသခင်ထံ ဆက်ကပ်အပ်နှံခဲ့သည်။ ***(လုကာ၊၂၃း ၄၆)*** ဤသို့အပ်နှံခြင်းသည် သူ၏ခမည်းတော် စေလွှတ်ပြီး စေခိုင်းခဲ့သည့်အလုပ်ကို သူပြီးမြောက်ခဲ့ပြီး ဖြစ်ကြောင်း ပြောပြသည့် ယေရှု၏ နည်းလမ်းပင် ဖြစ်ပါသည်။ *ရိုးရှင်းသည့် စမ်းသပ်မှုများ ပြီးဆုံးသည့် အခြေအနေကို ဖော်ပြပါ။ စမ်းသပ်စစ်ဆေးမှု ပြီးဆုံးသွားပါက နောက်ထပ်ပြုလုပ်ရန် မလိုအပ်တော့ကြောင်းသိထားပါ။ ဥပမာ - နမူနာပုံစံပြုလုပ်ခြင်း။ ကျွန်ုပ်တို့အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရရန်အတွက် လိုအပ်သည့် အရာအားလုံးကို သခင်ယေရှုသည် ပြီးပြည့်စုံအောင် ပေးဆပ်ခဲ့ပြီး ဖြစ်သည်။ ကလေးများကိုယ်စား ယေရှု ပြုလုပ်ပေးခဲ့သည့်အရာအတွက် ကလေးများ ပြန်လည်တုန့်ပြန်လက်ခံရန် လိုအပ်ကြောင်းကို တိုက်တွန်းနှိုးဆော်ပါ။*
- ထို့နောက် သခင်ယေရှုသည် သက်တော်ကို စွန့်တော်မူခဲ့သည်။ *သူ၏ မိတ်ဆွေများသည် မည်သို့ခံစားကြမည်ကို စဉ်းစားဆင်ချင်ကြည့်ပါ။* သနားကြင်နာတက်သည့်မိတ်ဆွေ ယောသပ်သည် ပိလတ်မင်ထံသို့ဝင်ပြီး ယေရှု၏ အလောင်းတော်ကိုတောင်းခဲ့သည်။ လက်ဝါးကပ်တိုင်မှ အလောင်းတော်ကို ဂရုတစိုက် လျှော့ချခဲ့သည်။ အလောင်းတော်ကို ပိတ်ချောနှင့် ရစ်ပတ်ပြီး၊ ဂူသင်္ချိုင်းအသစ်တွင် သင်္ဂြိုဟ်ပေးခဲ့သည်။ *ထိုဂူသင်္ချိုင်းသည် လှိုဏ်ဂူ အသေးစားနှင့်တူကြောင်း ရှင်းပြပါ။* ထိုနောက် ဂူဝတွင် အလွန်ကြီးမားသည် ကျောက်နှင့် ပိတ်ထားလိုက်သည်။ ***(လုကာ၊ ၂၃း ၅၀-၅၃)***

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI ရုပ်ပုံများသည် အသေစိတ်ကျပြီး၊ ဤအဖွဲ့များအတွက် အမှန်တကယ် မသင့်လျှော်ပေ။ ယေရှု ဝေဒနာခံစားခြင်း နှင့် အသေးခံခြင်းရုပ်ပုံကိုသာ အသုံးပြုရန် အကြံပြုလိုသည်။**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***၁ကောရိန္သု ၁၅း ၃-၄*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။ ငယ်သောကလေးများမှာမူ ပထမတစ်ပိုဒ်ကို ရနိုင်မည် ဖြစ်သည်။ ကျမ်းချက်၏ ဆိုလိုရင်ကို ကလေးများ ကောင်းစွာနားလည်စေရန် သင်ကြားပေးပါ။ သခင်ယေရှု၌ ဖြစ်ပျက်လာမည့်အရာများကို လွန်ခဲ့သည့် နှစ်ရာပေါင်းများစွာက ဓမ္မဟောင်းကျမ်းတွင် ရေးသားဖော်ပြထားကြောင်း ရှင်းပြပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

အောက်ဖော်ပြချက်များကို အသုံးပြု၍ မှား/မှန် ဖြေဆိုစေပါ။ .

- နေ့လည်နေမွန်းတည့်ချိန်တွင် အမှောင်ထုကြီး စတင်မှောင်မိုက်ခဲ့သည်။
- ထိုအမှောင်ထု မှောင်မိုက်ချိန် လေးနာရီ ကြာခဲ့သည်။
- ထိုမှောင်မိုက်နေချိန် အတောအတွင်း ယေရှုသည် ကျွန်ုပ်တို့အပြစ်အတွက် အပြစ်ဒဏ်များကို ကိုယ်စားခံယူသွားခဲ့သည်။
- ယေရှုသည် သက်တော်မစွန့်မီ သူ၏ဖခမည်းတော်ထံ စကားပြောခဲ့သည်။
- ယေရှု၌ ဖြစ်ပျက်သမျှကို သူ၏မိတ်ဆွေများက ကောင်းစွာနားလည်ခဲ့ကြသည်။
- ယေရှု၏ အလောင်းတော်အတွက် ယောသပ်သည် စစ်သားများထံ တောင်းခံခဲ့သည်။
- အလောင်းတော်ကို ပိတ်ချောနှင့် ရစ်ပတ်ပေးခဲ့သည်။
- အလောင်းတော်ကို ဂူသင်္ချိုင်းအဟောင်းတွင် သင်္ဂြိုဟ်ပေးခဲ့သည်။

## ခ ၄ ပုံပြင် ၃

ယေရှု ရှင်ပြန်ထမြောက် တော်မူခဲ့သည်။ - ဤပုံပြင်သည် ယေရှု ရှင်ပြန်ထမြောက်ကြောင်း မာရိတွေ့ရှိခဲ့သည့်အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- သခင်ယေရှု အသေခံပြီး သုံးရက်မြောက်သောနေ့တွင် ဘုရားသခင်သည် သူ့အား ရှင်ပြန်ထမြောက်စေခဲ့သည်။
- မာရိသည် ရှင်ပြန်ထမြောက်တော်မူသော သခင်ကို ရှာဖွေတွေ့ရှိသကဲ့သို့ ကျွန်ုပ်တို့သည်လည်း တွေ့ရှိနိုင်သည်။

**အဓိကသော့ချက်ကျမ်း** *ရောမ၊ ၁၀း ၉*

**ကျမ်းညွှန်း** *ရှင်ယောဟန်၊ ၂၀း ၁-၁၈*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ပြီးခဲ့သည့်ပုံပြင်တွင် သခင်ယေရှုလက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသည့်အကြောင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ်သည်။ ဤအကြောင်းအရာသည် ကျွန်ုပ်တို့အတွက် သတင်းကောင်းဖြစ်ကြောင်း ရှင်းပြပါ။ သခင်ယေရှုလက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့အပြစ်များ ခွင့်လွှတ်ခြင်း ခံစားစေရန် ဘုရားသခင် ပြင်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်၏ အံ့သြဖွယ်အကြံအစည်တော် ပြီးပြည့်စုံခဲ့ပြီး ဖြစ်သည်။
မည်သို့ပင်ဆိုစေကာမူ ယေရှု၏ မိတ်ဆွေများသည် ဝမ်းနည်းကြမည်မှာ အမှန်ဖြစ်သည်။ သမ္မာကျမ်းစာ၏ အကူအညီဖြင့် ဤအကြောင်းအရာများကို ယနေ့ ကျွန်ုပ်တို့ နားလည်သကဲ့သို့ သူတို့ ကောင်းစွာ နားမလည်ခဲ့ကြပေ။ သို့သော် သူတို့၏ ဝမ်းနည်းခြင်းများသည် အချိန်မကြာခဲ့ပေ။ ဤပုံပြင်သည် ဝမ်းမြောက်ခြင်းနှင့် အဆုံးသတ်သည်။

### သင်ကြားပေးပါ။

- *ယေရှုအား မြှုပ်နှံသည့် ဂူသချိုင်းအား ကျောက်တုံးကြီးနှင့် ပိတ်ထားခဲ့သည့်အကြောင်းကို ကလေးများအား ပြန်လည်သတိပေးပြောပြပါ။* ယေရှု အသေခံပြီး သုံးရက်မြောက်သည့်နေ့ တနင်္ဂနွေနေ့နံနက်စောစောတွင် ယေရှု၏မိတ်ဆွေ မာရိ အမည်ရှိသောသူသည် သချိုင်းတော်သို့ သွားခဲ့သည်။ *ဂူဝတွင် ပိတ်ထားသည့် ကျောက်တုံးကြီးအား ဘေးသို့လှိမ့်ထားပြီး ဂူထဲတွင် အလောင်းတော်မရှိသည်ကို တွေ့ရှိခဲ့ရသည့်အတွက် မာရိ အလွန်အံ့သြခဲ့ရသည်။* သူမ တွေ့မြင်ခဲ့သည့်အရာကို ပေတရု နှင့် ယောဟန်ထံ ပြောပြရန် သူမပြေးသွားခဲ့သည်။ *သူမပြောသည့် စကားလုံးကို အသုံးပြုပါ။* ***(ယောဟန်၊ ၂၀း ၁-၂)*** *ဤသတင်းစကားကြောင့် သူတို့ မည်သို့ခံစားကြမည်နည်း။*
- ဤသတင်းစကားကြောင့် ပေတရု နှင့် ယောဟန်တို့သည် အလွန်စိတ်လှုပ်ရှားခဲ့ကြပြီး၊ သချိုင်းတော်သို့ အလျှင်အမြန်ပြေးသွားခဲ့ကြသည်။ ယောဟန်သည် ဦးစွာရောက်သော်လည်း ဂူပေါက်ဝမှ ကြည့်နေခဲ့သည်။ သို့သော် ပေတရုသည် ရောက်လာသည့်အခါ ဂူအတွင်းသို့ ဝင်သွားခဲ့သည်။ ထိုနေရာတွင် ယေရှု၏ အလောင်းတော်အား ရစ်ပတ်ထားသည့် ပိတ်စသာ ရှိနေသည်ကို တွေ့ရှိခဲ့သည်။ ထို့နောက် ယောဟန်သည်လည်း ဂူအတွင်းသို့ ဝင်လာခဲ့သည်။ မည်သည့်အရာ ဖြစ်ပျက်သည်ကို ယောဟန်ချက်ခြင်း နားလည်လိုက်သည်။ ယေရှု ရှင်ပြန်ထမြောက်ပြီး ဖြစ်ကြောင်း သူသိလိုက်သည်။ ***(ယောဟန်၊ ၂၀း ၃-၉)***
- သို့သော် မာရိအတွက် စဉ်းစားရခက်နေဆဲ ဖြစ်သည်။ ပေတရု နှင့် ယောဟန် အိမ်ပြန်သွားပြီး နောက်တွင်လည်း မာရိသည် ဥယျာဉ်တော်အတွင်း နေရစ်ခဲ့သည်။ သူမသည် သချိုင်းတော်နားတွင် ရပ်လျက်ငိုကြွေးနေသည်။ ထို့နောက် သချိုင်းတော်အား တဖန်ပြန်ကြည့်ခဲ့သည်။ ဤတစ်ကြိမ်တွင်လည်း မာရိသည် ထပ်မံအံ့သြခဲ့ရပြန်သည်။ *ကောင်းကင်တမန်နှစ်ပါးနှင့် တွေ့ဆုံပြီး စကားအပြန်အလှန် ပြောဆိုခဲ့ကြသည်။* ***(ယောဟန်၊ ၂၀း ၁၀-၁၃)***
- ထို့နောက် မာရိသည် နောက်သို့လှည့်လိုက်သည်။ သူမ မသိသည့် လူတစ်ယောက်သည် ဥယျာဉ်တော်အတွင်းတွင် ရပ်လျက်နေတော်မူသည်။ အပြန်အလှန် စကားပြောခဲ့ကြသည်။ ထိုအချိန်တွင် ထိုလူစိမ်းက သူမအား "မာရိ"ဟု သူမ၏အမည်ကို ခေါ်လိုက်ရာ ထိုအသံကို သူမ ချက်ခြင်းသိလိုက်သည်။ ထိုသူမှာ သူမ၏သခင် သခင်ယေရှုပင် ဖြစ်သည်။ မာရိ မည်သို့ ခံစားမည်နည်း။ သူမကိုယ်တိုင် သူမ၏သခင်ကို မြင်တွေ့ရသည့်အတွက် လွန်စွာဝမ်းမြောက်ခဲ့ရသည်။ ယေရှုသည် အမှန်တကယ် ထမြောက်ခဲ့ပြီး ဖြစ်သည်။ ဒုတိယအကြိမ် တပည့်တော်များကို ရှာရန် မာရိထွက်သွားခဲ့သည်။ *ဤတစ်ကြိမ်တွင် သူမသည် တပည့်တော်များထံ မည်သည့်အကြောင်းကို ပြောမည်နည်း။* ***(ယောဟန်၊ ၂၀း ၁၄-၁၈)***
- *ဘုရားသခင်သည် ယေရှုအား သေခြင်းမှ ထမြောက်စေခဲ့သည်။ ယနေ့တွင် ယေရှုသည် အသက်ရှင်လျက်ရှိသည်။ ယေရှုသည် ထာဝရအသက်ရှင်သော ဘုရားဖြစ်ကြောင်း သမ္မာကျမ်းစာမှ သွန်သင်ထားသည်။ မာရိသည် သချိုင်းတော်တွင် ယေရှုအား တွေ့သည့်အခါ ဝမ်းမြောက်ခြင်း ခံစားရသကဲ့သို့ ကျွန်ုပ်တို့အသက်တာတွင်လည်း ထိုကဲ့သို့သော ဝမ်းမြောက်ခြင်းမျိုး ခံစားရရှိရန် ဘုရားသခင်အလိုတော်ရှိသည်။ သခင်ယေရှုနှင့် မိတ်ဆွေဖြစ်ရခြင်းအကြောင်း နှင့် သူ ကျွန်ုပ်ထံပေးလိုသည့် သူ၏ခွင့်လွှတ်ခြင်း၊ တန်ခိုး နှင့် ဝမ်းမြောက်ခြင်းအကြောင်းကို ကလေးများထံ ပြောပြပြီး တိုက်တွန်းနှိုးဆော်ပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်။**

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ရောမ၊ ၁၀း၉*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။ "ဝန်ခံခြင်း" အဓိပ္ပာယ်ဆိုသည်မှာ ကျွန်ုပ်တို့သည် ယေရှုအား သခင်ဖြစ်ကြောင်း ယုံကြည်သည်ကို အခြားသောသူများသိရန် ဖွင့်ဟဝန်ခံခြင်းဖြစ်ကြောင်း ရှင်းပြပါ။ ကျွန်ုပ်တို့သည် အပြစ်ဒဏ်မှ ကယ်လွှတ်ခြင်း ခံစားနိုင်ရန် ဘုရားသခင်သည် သခင်ယေရှုအား သေခြင်းမှ ရှင်ပြန်ထမြောက်စေခဲ့သည်ကို ကျွန်ုပ်တို့ ယုံကြည်ရန် လိုအပ်ကြောင်း ဤကျမ်းချက်မှ သွန်သင်ထားသည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- သချိုင်းတော်သို့ အဦးဆုံးသွားသောသူမှာ မည်သူနည်း။
- မာရိသည် ဂူဝမှကျောက်တုံးကို မည်သို့ သတိထားမိသွားသနည်း။
- မည်သူတို့ထံ သူမသွားပြောပြခဲ့သနည်း။
- ဂူထဲသို့ ဦးဆုံးဝင်သောသူမှာ မည်သူနည်း။
- ဂူထဲတွင် အလောင်းတော်မရှိသည်ကို ယောဟန်သည် သေခြားစွာသိသွားသည့်အခါ မည်သည့်အရာ လုပ်ဆောင်ခဲ့သနည်း။
- မာရိသည် သချိုင်းတော်တွင် တစ်ဦးတည်း နေရစ်နေချိန် မည်သည့်အရာကို မြင်တွေ့ခဲ့သနည်း။
- ကောင်းကင်တမန်သည် မာရိထံ မည်သည့်အရာ မေးခဲ့သနည်း။
- မာရိနှင့်အတူ ဥယျာဉ်တော်ထဲတွင် ရှိသောသူမှာ မည်သူနည်း။
- ထိုသူမှာ ယေရှုဖြစ်ကြောင်း မာရိ မည်သို့ သိသနည်း။
- ယေရှုအား ရှင်ပြန်ထမြောက်စေသောသူမှာ မည်သူနည်း။

# <u>ခ ၄ ပုံပြင် ၄</u>

ယေရှု၏ တက်ကြွခြင်း နှင့် ပြန်လည်ကြွလာခြင်း - ဤပုံပြင်သည် သခင်ယေရှု ပြန်လည်ကြွလာမည့်အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- သခင်ယေရှုသည် ကောင်းကင်သို့ တက်ကြွတော်မူပြီး၊ ကောင်းကင်တွင် စိုးစံတော်မူသည်။
- သူ၏ပြန်လည်ကြွလာခြင်းအတွက် ကျွန်ုပ်တို့ အဆင်သင့်ဖြစ်နေရန် လိုအပ်သည်။

**အဓိကသော့ချက်ကျမ်း** *တမန်တော်၊ ၁း ၁၁*

**ကျမ်းညွှန်း** *ရှင်လုကာ၊ ၂၄း ၅၀-၅၃၊ တမန်တော်၊ ၁း ၄-၁၂*

## သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

နှုတ်ဆက်ခွဲခွါရသည့်အကြောင်း ပြောပါ။ ဥပမာ- သင်၏ဆွေမျိုးသားချင်းသည် သင်နှင့်အတူနေထိုင်ပြီး မိမိအိမ်သို့ပြန်သွားရခြင်း၊ သို့မဟုတ် သင်၏ကျောင်းမှ သူငယ်ချင်းတစ်ဦးဦးသည် အခြားအဝေးတစ်နေရာသို့ ပြောင်းရွှေ့သွားခြင်း၊ စသည့်အချိန်များတွင် နှုတ်ဆက်ရသည့် အခြေအနေများအကြောင်းပြောပါ။ သို့မဟုတ် သင်၏အတွေ့အကြုံမှ တကယ်အဖြစ်အပျက်များအကြောင်း ပြောပါ။ တခါတရံ ပြန်လာမည်ဟု ကတိပေးပြီး၊ တခါတရံ ဆက်လက် ဆက်သွယ်ကြရအောင်ဟု ပြောတက်ကြသည်။ လွယ်ကူစွာ ခွဲခွါနိုင်ရန် ကတိစကားများက ကူညီပေးသည်။

## သင်ကြားပေးပါ။

- ယေရှု ရှင်ပြန်ထမြောက်ပြီးနောက်တွင် တပည့်တော်တို့သည် ယေရှုနှင့်အတူ အံ့ဩဖွယ်အချိန်အချို့ကို အသုံးပြုခဲ့ကြသည်။ ယခုတွင် ယေရှု အသေခံတော်မူသည့် အကြောင်းအရင်ကို ပိုမိုသိရှိခဲ့ကြသည်။ ရက်သတ္တပတ် ခြောက်ပတ် ကြာပြီးနောက်တွင် တပည့်တော်တစ်ဆယ့်တစ်ဦးအား သံလွင်ဟု အမည်ရှိသည့် တောင်ပေါ်သို့ ခေါ်ဆောင်သွားခဲ့သည်။ သူသည် ကောင်းကင်သို့ တက်ကြွရန် အချိန်ကျရောက်ပြီးဖြစ်ကြောင်း တပည့်တော်တို့ထံ ရှင်းပြခဲ့သည်။ တပည့်တော်တို့အားသာချန်ထားခဲ့ခြင်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့အား အထူးကူညီပေးမည့် သန့်ရှင်းသော ဝိညာဉ်သည် မကြာမီ ဆင်းသက်လာမည် ဖြစ်သည်။ *တပည့်တော်တို့ထံ မိန့်တော်မူသည်ကို သူတို့သည် ကြည့်ရှုတော်မူစဉ် ယေရှုသည် ကောင်းကင်သို့ တက်ကြွတော်မူသည်။ ယေရှု ကောင်းကင်သို့ တက်ကြွတော်မူသည်ကို သူတို့သည် စေ့စေ့ကြည့်ခဲ့ကြသည်။ သို့သော် မိုးတိမ်အားဖြင့် ကွယ်သွားခဲ့သည်။ ယေရှု ကောင်းကင်သို့ တက်ကြွခြင်း နှင့်ပတ်သက်၍ ကလေးများထံ သင်မေးခွန်းမေးနိုင်သည်။ (အဆင့် ၂ ကလေးများအတွက်) ကလေးများ မည်သို့ ခံစားကြမည်နည်း။ စဉ်းစားရခက်မည်လား။ အံ့ဩမည်လား။ ဝမ်းနည်းမည်လား။* ***(တမန်၊ ၁း၈-၉)***
- ထိုအချိန်အတောအတွင်းတွင် ကောင်းကင်တမန်နှစ်ပါးတို့သည် ပေါ်လာပြီး အဘယ်ကြောင့် ကောင်းကင်သို့ မျှော်ကြည့်၍ နေကြသနည်းဟု တပည့်တော်တို့ထံမေးခဲ့သည်။ ထို့နောက် ကောင်းကင်တမန်တို့က သင်တို့နှင့်ခွါ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်တွင် တဖန် ပြန်ကြွလာတော်မူလိမ့်မည်ဟု ပြောဆိုခဲ့ကြသည်။ ***(တမန်၊ ၁း၁၀-၁၁)***
- တပည့်တော်တို့သည် တောင်ပေါ်တွင် ဆက်မနေသင့်ကြောင်း သိခဲ့ကြသည်။ ကူညီပေးမည့်သူကို စေလွှတ်ပေးမည်ဟု သူတို့၌ ယေရှု ထားတော်မူသည့် ကတိတော်ကိုရရှိရန် ယေရှုရှလင်သို့ သွားသင်ကြောင်း သူတို့သိရှိခဲ့ကြသည်။ သူတို့သည် ဝမ်းမနည်းကြပါ။ ဝမ်းမြောက်ခြင်းနှင့် ပြည့်နေကြသည်။ ***(လုကာ၊၂၄း၅၂)*** *နိဒါန်းတွင် လူတို့၏ ထွက်ခွါခြင်းအကြောင်း ဆွေးနွေးခဲ့သည့်အရာနှင့် ဤအကြောင်းကို ဆက်စပ်ပြောပြပါ။ ယေရှုသည် သူတို့ထံပေးခဲ့သည့် ကတိစကားကို စောင့်ထိန်းမည်ဖြစ်ကြောင်း တပည့်တော်တို့သည် ယုံကြည်ကြကြောင်း နှင့် ကျွန်ုပ်တို့ထံပေးခဲ့သည် ယေရှု၏ ကတိတော်များကိုလည်း ကျွန်ုပ်တို့သည် ယုံကြည်ရန် လိုအပ်ကြောင်း ကလေးများထံ ရှင်းပြပါ။*
- ယနေ့တွင်လည်း ယေရှုသည် ကောင်းကင်တွင် ရှိနေသည်။ သို့သော် သူအားချစ်သောသူတို့သည် သူ၏ပြန်လည်ကြွလာခြင်းကို စောင့်မျှော်နေကြသည်။ မည်သည့်အချိန်တွင် သူပြန်လည်ကြွလာမည်ကို ကျွန်ုပ်တို့မသိပေ။ သို့သော် သူပြန်လည်ကြွလာလိမ့်မည်မှာ အမှန်ပင် ဖြစ်သည်။ သူ၏ကတိစကားကို သူစောင့်ထိန်းပေလိမ့်မည်။ *သူ၏ ပြန်လည်ကြွလာခြင်းအတွက် အဆင်သင့်ဖြစ်နေရန် လိုအပ်ကြောင်းနှင့်၊ သခင်ယေရှုကို ယုံကြည်ခြင်းအားဖြင့် သူတို့၏အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရပြီး - သူ၏ပြန်လည်ကြွလာခြင်းအတွက် အဆင်သင့်ပြင်ဆင်ထားနိုင်ကြောင်း ကလေးများထံ တိုက်တွန်းခွန်အားပေး၍ နှိုးဆော်ပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။ FBI ယေရှု ကောင်းကင်သို့ တက်ကြွခြင်း**

## သင်ယူစေပါ

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***တမန်၊ ၁း ၁၁*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။ ဤကျမ်းချက်သည် ရှည်သည့်ကျမ်းချက်ဖြစ်သည့်အတွက် သင်၏ကလေးများနှင့် သင့်လျှော်ပြီးအဓိကကျသည့်အပိုင်းကို သင်ပေးပါ။ ဥပမာ "ထိုယေရှုသည်. . . " မှစ၍ သင်ကြားပေးနိုင်သည်။ (အဆင့် ၂) သို့မဟုတ် အဆင့်၁တွင် ပေးထားသည့် ကောင်းကင်တမန်၏စကားမှလည်း သင်ကြားပေးနိုင်သည်။ ကျမ်းချက်၏ ဆက်စပ်မှုကို ကလေးများထံ သတိပေးရှင်းပြပါ။ မည်သူ ပြောနေသနည်း။ မည်သူထံ ပြောနေသနည်း။ မည်သည့်အချိန်၊ မည်သည့်နေရာတွင် ပြောနေခြင်း ဖြစ်သည်ကို ပြောပြပါ။

## သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- သံလွင်တောင်ပေါ်တွင် ယေရှုနှင့်အတူ တပည့်တော်မည်မျှ ရှိခဲ့ကြသနည်း။
- ယေရှုသည် မိမိသွားရန်အချိန်ကျပြီးဟု တပည့်တော်တို့ထံ ပြောရာတွင် မည်သည့်အရပ်သို့ သွားရန်ပြောနေခြင်းဖြစ်သနည်း။
- တပည့်တော်တို့သည် ယေရှုထံမှ မည်သည့် ကတိတော်ကို လက်ခံရရှိခဲ့သနည်း။
- ယေရှုအား စေ့စေ့ကြည့်နေစဉ် သူအားမမြင်နိုင်တော့ရန် မည်သည့်အရာနှင့် ကွယ်သွားခဲ့သနည်း။
- ကောင်ကင်တမန်တို့သည် တပည့်တော်တို့ထံ မည်သည့် သတင်းစကားကို ပြောကြားခဲ့သနည်း။
- ထို့နောက် တပည့်တော်တို့သည် မည်သည်နေရာသို့ သွားခဲ့ကြသနည်း။
- ယေရှုသည် မည်သည့်အချိန်တွင် ပြန်လည်ကြွလာမည်နည်း။
- မည်သူတို့အတွက် သူကြွလာမည်နည်း။

<u>**ခ ၅ ပုံပြင် ၁**</u>

ကောင်းသော ရှမာရိ - ဤပုံပြင်သည် ကိုယ်နှင့်စပ်ဆိုင်သူအား ကိုယ်နှင့်အမျှချစ်ခြင်း အကြောင်း ဖြစ်သည်။

<table>
<tr><td></td><td>

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ကျွန်ုပ်တို့နှင့် တွေ့ဆုံသည့်သူတိုင်းအပေါ် သနားခြင်းဂရုဏာထားတတ်ရန် သခင်ယေရှု အလိုတော်ရှိသည်။
- သခင်ယေရှုသည် ကောင်းသောရှမာရိကဲ့သို့ ဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်၊ မိတ်ဆွေကောင်း နှင့် ကူညီပေးသူ ဖြစ်လိုသည်။

**အဓိကသော့ချက်ကျမ်း** *တမန်တော်၊ ၁၀း ၂၇*<br>
**ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၀း ၂၅-၃၇၊*

</td></tr>
<tr><td>သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။</td><td>

ကလေးများ နှစ်သက်သည့် ပုံပြင်များကိုမေးပြီး ထိုပုံပြင်များအကြောင်း ပြောပြခိုင်းပါ။ (ထိုပုံပြင်များအကြောင်း သူတို့ ပုံဆွဲနိုင်ရန် အချိန်ကန့်သက်ပေးပါ။) ဘုရားသခင်၏အကြောင်း လူများနားလည်နိုင်ရန် သခင်ယေရှုသည်  ပုံပြင်များစွာကို ပြောပြခဲ့သည့်အကြောင်း ရှင်းပြပါ။ ထို့ကြောင့် သူ၏ပုံပြင်များသည် အလွန်အဓိပ္ပာယ်ရှိလှသည်။ ထိုပုံပြင်ထဲမှအချို့ကို ကျွန်ုပ်တို့ ကြားနာသွားရမည် ဖြစ်သည်။ ဤပုံပြင်များကို ပုံဥပမာပေးသည့် ပုံပြင်များဟု ခေါ်သည်။ သူတို့ သွားခဲ့ဖူးကြသည့် ခရီးဝေးများအကြောင်းကို ကလေးများထံမေးပါ။ မည်သည့်နေရာသို့ သူတို့သွားခဲ့ကြသနည်း။ မည်သို့ ခရီးပြုခဲ့ကြသနည်း။ ထိုခရီးကို အစီအစဉ် ဆွဲထားသည့်အတိုင်း သွားနိုင်ခဲ့ကြသလား။

</td></tr>
<tr><td>သင်ကြားပေးပါ။</td><td>

- လူတစ်ယောက်၏ မေးခွန်းကို ပြန်ဖြေသည့်အနေဖြင့် ယေရှုသည် ခရီးသွားသည့် လူတစ်ဦး၏ ပုံဥပမာတစ်ခုကို ပြောပြခဲ့သည်။ ထိုမေးခွန်းမေးသည့် လူသည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်ရမည်ဖြစ်ကြောင်း နှင့် ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်ရမည့်အရာကို သိထားသည်။ သို့သော် ထိုစကားလုံးများ၏ စစ်မှန်သည့် အဓိပ္ပာယ်ကိုမူ သူအမှန်တကယ်မသိထားပေ။ ***(လုကာ၊ ၁၀း ၂၅-၂၈)*** *ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်ခြင်းဆိုသည်မှာ အဘယ်နည်း။ ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်ခြင်း ဆိုသည်မှာ အဘယ်နည်း။ သင်မည်သို့ တွေးထင်ပါသနည်း။ ဆွေးနွေးပါ။*
- ကိုယ်နှင့် အမှန်တကယ်စပ်ဆိုင်သူမှာ မည်သူဖြစ်ကြောင်း ဖော်ပြရန် ယေရှုသည် ပုံဥပမာကို စတင်ပြောခဲ့သည်။ လူတစ်ဦးသည် ယေရှုရှလင်မှ ယေရိခေါသို့ ခရီးသွားခဲ့သည်။ လမ်းတွင် ဓားပြတို့နှင့် တွေ့ကြုံရပြီး၊ ဓားပြတို့သည် သူအား တိုက်ခိုက်၊ ရိုက်နှက်၊ လုယူက်ပြီး သေလုမတတ်ရှိသောအခါ ပစ်ထား၍ သွားကြသည်။ ***(လုကာ၊ ၁၀း ၂၉-၃၀)*** ထိုသူ၏ ခရီးသွားခြင်းသည် အင်မတန်မှ ဆိုးဝါးလှသည်။ *သင်ခန်းစာထဲမှ မြေပုံကို ကလေးများထံ သင်ပြသနိုင်သည်။ ယေရှုရှလင် နှင့် ယေရိခေါသည် မည်သည့်နေရာတွင် ရှိကြောင်း ကလေးများကိုယ်တိုင် ရှာဖွေညွှန်ပြရန် အခွင့်ပေးပါ။*
- လူသုံးယောက်တို့သည် ထိုလမ်းသို့ ရောက်ရှိလာကြသည်။ ပထမလူမှာ ယဇ်ပရောဟိတ်ဖြစ်သည်။ သူသည် ထိုခရီးသွားလူနာအား မြင်လျှင် လွှဲရှောင်သွားလေသည်။ ဒုတိယလူမှာ (ဗိမာန်တော်တွင် အမှုထမ်းသည့်) လေဝိလူဖြစ်သည်။ သူသည်လည်း လာ၍လူနာအား ကြည့်ပြီးလျှင် မကူညီပဲ လွှဲရှောင် သွားလေသည်။ ***(လုကာ၊ ၁၀း၃၁-၃၂)***
- တတိယလူမှာ ရှမာရိလူ ဖြစ်သည်။ (ယုဒ နှင့် ရှမာရိလူတို့သည် အပေါင်းအသင်းမလုပ်ကြပေ။ သူသည် လူနာထံသို့ ချဉ်းကပ်ပြီးလျှင် သူ၏အနာများကို ဆီနှင့်စပျစ်ရည်ထည့်လျက် အဝတ်နှင့်စည်းပြီးလျှင် လူနာအား သူ၏တိရစ္ဆာန်ပေါ်သို့တင်၍ စရပ်တစ်ခုသို့ ဆောင်သွားခဲ့သည်။ ရှမာရိလူသည် ထိုနေ့ညတွင် ထိုနေရာတွင် တည်းခိုပြီး နောက်တစ်နေ့နံနက်တွင် ထွက်သွားသည့်အခါ ဒေနာရိနှစ်ပြားကိုထုတ်၍ စရပ်ရှင်အားပေးလျက် လူနာအား ကြည့်ရှုစောင့်ရှောက် ပေးရန် မှာခဲ့သည်။ ***(လုကာ၊ ၁၀း ၃၃-၃၅)***
- ယေရှုသည် ပုံဥပမာကို ပြောပြပြီးနောက်တွင် “ထိုလူ သုံးယောက်တို့တွင် မည်သူသည် လူနာနှင့် စပ်ဆိုင်သောသူဖြစ်ပါသနည်း။” ဟု ကျမ်းတတ်အား မေးခွန်းမေးခဲ့သည်။ လူနာအားသနားသောသူသည် လူနားနှင့်စပ်ဆိုင်သူဖြစ်ပါသည်ဟု ထိုကျမ်းတတ်သည် ဖြေခဲ့သည်။ ယေရှုက သင်သည်သွား၍ ထို့နည်းတူပြုလော့ဟု ထိုသူအား မိန့်တော်မူခဲ့သည်။ ***(လုကာ၊ ၁၀း ၃၆-၃၇)***
- *ဆွေးနွေးပါ။ - ကျွန်ုပ်တို့နှင့် တွေ့ဆုံသောသူများထံ မေတ္တာပြနိုင်သည့် နည်းလမ်းများကို သင်စဉ်းစားနိုင်ပါသလား။ လူများထံ မေတ္တာပြခြင်းသည် ခက်ခဲသည့်အရာ ဟုတ်ပါသလား။ ကျွန်ုပ်တို့ထံ မေတ္တာပြသည့် သူများထံသာ မေတ္တာပြရန် မဟုတ်ဘဲ လူတိုင်းထံ မေတ္တာပြသင့်ကြောင်း သခင်ယေရှု သွန်သင်ထားသည်ကို ကလေးများအား သတိပေး နှိုးဆော်ပါ။ ဆွေးနွေးပါ။ - ယေရှုသည် ကျွန်ုပ်တို့အတွက် ကောင်းသောရှမာရိကဲ့သို့ ဖြစ်သည့် နည်းလမ်း တစ်စုံတစ်ခုကို သင်စဉ်းစားနိုင်ပါသလား။ (သူသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်၊ ကူညီသူ နှင့် မိတ်ဆွေကောင်း ဖြစ်လိုသည်။)*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**<br>
**ပြပါ။  FBI ကောင်းသော ရှမာရိပုံဥပမာ**

</td></tr>
<tr><td>သင်ယူစေပါ</td><td>

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ရှင်လုကာ၊ ၁၀း၂၇*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။

</td></tr>
<tr><td>သင်ခန်းစာကို မှတ်မိသတိရစေပါ။</td><td>

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ယေရှုပြောသည့် ပုံပြင်ကို မည်သို့ခေါ်ပါသနည်း။
- လူတစ်ဦးသည် မည်သည့်အရပ်မှ မည်သည့်အရပ်သို့ ခရီးသွားခဲ့သနည်း။
- သူ၌မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။
- သူရှိသည့်လမ်းနေရာတွင် လူမည်မျှဖြတ်သွားခဲ့သနည်း။
- မည်သူသည် သူအားကူညီပေးခဲ့သနည်း။
- သူဘာလုပ်ပေးခဲ့သနည်း။
- လူနာအား ပြုစုရန် စရပ်ရှင်ထံ ဒေနာရိအပြား မည်မျှပေးခဲ့သနည်း။
- ပုံပြင်၏ အဆုံးတွင် ယေရှုသည် ကျမ်းတတ်အား မည်သည့်မေးခွန်းမေးခဲ့သနည်း။

</td></tr>
</table>

## ၁၅ ပုံပြင် ၂

ပျောက်သော သိုး - ဤပုံပြင်သည် သခင်ယေရှု ကျွန်ုပ်တို့အား မည်မျှ ဂရုစိုက်သည့်အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ကျွန်ုပ်တို့သည် ပျောက်သောသိုးကဲ့သို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်ကြသည်။
- ယေရှုသည် ကောင်းသောသိုးထိန်းကဲ့သို့ဖြစ်ပြီး၊ သူသည် ကျွန်ုပ်တို့ကို ရှာဖွေလိုသည်။

**အဓိကသော့ချက်ကျမ်း** ***ရှင်ယောဟန်၊ ၁၀း ၁၁***

**ကျမ်းညွှန်း** ***ရှင်လုကာ၊ ၁၅း ၁-၇***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ဆွေးနွေးပါ။ သင် လမ်းပျောက်ဖူးပါသလား။ မည်သို့ လမ်းပျောက်ရခြင်း ဖြစ်သနည်း။ မည်သို့ ခံစားရသနည်း။ သင့်အား မည်သူရှာတွေ့ခဲ့သနည်း။ သင့်အားရှာသောသူနှင့် သင်တွေ့ဆုံသည့်အခါ သင်မည်သို့ခံစားရသနည်း။
ယနေ့ပုံပြင်သည် သိုးတစ်ကောင်ပျောက်သွားသည့် သိုးထိန်းကြီးတစ်ဦး၏ အကြောင်းဖြစ်သည်ကို ကလေးများထံ ပြောပြပါ။
သိုးထိန်းသည် သိုးများကို မည်သို့ကျွေးမွေး ရသည်ဟု ထင်ပါသနည်း။ ကလေးများကို မေးပါ။ (အစာကျွေးရသည်။ ကာကွယ်ပေးရသည်။ ဂရုစိုက်ပေးရသည်။ စသဖြင့်)
သိုးများသည် တခါတရံ ဟိုနားသည်နား လျှောက်သွားတက်ကြပြီး လမ်းပျောက်တက်ကြကြောင်း ကလေးများ နားလည်နိုင်ရန် ရှင်းပြပေးပါ။

**သင်ကြားပေးပါ။**

- တစ်နေ့သ၌ အခွန်ခံအချို့ နှင့် လူဆိုးအချို့တို့သည် ယေရှု၏ ဒေသနာတော်ကို ကြားနာရန် ရောက်ရှိလာကြသည်။ အချို့က စတင်ပြစ်တင်ပြီး၊ ကန့်ကွက်ကြသည်။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် လူဆိုးများကို ကြိုဆိုလက်ခံသည့်အတွက်ကြောင့် ဖြစ်သည်။ ယေရှုသည် ထိုသူတို့၏ ကန့်ကွက် ပြစ်တင်ခြင်းကို မနှစ်သက်သည့်အတွက် ပုံဥပမာကို စတင်ပြောခဲ့သည်။ ***(လုကာ၊ ၁၅း ၁-၃)*** *လူတိုင်း သူ့ထံလာရန် သခင်ယေရှုအလိုတော်ရှိကြောင်း ကလေးများကိုရှင်းပြပါ။ မည်သို့သောသူ ဖြစ်ပါစေ၊ သို့မဟုတ် မည်သည့်အပြစ်သား ဖြစ်ပါစေ မည်သူမဆို သူထံလာရန် သခင်ယေရှုအလိုတော်ရှိသည်။*
- သိုးအကောင် ၁၀၀ ရှိသည့် သိုးထိန်းကြီးတစ်ဦးအကြောင်း ပုံဥပမာကို သခင်ယေရှု ပြောပြခဲ့သည်။ တစ်နေ့တွင် ထိုသိုးများထဲမှ တစ်ကောင်သည် ပျောက်သွားခဲ့သည်။ သိုးထိန်းကြီးသည် ကျန်ရှိသည့် သိုးများကိုထားပြီး ပျောက်သောသိုးတစ်ကောင်ကို ရှာဖွေရန် ထွက်သွားခဲ့သည်။ ထိုသိုးတစ်ကောင်အား ရှာမတွေ့မီတိုင်အောင် သိုးထိန်းကြီးသည် ဝမ်းမမြောက်နိုင်ခဲ့ပေ။ ***(လုကာ၊ ၁၅း ၄)***
  *ကျွန်ုပ်တို့သည် ပျောက်သောသိုးကဲ့သို့ ဖြစ်ကြောင်း သမ္မာကျမ်းစာထဲတွင် သွန်သင်ထားသည့်အကြောင်း ကလေးများထံ ပြောပြပါ။ သခင်ယေရှုသည် ကောင်းသောသိုးထိန်းဖြစ်ပြီး၊ သူသည် ကျွန်ုပ်တို့ကို ရှာဖွေပြီး၊ ဂရုစိုက်ပေးလိုသည်။ ယေရှုသည် ကျွန်ုပ်အား ဂရုစိုက်ထိန်းကျောင်းပေးကြောင်း ဖော်ပြခဲ့သည်။ သူ၏ ဂရုစိုက်ခြင်းများအကြောင်း သက်သေပြဖော်ထုတ်နိုင်သည့် နည်းလမ်းများကို ကလေးများထံမေးပါ။ ကလေးများပြောပြသည့်အချက်များကို သင်ချရေးနိုင်ပြီး သူ၏စောင့်ရှောက်ခြင်းများအတွက် ကျေးဇူးတင်သင့်ကြောင်း ကလေးများကို တိုက်တွန်းခွန်အားပေးပါ။ (ယေရှု ကျွန်ုပ်တို့အား စောင့်ရှောက်သည့် အမွန်မြတ်ဆုံးနည်းလမ်းဖြစ်သည့် ကျွန်ုပ်တို့အတွက် သူ၏အသက်ကိုပေးခြင်း အချက်ကို သိသာထင်းရှားစေရမည်ဖြစ်သည်။)*
- နောက်ဆုံးတွင် သိုးထိန်းကြီးသည် သူ၏သိုးကို တွေ့ရှိသွားခဲ့ပြီး အလွန်ပျော်ရွှင်ခဲ့ရသည်။ သူသည် ပျောက်သောသိုးအား ပွေ့ချီပြီး သူ၏ ပခုံးပေါ်သို့တင်ကာ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်သို့ ပြန်ရောက်သည့်အခါ သူ၏ မိတ်ဆွေသူငယ်ချင်းများ၊ အိမ်နီးချင်းများကို ခေါ်ပြီး သူ၏ပျောက်သောသိုး ပြန်တွေ့ခဲ့ကြောင်း နှင့် အလွန်ဝမ်းမြောက်ကြောင်း ပြောပြခဲ့သည်။ ***(လုကာ၊ ၁၅း ၅-၆)***
  သိုးထိန်းသည် ပျောက်သောသိုးအား တွေ့ရှိသည့်အခါ အလွန်ဝမ်းမြောက်သည်နည်းတူ လူဆိုးတစ်ယောက်သည် မိမိအပြစ်ကို နောင်တရပြီး သခင်ယေရှုအား ယုံကြည်ကိုးစားလျှင် ကောင်းကင်တွင် စစ်မှန်သည့် ဝမ်းမြောက်ခြင်း ဖြစ်ပေါ်ကြောင်း ကလေးများထံ ပြောပြပါ။ ပျောက်သောသိုးတစ်ကောင်၊ ထိုသိုးအား ရှာဖွေနေသည့် သိုးထိန်းကြီး၊ ထို့နောက် ပျောက်သောသိုးအား ပြန်တွေ့သည့်အခါ သူငယ်ချင်းများ၊ အိမ်နီးချင်းများနှင့် ပွဲခံသည့် သိုးထိန်း စသည့်ဖြင့် ပြဇာတ်ပြုလုပ်ကာ ပြန်လည်ခွန်အားပေး တိုက်တွန်းနိုင်သည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI ပျောက်သော သိုး ပုံဥပမာ**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ရှင်ယောဟန်၊ ၁၀း၁၁*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- လူအချို့ မပျော်ရွှင်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- သိုးထိန်းကြီးတွင် သိုးအကောင် မည်မျှရှိသနည်း။
- သိုးအကောင် မည်မျှ ပျောက်သွားသနည်း။
- သိုးထိန်းကြီး ဘာလုပ်သနည်း။
- သိုးထိန်းကြီးသည် သူ၏သိုးအား အိမ်သို့ ပြန်ခေါ်လာသည့်အခါ မည်သို့ ခေါ်ဆောင်လာသနည်း။
- အိမ်သို့ ပြန်ရောက်သည့်အခါ သူဘာလုပ်ခဲ့သနည်း။
- မည်သူသည် သိုးနှင့်တူသနည်း။
- မည်သူသည် သိုးထိန်းနှင့် တူသနည်း။

## <u>ခ ၅ ပုံပြင် ၃</u>

ပျောက်သော သား - ဤပုံပြင်သည် မှားယွင်းသော လုပ်ဆောင်ချက်အတွက် ဝမ်းနည်းရခြင်း အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ကျွန်ုပ်တို့ပြုလုပ်သည့်အမှားများအတွက် အမှားဝန်ခံပြီး နောင်တရရန် ဘုရားသခင် အလိုတော်ရှိသည်။
- ကျွန်ုပ်တို့သည် အမှားကိုသိပြီး အပြစ်ဝန်ချတောင်းပန်သည့်အချိန်တွင် ဘုရားသခင်သည် အပြစ်များကို ခွင့်လွှတ်ပေးမည် ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၁၅း ၂၄*
**ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၅း ၁၁-၂၄*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ဥပမာပေးသည့်အနေဖြင့် ခွင့်လွှတ်ခြင်းအကြောင်း ပုံပြင်တို တစ်ပုဒ်ကို ကလေးများထံ ပြောပြပါ။ *ဥပမာ - တစ်နေ့တွင် ဂျန်းနီ နှင့် ဆမ်းတို့ အတူတူ ကစားကြသည်။ ဆမ်း ကစားလိုသည့် ဘောလုံးနှင့် ဂျန်းနီကစားနေသည်။ ဆမ်း ဝမ်းနည်းသွားသည်။ ဆမ်းသည် သူမထံမှ ဘောလုံးကို လုယူပြီး သူမအား ခေါင်းခေါက်လိုက်သည်။ ဂျန်းနီ စတင်ငိုလိုက်သည်။*
ဆွေးနွေးပါ။ - ဂျန်းနီ အဘယ်ကြောင်း ငိုရခြင်း ဖြစ်သနည်း။ ဆမ်း မည့်သည့်အရာ လုပ်ဆောင်သင့်သည်ဟု သင်ထင်ပါသနည်း။ ဂျန်းနီက သူအား ခွင့်လွှတ်သင့်သည်ဟု သင်ထင်ပါသလား။
သမ္မာကျမ်းစာထဲမှ ယနေ့ကျွန်ုပ်တို့ သင်ယူသွားမည့် ပုံပြင်သည် ခွင့်လွှတ်ခြင်း အကြောင်းဖြစ်သည်။

### သင်ကြားပေးပါ။

- ယေရှုသည် အခြားပုံဥပမာတစ်ခု ထပ်ပြောပြခဲ့သည်။ တခါက သားနှစ်ယောက်ရှိသည့် လူတစ်ဦး ရှိသည်။ သားငယ်သည် တစ်နေ့သူပိုင်ဆိုင်ရမည့် အမွေဥစ္စာများကို ဖခင်ထံ တောင်းခံခဲ့သည်။ ဖခင်သည် သူသားငယ်၏ ပိုင်ဆိုင်မှုများကို ခွဲပေးလိုက်သည်။ သား နှင့် ဖခင်တို့၏ ခံစားချက်များ မည်သို့ ဖြစ်မည်ကို ဆွေးနွေးပါ။ ***(လုကာ၊ ၁၅း ၁၁-၁၂)***
- မကြာမီမှာပင် သားငယ်သည် သူ၏ငွေအိတ်ကို ယူဆောင်ကာ အိမ်မှထွက်သွားခဲ့သည်။ သားငယ်သည် အိမ်နှင့်ဝေးရာနေရာတွင် ရောက်ရှိနေချိန် သူ၏ ငွေများကို မကောင်းသည့် နေရာတွင် ဖြုန်းတီးခဲ့သည်။ သူရောက်ရှိနေသည့် နေရာတွင် အစာခေါင်းပါးခြင်း ဖြစ်လာသည်။ ထိုအချိန်တွင် သားငယ်၏ လက်ထဲတွင် ငွေများမရှိတော့ပေ။ မည်သူတစ်ဦးတစ်ယောက်မျှ သူအား အကူအညီမပေးကြတော့ပေ။ သူ၏ စားဝတ်နေရေးအတွက် ဝက်ကျောင်းသည့် အလုပ်ကို သူလုပ်ခဲ့ရသည်။ သူသည် ဝတ်စားသည့်အစာကိုပင် စားချင်မတက် ဆာလောင်ခဲ့ရသည်။ ***(လုကာ၊ ၁၅း ၁၃-၁၆)*** *ဆွေးနွေးပါ။ သူ၌ငွေကြေး လုံးဝမရှိတော့သည့်အခါ သားငယ်မည်သို့ ခံစားမည်ဟု သင်ထင်ပါသနည်း။ သူ မည်သည့်အရာ လုပ်သင့်သည်ဟု သင်ထင်သနည်း။*
- တစ်နေ့တွင် ထိုသားငယ်သည် သူ၏အိမ်အကြောင်းကို စဉ်းစားခဲ့သည်။ သူ၏ အိမ်တွင်ရှိသော အစေခံများပင် ဝလင်စွာအစာ စားရသည်ကို သူနားလည်လာခဲ့သည်။ သူအလွန်ဝမ်းနည်းကြောင်း နှင့် အစေခံတစ်ဦးအဖြစ်နေခွင့်ပြုရန် သူ၏ဖခင်ထံသို့ပြန်ပြီး တောင်းဆိုမည်ဟု သူဆုံးဖြတ်လိုက်သည်။ ***(လုကာ၊ ၁၅း ၁၇-၁၉)*** *ဆွေးနွေးပါ။ - သားငယ်သည် ခွင့်လွှတ်ခြင်းနှင့် ထိုက်တန်သည်ဟု သင်ထင်ပါသလား။ ဖခင်သည် သူ့အား ခွင့်လွှတ်ပေးလိမ့်မည်ဟု သင်ထင်ပါသလား။*
- သူသည် အိမ်သို့ ပြန်လာခဲ့သည်။ သူပြန်လာနေသည်ကို အဝေးမှ သူ့ဖခင်လှမ်းမြင်ခဲ့သည်။ သူ၏ဖခင်သည် သူ့ထံပြေးပြီး ပိုက်ဘက်လျက် နမ်းခဲ့သည်။ သူအလွန်မှားကြောင်း နှင့် နောင်တရကြောင်း ဖခင်ထံ တောင်းပန်ခဲ့သည်။ သို့သော် ဖခင်သည် သူအား အရေးမယူခဲ့ပေ။ ဖခင်သည် အစေခံများကို ခေါ်လျက် သူ့သားအတွက် မြတ်သောဝတ်လုံ၊ လက်စွပ်၊ ခြေနင်းကို ယူခဲ့ရန် ပြောဆိုခဲ့သည်။ ထို့နောက် သူသားအိမ်ပြန်လာသည့်အတွက် ပွဲကျင်းပပေးခဲ့သည်။ ***(လုကာ၊၁၅း ၂၀-၂၄)***
- *ဆွေးနွေးပါ။ - သားငယ်သည် အိမ်သို့ပြန်လာသည့်အခါ မည်သို့ခံစားမည်ဟု သင်ထင်ပါသနည်း။ ကျွန်ုပ်တို့သည် သားငယ်ကဲ့သို့ဖြစ်ကြောင်း ရှင်းပြပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် မှားယွင်းသည့်အမှုကို ပြုခဲ့သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ဖခင်နှင့်တူသည်။ ကျွန်ုပ်တို့အား သူ့ထံသို့ပြန်လာရန် နှင့် ကျွန်ုပ်တို့အပြစ်များအတွက် နောင်တရရန် ဘုရားသခင် အလိုတော်ရှိသည်။ ဆွေးနွေးပါ။ - သင့်အားခွင့်လွှတ်ရန် လူတစ်ဦးဦးထံ သင် တောင်းပန်ခဲ့သည်။ သို့သော် ထိုသူမှ သင်၏တောင်းပန်စကားကို နားမထောင်ခြင်း၊ ခွင့်မလွှတ်နိုင်ခြင်း စသည့်အဖြစ်မျိုး သင်ကြုံတွေ့ခံစားဖူးပါသလား။ ကျွန်ုပ်တို့အပြစ်မှ နောင်တရကြောင်း တောင်းပန်သည့်အခါ ဘုရားသခင်သည် ကျွန်ုပ်တို့၏စကားကို အမြဲနားထောင်ပေးပြီး ခွင့်လွှတ်ပေမည် ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။  FBI ပျောက်သော သား**

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ရှင်လုကာ၊ ၁၅း ၂၄*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။ ဖခင်သည် သူ့သားတွင် ဖြစ်ပျက်ခဲ့သည့် အရာများကို မစဉ်းစားတက်ပေ။ သူသည် အထက်ကသေ၏။ သို့သော် ယခုရှင်ပြန်၏ ဟုပြောခဲ့ကြောင်း ရှင်းပြပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- လူတစ်ဦးတွင် သားမည်မျှရှိသနည်း။
- သားငယ်သည် ဖခင်ထံ မည်သည့်အရာ တောင်းခံခဲ့သနည်း။
- သားငယ်သည် သူ၏ငွေများကို မည်သို့ သုံးစွဲခဲ့သနည်း။
- သူ၏ စားရေးအတွက် သူဘာလုပ်ခဲ့သနည်း။
- သူသည် မည်သည့်အရာ လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သနည်း။
- သူ၏သားငယ် အိမ်သို့ပြန်လာသည်ကို မြင်သည့်အခါ ဖခင်သည် မည်သည့်အရာ လုပ်ဆောင်ခဲ့သနည်း။
- ဖခင်သည် သားငယ်အား မည်သည့်အရာ ပေးခဲ့သနည်း။
- ပုံပြင်ထဲရှိဖခင်နှင့်  တူသောသူမှာ မည်သူနည်း။

## <u>၁ ၅ ပုံပြင် ၄</u>

မျိုးစေ့ကြဲသူ - ဤပုံပြင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ ကျွန်ုပ်တို့မည်သို့ လုပ်ဆောင်သည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့အား ကောင်းသောမြေ ဖြစ်စေလိုပြီး၊ သမ္မာကျမ်းထဲမှ ဘုရားနှုတ်တော်ထွက် စကားများကို ယုံကြည်စေလိုသည်။

**အဓိကသော့ချက်ကျမ်း** *ရှင်မာကု၊ ၄း၂၀*

**ကျမ်းညွှန်း** *ရှင်မာကု၊ ၄း ၁-၂၀*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ဆွေးနွေးပါ။ သင် သစ်ပင်စိုက်ပျိုး ဖူးပါသလား။ သင်မည်သို့ စိုက်ပျိုးသနည်း။ အပင်သည် ကြီးထွားရန်အတွက် မည်သည့်အရာလိုအပ်ပါသနည်း။ သင် စိုက်ပျိုးသောအပင်သည် ရှင်သန်ကြီးထွားလာပါသလား။ သို့မဟုတ် သေသွားပါသလား။ သို့မဟုတ် အခြားသေးငယ်သည့် အစေ့အမျိုးအစားကို သင်ပြောပြနိုင်ပါသလား။
ယနေ့ပုံပြင်သည် လယ်သမားတစ်ဦး မျိုးစေ့ကြဲသည့်အကြောင်းဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။

**သင်ကြားပေးပါ။**

- သခင်ယေရှု၏ တရားဒေသနာကို ကြားနာရန်အတွက် လူများစွာတို့သည် စုရုံးရောက်ရှိလာကြသည်။ လူအများစုရုံးနေသည့်အတွက် သခင်ယေရှုသည် အိုင်တွင်ရှိသည့် လှေထဲသို့ ဝင်တော်မူပြီးလျှင် လူများထံ ဆုံးမဩဝါဒကို ပေးတော်မူ၏။ သူသည် ထိုသူတို့ထံ အခြားသော ပုံဥပမာတစ်ခုကို ပြောပြခဲ့သည်။ ***(မာကု၊ ၄း၁-၂)*** *ဆွေးနွေးပါ။ - သခင်ယေရှု ပုံဥပမာ ပြောပြနေခြင်းကို လူတိုင်းနားထောင်ရန် ဆန္ဒရှိကြမည်ဟု သင်ထင်ပါသလား။ ထိုအချိန်တွင် သင် အသက်ရှင်လျှက်ရှိမည်ဆိုပါက သခင်ယေရှု၏ ပုံဥပမာများကို သင် နာထောင်လိုသည့် စိတ်ဆန္ဒရှိမည်လား။*
- မြေပေါ်တွင် မျိုးစေ့များ ပတ်ကြဲသည့် လယ်သမားတစ်ဦးရှိခဲ့သည်။ မျိုးစေ့များသည် မတူညီသည့် မြေအမျိုးအစား လေးမျိုးပေါ်သို့ ကျကြသည်။ အချို့သောအစေ့တို့သည် လမ်းပေါ်တွင်ကျသဖြင့် ငှက်တို့သည်လာ၍ ကောက်စားကြသဖြင့် အပင်မပေါက်ပေ။ အချို့သောအစေ့တို့သည် မြေနည်းပါးသည့် ကျောက်များပေါ်တွင်ကျသဖြင့် အမြစ်မစွဲနိုင်သည့်အတွက် မကြာမီ အပင်များ ခြောက်သွေ့ပျက်စီးကုန်သည်။ အချို့သောအစေ့တို့သည် ဆူးပင်တို့တွင်ကျသဖြင့် ဆူးပင်တို့သည် ကြီးထွား၍ ညှင်းဆဲသဖြင့် အသီးမသီးနိုင်ကြပေ။ အချို့အစေ့အနည်းငယ်သာ ကောင်းသောမြေတွင်ကျသဖြင့် များစွာသောအသီးကို သီးသည်။ ***(မာကု၊ ၄း၃-၉)*** *ပုံပြင်ထဲရှိ မျိုးစေ့ သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆိုလိုခြင်းဖြစ်ကြောင်း ကလေးများထံ ရှင်းပြပါ။ ဆွေးနွေးပါ။ - ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်မည်သို့ တွေးထင်ပါသနည်း။*
  *ဤပုံပြင်ထဲရှိ မျိုးစေ့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရည်ညွှန်းကြောင်း ကလေးများထံ ပြောပြပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သမ္မာကျမ်းစာ ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည့် ဘုရားသခင်၏စကားတော်ကို ကျွန်ုပ်တို့ကြားနာလိုလျှင် ကျမ်းစာကို ဖတ်ရမည် ဖြစ်သည်။*
- ယေရှုသည် ပုံဥပမာ၏ဆိုလိုရင်ကို ဆက်လက်ရှင်းပြခဲ့သည်။ အချို့သောအစေ့တို့သည် လမ်းပေါ်တွင်ကျသဖြင့် ငှက်တို့သည်လာ၍ ကောက်စားကြသည်ဆိုသည်မှာ လူတို့သည် ဘုရားသခင်၏ တရားစကားကိုကြားသည်ရှိသော် စာတန်သည်လာ၍ တရားစကားကို နှလုံးထဲမှ နုတ်ယူသွားခြင်းကို ဆိုလိုခြင်းဖြစ်သည်။ မြေနည်းပါးသည့် ကျောက်မြေပေါ်တွင် ကျခြင်းအကြောင်းအရာကား လူတို့သည် ဘုရားသခင်၏တရားစကားကို ကြားပြီး၊ စိတ်နှလုံးတွင် အမြစ်မစွဲ၊ အခက်အခဲကြုံတွေ့သည့်အခါ ချက်ခြင်းဖောက်ပြန်တက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဆူးပင်တို့တွင်ကျခြင်း အကြောင်းအရာကား ဘုရားသခင်၏ တရားစကားကို ကြားသော်လည်း လောကီအမှု၌စိုးရိမ်ခြင်း၊ စည်းစိမ်ဥစ္စတက်မက်ခြင်းတို့ကြောင့် သခင်ယေရှုအား စွန့်ပစ်တက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ကောင်းသောမြေ၌ မျိုးစေ့ကျခြင်းအကြောင်းအရာကား ဘုရားသခင်၏ တရားစကားကိုကြား၍ခံယူပြီး၊ အသက်တာတွင် ရှင်သန်ကြီးထွားသဖြင့် ကျန်းမာသန်စွမ်းသည့် ခရစ်ယာန်ဖြစ်လာသည်။ ***(မာကု၊ ၄း ၁၃-၂၀)*** *ဘုရားသခင်သည် ကျွန်ုပ်တို့အား ကောင်းသောမြေ ဖြစ်စေလိုပြီး၊ သမ္မာကျမ်းစာထဲရှိ သူ၏စကားတော်များကို ယုံကြည်စေလိုကြောင်း ရှင်းပြပါ။ ဆွေးနွေးပါ။ - ကျွန်ုပ်တို့၏ နှလုံးသားများသည် ကောင်းသောမြေ ဖြစ်နိုင်သည် ဟု သင်ထင်ပါသလား။*
- *ဆွေးနွေးပါ။ ကျွန်ုပ်တို့သင်ယူခဲ့သည့် ပုံဥပမာများထဲတွင် သင် အနှစ်သက်ဆုံး ပုံဥပမာမှာ မည်သည့်ပုံဥပမာဖြစ်သနည်း။ အဘယ်ကြောင့် ထိုပုံဥပမာကို နှစ်သက်ရခြင်း ဖြစ်သနည်း။ သင်သည် ထိုပုံဥပမာမှ မည်သည့်အရေးပါသည့် သင်ခန်းစာကို သင်ယူရရှိသနည်း။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI မျိုးစေ့ကြဲခြင်း ပုံဥပမာ။ မျိုးစေ့အချို့ကို သင်ပြသနိုင်သည်။ ဥပမာ - ဂျုံစေ့၊ စိုက်ပျိုးရန် အဆင်သင့်ဖြစ်နေသည့် ပျိုးပင်နှင့် အခြားအစေ့များကို ပြသနိုင်သည်။ ဤနည်းလမ်းသည် အဓိကသော့ချက်ကျမ်းတွင် ဖော်ပြထားသည့် တိုးပွားသည့် အရွယ်အစားကို ပုံဖော်ပြနိုင်မည်ဖြစ်သည်။**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ရှင်မာကု၊ ၄း ၂၀*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။ ကလေးများ မှတ်မိမှတ်သားနိုင်ရန် အမူအရာသုံး၍ သင်ပြနိုင်သည်။ ဥပမာ- ပျိုးကြဲ- လူစုခွဲနေခြင်း။ ကြား-လက်နှစ်ဘက်နှင့် နားရွက်အနီးအနားတွင် နားထောင်သည့်အမူအရာပြခြင်း။ လက်ခံ၍- နှလုံးသို့ညွှန်ပြပါ။ ပွါးများ-လက်များမြောက်ပင့်၍ ကြီးထွားသည့်ပုံပြပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ယေရှုသည် လူများထံ ဆုံးမဩဝါဒပေးတော်မူစဉ် မည်သည့်နေရာမှနေ၍ ဟောပြောတော်မူသနည်း။
- လယ်သမားသည် မည်သည့်အရာ လုပ်ဆောင်ခဲ့ပါသနည်း။
- ပထမမြေမှာ မည်သို့သော် မြေအမျိုးအစား ဖြစ်သနည်း။
- ဒုတိယမြေမှာ မည်သို့သော် မြေအမျိုးအစား ဖြစ်သနည်း။
- တတိယမြေမှာ မည်သို့သော် မြေအမျိုးအစား ဖြစ်သနည်း။
- စတုတ္ထမြေမှာ မည်သို့သော် မြေအမျိုးအစား ဖြစ်သနည်း။
- အပင်များ ရှင်သန်ကြီးထွားရန် မည်သို့သော်မြေသည် အကောင်းဆုံးဖြစ်သနည်း။
- မျိုးစေ့သည် မည်သည့်အရာကို ရည်ညွှန်းခြင်း ဖြစ်သနည်း။

<u>ခ ၆ ပုံပြင် ၁</u>

ငယ်ရွယ်သည့် အိပ်မက်ဆရာ - ဤပုံပြင်သည် ယောသပ်၏ ထူးဆန်းသည့် အိပ်မက်များအကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယောသပ်သည် သူ၏အနာဂတ်အကြောင်း ထူးဆန်းသည့် အိပ်မက်ကို မြင်မက်ခဲ့သည်။
- ဘုရားသခင်၌ ယောသပ်၏ အသက်တာအတွက် အကြံအစည်ရှိသည်။ ကျွန်ုပ်တို့အသက်တာအတွက်လည်း ဘုရားသခင်၌ အကြံအစည်ရှိသည်။

**အဓိကသော့ချက်ကျမ်း** ***ကမ္ဘာဦးကျမ်း၊ ၃၇း ၈***
**ကျမ်းညွှန်း** ***ကမ္ဘာဦးကျမ်း၊ ၃၇း ၁-၁၁***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ယောသပ်တွင် ညီအစ်ကို တစ်ဆယ့်တစ်ယောက်ရှိသည်။ ကလေးများတွင် ညီအစ်ကိုမောင်နှမ မည်မျှရှိကြောင်းမေးပါ။ သူတို့၏ ညီအစ်ကိုမောင်နှမများ အကြောင်း ဝေမျှခိုင်းပါ။
ထိုကဲ့သို့ ကြီးမားသည့် မိသားစုတွင် ကြီးပြင်ရလျှင် မည်သို့ဖြစ်မည်ကို ဆွေးနွေးပါ။

**သင်ကြားပေးပါ။**

- ယေသပ်၏ဖခင် ယာကုပ်သည် ခါနာန်ပြည်တွင်နေထိုင်သည်။ ယောသပ်သည် ၁၇နှစ် ရှိပြီးဖြစ်သည်။ သူ့ဖခင်၏ သိုးများကို ထိန်းကျောင်းရာတွင် သူသည် အစ်ကိုများကို ကူညီပေးခဲ့သည်။ တစ်နေ့တွင် အစ်ကိုများ မကောင်းသောအရာလုပ်နေသည်ကို သူမြင်တွေ့ခဲ့သည်။ ထိုအကြောင်းကို သူ၏ဖခင်ထံ သူပြောပြခဲ့သည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၁-၂)***
- ယောသပ်သည် ယာကုပ်အသက်ကြီးမှ ရသည့်သားဖြစ်သည့်အတွက်ကြောင့် ယာကုပ်သည် ယောသပ်အား အစ်ကိုများထက်သာ၍ ချစ်လေသည်။ ဣသရေလသည် ယောသပ်အတွက် အရောင်မျိုးစုံပါသည့် လှပသည့် အင်္ကျီကိုချုပ်ပေးခဲ့သည်။ ထိုအရာကို အစ်ကိုများမြင်သည့်အခါ အလွန်မနာလို ဖြစ်ခဲ့ကြသည်။ မုန်းခဲ့ကြသည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၃-၄)*** *"မနာလိုဖြစ်သည်" ဆိုသော စကားလုံးကို ကလေးများနှင့်ဆွေးနွေးပါ။ မနာလိုခြင်း ဆိုသည်မှာ အဘယ်နည်း။ သင်မနာလို ဖြစ်ဖူးပါသလား။ အစ်ကိုများ ယောသပ်အပေါ် မနာလိုဖြစ်ခြင်းကို သင်မည်သို့ ထင်ပါသနည်း။*
- ယောသပ် အိပ်မက်မက်ခဲ့သည်။ သူ နှင့် သူ့အစ်ကိုများသည် လယ်၌ကောက်လှိုင်းများကို စည်းနေကြစဉ်၊ သူ၏ကောက်လှိုင်းသည် ထ၍မတ်တတ်နေသဖြင့် သူ့အစ်ကိုများ၏ ကောက်လှိုင်းများသည် ဝိုင်း၍ရပ်လျက် သူ၏ကောက်လှိုင်းအား ရှစ်ခိုးကြသည် ဟု သူမြင်မက်ခဲ့သည်။
- *ဤအိပ်မက်သည် ယောသပ် အတွက် အလွန်အဓိပ္ပာယ်ရှိသော အိပ်မက်ဖြစ်သည်။ သူ၏အနာဂတ်တွင် ဖြစ်ပျက်လာမည့်အရာများအကြောင်း ဖြစ်ကြောင်း ကလေးများထံ ရှင်းပြပေးပါ။ အိပ်မက်၏ အဓိပ္ပာယ်ကို ကလေးများ မည်သို့တွေးထင်းကြောင်းမေးပါ။ ဆွေးနွေးခိုင်းပါ။* သူ၏အိပ်မက် နှင့် သူ၏စကားကြောင့် အစ်ကိုများက သူအားပိုမိုမုန်းကြသည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၅-၈)***
- ပထမတစ်ခုနှင့်ဆင်တူသည့် အခြားအိပ်မက်တစ်ခုကိုလည်း ယောသပ် မြင်မက်ခဲ့သည်။ ဤတစ်ကြိမ်တွင် သူသည် နေ၊ လ၊ နှင့်တကွ ကြယ်တစ်ဆယ့်တစ်လုံးသည် သူအားရှစ်ခိုးနေသည်ကို သူမြင်မက်ခဲ့သည်။ ယခုတွင် သူ၏ဖခင်ပါ သူအား စိတ်ဆိုးခဲ့သည်။ "ငါနှင့် သင်၏အမိ၊ သင်၏အစ်ကိုတို့သည် သင့်ထံသို့ စင်စစ်လာ၍ ဦးညွှတ်ချရမည်လော့" ဟု သူ့အားဆုံးမခဲ့သည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၉-၁၀)***
- ယောသပ်၏အစ်ကိုများသည် ပိုမိုစိတ်ဆိုးကြသည်။ သို့သော် ဖခင်ကြီးသည် ထိုအကြောင်းအရာများကို မှတ်သားထားလေသည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၁၁)*** *အနာဂတ်တွင် ယောသပ်၏အသက်တာတွင် မည်သည့်အရာဖြစ်လာမည်ဟု သင်ထင်ပါသနည်း။ ကလေးများထံမေးပါ။ (ထိုအိပ်မက်၏ အဓိပ္ပာယ်မှာ တစ်နေ့တွင် သူသည် သူ၏အစ်ကိုများကို အုပ်ချုပ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။) ယောသပ်၏ အသက်တာအတွက် ဘုရားသခင်၌ ကြိုတင်အကြံအစည် ရှိနှင့်ပြီးသားဖြစ်ကြောင်း ကလေးများထံ ပြန်လည်သတိပေး ပြောပြပါ။ ကျွန်ုပ်တို့အသက်တာအတွက်လည်း ဘုရားသခင်၌ အကြံအစည်ရှိသည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI ယောသပ် နှင့် သူ၏ အိပ်မက်**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ကမ္ဘာဦးကျမ်း၊ ၃၇း ၈*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။
သူ၏အိပ်မက်အကြောင်းကို သူ၏အစ်ကိုများ ကောင်းစွာ နားလည်ကြသည့်အကြောင်း ရှင်းပြပါ။ အစ်ကိုများသည် သူအားမနာလိုဖြစ်ကြပြီး၊ မုန်းကြသည်။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ဤပုံပြင်ထဲတွင် ယောသပ်၏ အသက်သည် မည်မျှရှိပြီနည်း။
- ယောသပ်အား ယာကုပ်ပေးသော လက်ဆောင်မှာ အဘယ်နည်း။
- အစ်ကိုများသည် ယောသပ်အား မနာလိုဖြစ်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- မနာလိုခြင်း ဆိုသည်မှာ အဘယ်နည်း။
- မနာလို ဖြစ်ခြင်းသည် မှန်ကန်သောအရာဟု သင်ထင်ပါသလား။
- ယောသပ်၏ ပထမ နှင့် ဒုတိယ အိပ်မက်မှာ အဘယ်နည်း။
- ယောသပ် အိပ်မက်များ၏ အဓိပ္ပာယ်များမှာ အဘယ်နည်း။
- ယောသပ်၏ အသက်တာအတွက် ကြိုတင်အစီအစဉ်ရှိနှင့်သူမှာ မည်သူနည်း။
- အခြားနည်းလမ်းအရ ယောသပ်၏ ရောင်စုံအင်္ကျီပုံကို ရောင်စုံစက္ကူများဖြင့် ဖြတ်ညှပ်ကပ်ပြုလုပ်ပြီး လက်မှုဖန်တီးနိုင်သည်။ စက္ကူပေါ်တွင် အင်္ကျီပုံကို ရိုးရှင်းစွာဆွဲပြီး နှစ်ပိုင်းညှပ်နိုင်သည်။ အဖွဲ့ငယ်တစ်ဖွဲ့စီမှ အရောင်တစ်မျိုးစီကပ်ပေးနိုင်သည်။ ပြီးဆုံးသွားသည့်အခါ အင်္ကျီကို ပြန်လည်သိမ်းစည်းနိုင်သည်။

# ၁၆ ပုံပြင် ၂

## အမုန်းခံရသည့် ညီအစ်ကို - ဤပုံပြင်သည် အစ်ကိုများ၏ ရောင်းစားခြင်းကိုခံရသည့် ယောသပ်၏ အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယောသပ်သည် ကျွန်အဖြစ် အစ်ကိုများ၏ ရောင်းစားခြင်းကို ခံခဲ့ရသည်။
- ဘုရားသခင် ရှေ့မှောက်တွင် ကျွန်ုပ်တို့၏ အပြစ်များကို မဖုံးကွယ်နိုင်ပါ။

**အဓိကသော့ချက်ကျမ်း** *တောလည်ရာ၊ ၃၂း ၂၃*

**ကျမ်းညွှန်း** *ကမ္ဘာဦးကျမ်း၊ ၃၇း ၁-၁၁*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ကလေးများသည် ယောသပ်ကဲ့သို့ အိမ်ဝေယျာဝစ္စများ၊ သို့မဟုတ် တောက်တိုမယ်ရအလုပ်များကို လုပ်ကိုင်ခြင်းဖြင့် သူတို့၏မိဘများကို ကူညီလုပ်ပေးဖူးပါသလား။ ကလေးများထံ မေးပါ။ ပြီးခဲ့သည့် ပုံပြင်ကို ကလေးများထံ ပြန်လည်သတိပေး ပြောပြပါ။ ယောသပ်၏ အစ်ကိုများသည် အဘယ်ကြောင့် ယောသပ်အား မုန်းရခြင်း ဖြစ်သနည်း။ ယနေ့ပုံပြင်မှာ ယောသပ်သည် တောထဲတွင် သိုးများထိန်းကျောင်းနေသည့် အစ်ကိုများထံ အကြည့်အရှုသွားရန် သူ့အား ဖခင်စေလွှတ်ခဲ့သည့်အကြောင်း ဖြစ်သည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၁၂-၁၇)***

**သင်ကြားပေးပါ။**

- ယောသပ် လာနေသည်ကို အစ်ကိုများသည် အဝေးမှမြင်ကြသည်။ သူတို့သည် ယောသပ်အား အလွန်မုန်းတီးသည့်အတွက် သူ့အားသတ်ရန် လျှို့ဝှက်ကြံစည် ခဲ့ကြသည်။ သူ၏အိပ်မက်သည် မည်သို့ ဖြစ်လာနိုင်တော့မည်နည်း။ ယောသပ်သည် သားကောင်တစ်ကောင်ကောင် ကိုက်သတ်၍ သေပြီးဟု ဖခင်ထံ လိမ်ပြောရန် ကြံစည်ခဲ့ကြသည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၁၈- ၂၀)*** *သူတို့၏အပြစ်များကို သူတို့ဖုံးကွယ်ထားနိုင်ပြီး၊ သူတို့လုပ်ရပ်များကို မည်သူမျှ မသိနိုင်ဟု သူတို့တွေးထင်ခဲ့ကြသည်။ ကျွန်ုပ်တို့ ပြုလုပ်သမျှ မကောင်းမှုများအားလုံးကို ဘုရားသခင်သိသည်။*
- ယောသပ်၏ အစ်ကိုအကြီးဆုံး ရူဗင်သည် ယောသပ်အား သတ်မည့်အစီအစဉ်ပျက်အောင် တားဆီးခဲ့သည်။ သတ်မည့်အစား သူ့အား တွင်းတစ်ခုထဲသို့ ချပစ်ရန် ပြောခဲ့သည်။ ရူဗင်သည် နောက်မှ ယောသပ်အား ပြန်လာကယ်ရန် ကြံစည်ထားခြင်း ဖြစ်သည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၂၁-၂၂)***
- ယောသပ်သည် သူတို့ထံ ရောက်ရှိလာသည့်အခါ ယောသပ်၏ရောင်စုံအင်္ကျီကို ချွတ်၍ တွင်းထဲသို့ သူ့အား ပစ်ချထားခဲ့ကြသည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း၂၃-၂၄)***
- များမကြာမီအချိန်တွင် လူအချို့တို့သည် သူတို့အနားမှ ဖြတ်၍သွားခဲ့ကြသည်။ သူတို့သည် အဲဂုတ္တုတွင် သွားရောင်းမည့် ဟင်းခတ်အမွှေးအကြိုင်များအကြောင်း ပြောနေကြသည်။ အစ်ကိုများထဲမှ အစ်ကိုတစ်ဦးဖြစ်သော ယုဒသည် ငွေလိုချင်ခဲ့သည်။ ထို့ကြောင့် ယောသပ်အား သတ်မည့်အစား ထိုကုန်သည်များထံ ရောင်းစားရန် အကြံပြုခဲ့သည်။ သူတို့သည် ယောသပ်အား ငွေကျပ် ၂၀ နှင့် ရောင်းစားခဲ့ကြသည်။ ယောသပ်သည် အဲဂုတ္တုပြည်သို့ ကျွန်အဖြစ် ခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၂၅-၂၈)*** *ကျွန်ဆိုသည်မှာ အဘယ်နည်း။ ယောသပ် မည်သို့ ခံစားနေမည်ဟု သင်ထင်ပါသနည်း။*
- အစ်ကိုများသည် သူတို့၏အပြစ်ကို ကြိုးစားဖုံးကွယ်ခဲ့ကြသည်။ သူတို့သည် ယောသပ်၏ ထူးခြားသည့်အင်္ကျီကို ဆိတ်အသွေးတွင်နှစ်ပြီး သွေးနှင့်ပေးစေခဲ့ကြသည်။ ထိုအင်္ကျီကို သူတို့ဖခင်ထံ ယူသွားကြပြီး ဤအင်္ကျီသည် ယောသပ်၏အင်္ကျီ ဟုတ်ပါသလား ဟု မေးခဲ့ကြသည်။ ယာကုပ်သည် သူ့သား၏အင်္ကျီကို မှတ်မိသည်။ ကြောက်စရာကောင်းသည့် တောသားရဲတစ်ကောင်သည် ယောသပ်အား တိုက်ခိုက်၍ ကိုက်သတ်စားပြီးဟု သူထင်ခဲ့သည်။ ယာကုပ်သည် အလွန်ဝမ်းနည်းပြီး စိတ်သောကရောက်ခဲ့ရသည်။ ***(မ္ဘာဦးကျမ်း၊ ၃၇း ၂၉-၃၅)***
- ယာကုပ်သည် ထိုသို့တွေးထင်နေချိန် ယောသပ်သည် အဲဂုတ္တုတွင် အသက်ရှင်လျက်ရှိနေသည်။ ကုန်သည်တို့သည် ယောသပ်အား ဖါရောဘုရင်၏ အမတ်ဖြစ်သော ကိုယ်ရံတော်မှူး ပေါတိဖါထံ ရောင်းစားခဲ့ကြသည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၇း ၃၆)***
- *ယောသပ်၏ ဘဝသည် အလွန်ဆိုးပြီး သနားစရာကောင်းလှသည်ဟု ထင်ရသော်လည်း ဘုရားသခင်သည် ယောသပ်ဘဝ၏ အရာအားလုံးကို ထိန်းချုပ်ထားဆဲ ဖြစ်ကြောင်း ကလေးများထံ သတိပေး ပြောပြပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။ FBI ယောသပ်အား တွင်းထဲတွင် ချပစ်ခြင်း**

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***တောလည်ရာ၊ ၃၂း၂၃*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။ "အပြစ်" ဆိုသောစကားလုံးနှင့် အပြစ်အတွက် အပြစ်ဒဏ်ရှိကြောင်း ကလေးများ ကောင်းစွာနားလည်သဘောပေါက်ပါစေ။ ထာဝရဘုရားသည် ကျွန်ုပ်တို့၏ အပြစ်အားလုံးကိုသိပြီး အပြစ်အားလုံးသည် အပြစ်ဒဏ် ခံရမည်ဖြစ်ကြောင်း ကလေးများထံ ရှင်းပြပါ။ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပေးခြင်းဖြင့် ကျွန်ုပ်တို့ခံရမည့် အပြစ်ဒဏ်အားလုံးကို ယူဆောင်သွားပြီးဖြစ်ကြောင်း ကလေးများထံ သတိပေးပြောပြပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ပုံပြင်၏အစတွင် ယာကုပ်သည် ယောသပ်အား မည်သည့်အရာ စေခိုင်းခဲ့သနည်း။
- အစ်ကိုများသည် ယောသပ်၌ မည်သို့ပြုရန် ကြံစည်ခဲ့ကြသနည်း။
- ယောသပ်အား သတ်မည့်အစား တွင်းထဲသို့ချပစ်ရန် အကြံပေးသည့်အစ်ကိုမှာ မည်သူနည်း။
- ယောသပ်အား ငွေမည်မျှနှင့် ရောင်းစားခဲ့ကြသနည်း။
- အစ်ကိုများသည် သူတို့၏အပြစ်ကို ဖုံးကွယ်ရန် မည်သို့ ပြုခဲ့ကြသနည်း။
- ယာကုပ်သည် ယောသပ်၌ မည်သို့ဖြစ်သည်ဟု ထင်ခဲ့သနည်း။
- ယောသပ်၌ ဖြစ်ပျက်နေသည့်အရာကို ဘုရားသခင် သိပါသလား။
- ယောသပ်အတွက် ဘုရားသခင်၌ နောက်ထပ် အစီအစဉ် ရှိသည်ဟု သင်ထင်ပါသလား။

<u>ခ ၆ ပုံပြင် ၃</u>

သစ္စာရှိသော ထောင်သား - ဤပုံပြင်သည် ယောသပ် ထောင်အကျခံရသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယောသပ်သည် ထောင်ထဲ၌ ရှိနေစဉ်ပင် ရိုးသားပြီး၊ အလုပ်ကြိုးစားခဲ့သည်။
- ဘုရားသခင်သည် ယောသပ်နှင့်အတူရှိသည်။ သူသည် ကျွန်ုပ်တို့ကို မည်သည့်အခါ၌မျှ စွန့်ပစ်လိမ့်မည်မဟုတ်။ နှိမ့်ချလိမ့်မည်မဟုတ်ပေ။

**အဓိကသော့ချက်ကျမ်း** ***ကမ္ဘာဦးကျမ်း၊ ၃၉း ၂၁***
**ကျမ်းညွှန်း** ***ကမ္ဘာဦးကျမ်း၊ ၃၉း ၁-၆၊ နှင့် ၁၉-၂၃***

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

မိမိတို့မိသားစုနှင့်ခွဲပြီး အဝေးသို့ သွားရောက်နေထိုင်ဘူးပါသလားဟု ကလေးများထံ မေးပါ။ ထိုသို့ နေထိုင်ရခြင်းသည် မည်သို့ခံစားရကြောင်း မေးပါ။ ယောသပ်သည် မည်သို့ မိသားစုနှင့် ဝေးခဲ့ရကြောင်း နှင့် တိုင်းတစ်ပါးရှိ ပေါတိဖါ၏အိမ်တွင် မည်သို့ကျွန် ဖြစ်ခဲ့ရကြောင်းကို အတိုးချုံး၍ ကလေးများထံ ပြန်လည်နှိုးဆော်ပြောပြပါ။ တိုင်းတစ်ပါးသို့ ရောက်ရှိခြင်း နှင့် ကျွန်အဖြစ်ရောင်းစားခံရခြင်း စသည်အခြေအနေများအပေါ် ယောသပ် မည်သို့ ခံရပ်နိုင်မည်ကို စဉ်းစားကြည့်ပါ။

### သင်ကြားပေးပါ။

- ယောသပ်အား အဲဂုတ္တုပြည်သို့ ခေါ်ဆောင်သွားကြပြီး ပေါတိဖါ၏ အိမ်တွင် ကျွန်အဖြစ်ရောင်းစားလိုက်ကြသည်။ ပေါတိဖါသည် ဖါရောဘုရင်၏အမတ် ဖြစ်သည်။ ယောသပ်သည် ရိုးသားပြီး အလုပ်ကြိုးစားကြောင်းကို ပေါတိဖါ သိမြင်ခဲ့သည်။ တာဝရဘုရားသည် ယောသပ်နှင့်အတူရှိကြောင်းကို ပေါတိဖါသည် သိသဖြင့် ယောသပ်အား အိမ်အုပ်အရာကို ခန့်အပ်ပြီး ဥစ္စာရှိသမျှကို အပ်လေသည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၉း ၁-၄)***
- ပေါတိဖါသည် ယောသပ်အား အိမ်အုပ်အရာကို ခန့်အပ်ပြီးသည့် အချိန်မှစ၍ ယောသပ်အတွက် ပေါတိဖါ၏အိမ်ကို ထာဝရဘုရား ကောင်းချီးပေးတော်မူ၏။ ပေါတိဖါသည် သူစားသည့်အစာမှအပ အခြားမည်သည့်အရာအတွက်မျှ စိုးရိမ်စရာ မလိုပေ။ ***(ကမ္ဘာဦးကျမ်း၊ ၃၉း ၅-၆)*** *ထာဝရဘုရားသည် ယောသပ် နှင့်အတူရှိပြီး သူ့အား ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း ကလေးများထံ ပြောပြပါ။*
- တစ်နေ့တွင် ပေါတိဖါ၏ ဇနီးသည် ယောသပ်အား အပြစ်ပြုရန် သွေးဆောင်ခဲ့သည်။ ယောသပ် ငြင်းပယ်ခဲ့သည့်အတွက် သူမသည် ပေါတိဖါထံ လိမ်လည်ပြောဆိုခဲ့သည်။ ပေါတိဖါသည် သူ့ဇနီး၏ စကားကို ယုံကြည်ခဲ့သည်။ ပေါတိဖါသည် ဇနီး၏စကားကိုယုံပြီး ယောသပ်အပေါ် အလွန်ဒေါသထွက်သည့်အတွက် ယောသပ်၌ အပြစ်မရှိသော်လည်း ထောင်ထဲသို့ ထည့်လိုက်သည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၉း ၁၉-၂၀)*** *ဘုရားသခင်သည် ယောသပ်အား မေ့လျော့နေပြီးလား။*
- သို့သော် ဘုရားသခင်သည် ယောသပ်နှင့်အတူ ရှိနေဆဲ ဖြစ်သည်။ ထောင်ထဲတွင်ရှိနေစဉ်ပင် ဘုရားသခင်သည် သူ့အားစောင့်ရှောက်တော်မူခဲ့သည်။ ယောသပ်သည် ရိုးသားပြီး၊ အလုပ်ကြိုးစားနေဆဲ ဖြစ်သည်။ ထို့နောက် ထောင်မှူးသည် ထောင်သားအားလုံးကို ယောသပ်လက်၌ အပ်တော်မူသည်။ ထောင်းအတွင်း ယောသပ်ပြုမူသမျှအပေါ် ဘုရားသခင်သည် အောင်မြင်ခြင်းအခွင့်ကို ပေးတော်မူသည်။ ***(ကမ္ဘာဦးကျမ်း၊ ၃၉း ၂၀-၂၃)***
- *ဤပုံပြင်၌ ယောသပ်၏ အသက်တာတွင်တွေ့ရသည့် ကောင်းသောအရည်အချင်းများကို အကျဉ်းချုပ်ဖော်ပြပါ။ ယောသပ်၏ အသက်တာတွင် ထာဝရဘုရားအား ကျောခိုင်းစွန့်ခွါရန် လွယ်ကူသည့်အခြေအနေ ဖြစ်သော်လည်း သူသည် ဘုရားသခင်ကို ကျေးနပ်စေသောသူအဖြစ် ဆက်လက်တည်းရှိခဲ့သည်။ အနာဂတ်တွင် ယောသပ်တာဝန်ယူရမည့်အရာများအတွက် ဘုရားသခင်သည် ယောသပ်၏အသက်တာကို ပြုပြင်ပုံသွင်းပေးခဲ့သည်။ ဘုရားသခင်သည် ယောသပ်အား လုံးဝမေ့လျော့ခြင်း မရှိခဲ့ပေ။ သူ့အား လုံးဝနှိမ့်ချခြင်းလည်း မရှိခဲ့ပေ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI ယောသပ် နှင့် ပေါတိဖါ၏ ဇနီး**

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ကမ္ဘာဦးကျမ်း၊ ၃၉း ၂၁*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။
ကျွန်ုပ်တို့အသက်တာအတွက် ပြင်ဆင်ထားသည့် ဘုရားသခင်၏ အစီအစဉ်များသည် တခါတရံ ခက်ခဲပါသည်။
မည်သို့ပင်ဆိုစေကားမူ ဘုရားသခင်သည် ကျွန်ုပ်တို့အား ချစ်ပြီး ထိုခက်ခဲသည့်အချိန်မှာပင် ကျွန်ုပ်တို့နှင့်အတူရှိသည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ယောသပ်အား မည်သည့်တိုင်းပြည်သို့ ခေါ်ဆောင်သွားခဲ့ကြသနည်း။
- ယောသပ်အား ဝယ်သောသူမှာ မည်သူနည်း။
- ပေါတိဖါ၏ အလုပ်မှာ အဘယ်နည်း။
- ပေါတိဖါသည် ယောသပ်အား အိမ်အုပ်အရာခန့်အပ်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- ယောသပ် ထောင်ကျခံရခြင်းမှာ အဘယ်ကြောင့်နည်း။
- ယောသပ်သည် ထောင်ကျရန် ထိုက်တန်သောသူ ဖြစ်ပါသလား။
- ယောသပ်ပြုလုပ်သမျှ အောင်မြင်ခြင်းရရန် လုပ်ဆောင်ပေးပြီး သူနှင့်အတူရှိသောသူမှာ မည်သူနည်း။
- ယောသပ်အား ထောင်ကျရန် ဘုရားသခင် ခွင့်ပြုရခြင်းမှာ အဘယ်ကြောင့်နည်း။ သင်မည်သို့ထင်ပါသနည်း။

## <u>ခ ၆ ပုံပြင် ၄</u>

ခေါင်းဆောင်သစ် - ဤပုံပြင်သည် ယောသပ် အဲဂုတ္တုဘုရင်ခံ ဖြစ်လာသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယောသပ်သည် အဲဂုတ္တုပြည်တွင် ဒုတိယဘုရင်ခံ ဖြစ်လာခဲ့သည်။
- ဤအထူးတာဝန်အတွက် ယောသပ်၏ အသက်တာကို ဘုရားသခင် ပုံသွင်းပြုပြင်ခဲ့ခြင်း ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** ***၁ကောရိန္တု၊ ၁၀း ၁၃***
**ကျမ်းညွှန်း** ***ကမ္ဘာဦး၊ ၄၁း ၁၄-၄၉***

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ရှုပ်ထွေးသည့် အိပ်မက်မှ လန့်နိုးဘူးပါသလား ဟု ကလေးများထံ မေးပါ။ ထိုအရာက သူတို့အား မည်သို့ ခံစားစေပါသနည်း။
ယနေ့ပုံပြင်ထဲတွင် အဲဂုတ္တုရှင်ဘုရင် ဖါရောမင်းသည် သူနားမလည်သည့် အိပ်မက်နှစ်ခုကို မြင်မက်ခဲ့သည်။ ထိုအိပ်မက်များ၏ အဓိပ္ပာယ်ကို သူသိလိုသည်။ မည်သူသည် သူအား အကူအညီပေးနိုင်လိမ့်မည်နည်း။

### သင်ကြားပေးပါ။

- အလွန်စိတ်ရှုပ်စရာကောင်းသည့် အိပ်မက်နှစ်ခုကို ဖါရောမင်း မြင်မက်ခဲ့သည်။ ထိုအိပ်မက်များ၏ အဓိပ္ပာယ်ကို သူသိလိုသည်။ သူ၏ ပထမအိပ်မက်တွင် ဝဖြိုးသည့် နွားခုနှစ်ကောင်သည် နိုင်းမြစ်ဝှမ်းအတွင်းမှ တက်လာသည်။ ထို့နောက် ပိန်သောနွားခုနှစ်ကောင် တက်လာပြီး ၊ ဝဖြိုးသော နွားခုနှစ်ကောင်ကို စားလိုက်ကြသည်။ သို့သော် ထိုနွားတို့သည် မူလအတိုင်း ပိန်နေဆဲဖြစ်သည်ဟု မြင်မက်ခဲ့သည်။ ထို့နောက် ဒုတိယအိပ်မက်ကို မြင်မက်ခဲ့ပြန်သည်။ အလုံးကြီး၍ကောင်းသော စပါးခုနှစ်နှံနှင့် ပိန်သောစပါးခုနှစ်နှံကို မြင်မက်ခဲ့သည်။ ပိန်သောစပါး ခုနှစ်နှံတို့သည် ဝသောစပါးခုနှစ်နှံတို့ကို စားလိုက်ကြသည်။ ဖါရောသည် အိပ်မက်မှ နိုးထလာပြီး နံနက်ရောက်သည့်အခါ သူ၏ပညာရှိများကို ခေါ်ပြီး ထိုအိပ်မက်များ၏ အဓိပ္ပာယ်ကို မေးမြန်းခဲ့သည်။ သို့သော် သူတို့သည် ထိုအိပ်မက်များ၏ အဓိပ္ပာယ်ကို မသိခဲ့ကြပေ။ ***(ကမ္ဘာဦးကျမ်း၊ ၄၁း ၁-၈)***
- *ထိုအိပ်မက်များ၏ အဓိပ္ပာယ်ကို မည်သို့ထင်သနည်းဟု ကလေးများကို မေးပါ။ ဖါရောသည် ဤအိပ်မက်များကို မြင်မက်ရန် ဘုရားသခင် အခွင့်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်တစ်ပါးတည်းသာ ထိုအိပ်မက်များ၏ အဓိပ္ပာယ်ကို ဖြေကြားပေးနိုင်မည် ဖြစ်သည်။*
- ဖါရောသည် လူစေလွှတ်၍ ယောသပ်ကို ခေါ်စေခဲ့သည်။ ယောသပ်သည် ထောင်ထဲမှ ထုတ်ဆောင်ခြင်းခံရပြီး ဖါရောဘုရင်ထံ ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ ထိုအိပ်မက်များ၏ အဓိပ္ပာယ်ကို ဖွင့်ပြနိုင်ရန် ဘုရားသခင်သည် ကူညီမစနိုင်ကြောင်း ယောသပ် ပြောပြခဲ့သည်။ ***(ကမ္ဘာဦးကျမ်း၊ ၄၁း ၁၄-၂၄)***
- ဘုရားသခင်သည် ထိုအိပ်မက်များ၏ အဓိပ္ပာယ်ကို ယောသပ်ထံ ဖော်ပြခဲ့သည်။ ယောသပ်သည်လည်း ထိုအိပ်မက်များ၏ အဓိပ္ပာယ်ကို ဖါရောမင်းထံ ပြောပြခဲ့သည်။ ဝသောနွား ခုနှစ်ကောင်းနှင့် ဝသောစပါးနှံ ခုနှစ်နှံ ဆိုသည်မှာ မကြာမီ အစားအစာဝပြောသောနှစ် ခုနှစ်နှစ်ရှိလိမ့်မည်။ လူတိုင်း အစားရေစာ ပေါများကြလိမ့်မည်။ သို့သော် ပိန်သောနွား ခုနှစ်ကောင်နှင့် ပိန်သော စပါနှံခုနှစ်နှံမှာ အစာဝပြောသောနှစ် ခုနှစ်ပြီးနောက်တွင် အစာခေါင်းပါးခြင်း ခုနှစ်နှစ် ရှိလာလိမ့်မည်ဖြစ်သည်။ ထိုအစာခေါင်းပါးခြင်းသည် အလွန်ဆိုးသည့်အတွက် လူတို့သည် အစာဝပြောခဲ့သည့်နှစ်များကိုပင် သတိမရနိုင်လောက်အောင် ဖြစ်ကြမည်။ ***(ကမ္ဘာဦးကျမ်း၊ ၄၁း ၂၅-၃၂)***
- သို့ဖြစ်၍ ညဏ်ပညာနှင့်ပြည့်စုံသောသူကို ရွေးချယ်၍ အဲဂုတ္တုပြည်ကို အုပ်စိုးစေတော်မူပါ။ ခန့်ထားတော်မူသောသူသည်လည်း တပြည်လုံးတွင် အကြီးအကြပ်များကို ခန့်ထား၍ အစာခေါင်းပါးသည့်နှစ်များတွင် စားရန်အတွက် အစာပေါများသည့်နှစ် ခုနှစ်နှစ်တွင် ရိက္ခာများကို စုဆောင်းစေပါ ဟု ယောသပ်သည် ဖါရောမင်းထံ အကြံပြုခဲ့သည်။ ဤအကြံညဏ်ကို ဖါရောမင်း စိတ်တော်တွေ့ခဲ့သည်။ ဘုရားသခင်သည် ယောသပ်နှင့်အတူ ရှိကြောင်း နှင့် သူသည် ပညာရှိဖြစ်ကြောင်းကို ဖါရောမင်းသိသည်။ ထို့ကြောင့် အဲဂုတ္တုပြည်ကို ယောသပ်လက်သို့ အပ်လိုက်သည်။ အဲဂုတ္တုပြည်တွင် ယောသပ်ထက် ကြီးမြတ်သူမှာ ဖါရောမင်း တစ်ပါးသာရှိသည်။ ***(ကမ္ဘာဦးကျမ်း၊ ၄၁း ၃၃-၄၅)***
- ယောသပ်သည် အစာပေါများသည့် နှစ်များတွင် အဲဂုတ္တုပြည့်အနှံသို့ သွားခဲ့ပြီး၊ အစာခေါင်းပါးသည့်နှစ်များတွင် စားရန်အတွက် ရိက္ခာများကို စုဆောင်းသိုလှောင်ခဲ့သည်။ ရောက်လာမည့် အစားခေါင်းပါးခြင်းအတွက် အစားများသိုလှောင်ထားနိုင်ရန် မြို့တိုင်းတွင် ရိက္ခာသိုလှောင်ရုံများ ရှိသည်။ အစာခေါင်းပါးခြင်း ကျရောက်လာသည့်အခါ လူများစားရန် အစာအလုံအလောက် ရှိနေပြီးဖြစ်သည်။ ***(ကမ္ဘာဦးကျမ်း၊ ၄၁း ၄၆-၄၉)***
- *ယောသပ်၏ အသက်တာ ဤနေရာသို့ ရောက်ရှိလာခြင်းအကြောင်းနှင့်ပတ်သက်၍ ကလေးများကို တိုက်တွန်းနိုးဆော်ပါ။ ဤသို့ဖြစ်လာရခြင်းမှာ ယောသပ်အတွက် ဘုရားသခင်၏ အစီအစဉ်များ ပြီးပြည့်စုံလာခဲ့ခြင်းပင် ဖြစ်ကြောင်း ဆွေးနွေးပါ။ ဘုရားသခင်သည် ယောသပ်အပေါ် အမြဲသစ္စာနှင့် ကြည့်ရှုစောင့်မခဲ့သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် ယောသပ်အား စွန့်ပစ်မထားပါ။ ယောသပ်၏အသက်တာတွင် သူ၏ရည်ရွယ်ချက်များ ပြီးပြည့်စုံစေရန်အတွက် သူအမြဲအလုပ်လုပ်ခဲ့သည်။ ဤအရေးကြီးသည့် အုပ်ချုပ်ရေးကို ယောသပ် လုပ်ဆောင်နိုင်ရန် ပြင်ဆင်ပေးသည့်အနေဖြင့် ဘုရားသခင်သည် ယောသပ်၏အသက်တာတွင် ခက်ခဲသည့်အချိန်များကို ကြုံတွေ့စေခဲ့သည်။ အစာခေါင်းပါးခြင်းမှ လူများစွာတို့၏အသက်များကို ကယ်တင်ရန်အတွက် ဘုရားသခင်သည် ယောသပ်၏အသက်တာကို အသုံးပြုခဲ့သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။ FBI ဖါရော၏ အိပ်မက် / အဲဂုတ္တု၌ ယောသပ် အုပ်ချုပ်ခြင်း**

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***၁ကောရိန္တု၊ ၁၀း ၁၃*** မှ အရေးပါသည့် အပိုင်းကို ရှင်းပြပြီး သင်ပေးပါ။ “ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍” အပေါ်တွင် ပေးထားသည့် သစ္စာနှင့်ပြည့်စုံတော်မူသည် ဆိုသော စကားလုံး၏ အဓိပ္ပာယ်ကို ကလေးများနှင့်အတူ ဆွေးနွေးပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည် သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ဖါရောမင်းသည် ယောသပ်အား လူလွှတ်ခေါ်စေခဲ့ခြင်းမှာ အဘယ်ကြောင့်နည်း။
- ပထမအိပ်မက်ထဲရှိ နွားများ မည်သို့ဖြစ်သွားသနည်း။
- ယောသပ်သည် အိပ်မက်၏ အနက်အဓိပ္ပာယ်ကို ဖော်ပြနိုင်ရန် မည်သူသည် သူအားကူညီပေးခဲ့သနည်း။
- အိပ်မက်များ၏ အနက်အဓိပ္ပာယ်မှာ အဘယ်နည်း။
- ဝပြောသောနှစ်များတွင် ယောသပ်၏ အထူးတာဝန်မှာ အဘယ်နည်း။
- ဘုရားသခင်သည် ယောသပ်အပေါ် မည်သို့ သစ္စာရှိတော်မူသနည်း။

# ဆရာများအတွက် သင်ခန်းစာအမှတ်ပေး လမ်းညွှန်

**အဆင့် (၁) သင်ခန်းစာများ**

- အဓိကပါဝင်သည့် ရောင်စုံခြယ်ခြင်း၊ စကားလုံးအနည်းငယ်စီ ဖြည့်ခြင်းများကို အပတ်တိုင်းအတွက် စာမျက်နှာ (၁)သို့မဟုတ် (၂) မျက်နှာ စာအုပ်ထဲတွင်ရှိသည်။
- ၁လစာ အမှတ် ၄၀ မှ ၁၀ မှတ်အား ၁ပတ်စာ အတွက် ခွဲဝေ သက်မှတ်ထားသည်။
- အဆင့် (၁)သင်ခန်းစာကို သင်ယူသောကလေးများသည် စာကို ကောင်းစွာဖတ်နိုင်လိမ့်မည်မဟုတ်ပေ။ သို့အတွက်ကြောင့် မိဘ၊ အုပ်ထိန်းသူ၊ ခေါင်းဆောင်မှ ကူညီပေးစေလိုသည်။ သင်ခန်းစာ တစ်ခုစီတိုင်းအတွက် ရောင်စုံခြယ်အမှတ် (၁၀)မှတ်နှင့် အဖြေတစ်ခုစီအတွက် ၂ မှတ်စီ ခွဲပေးထားသည်။

**အဆင့် (၂) သင်ခန်းစာများ**

- တစ်ပတ်စာအတွက် စာမျက်နှာ (စာအုပ်ငယ်ထဲ၌ ၄ မျက်နှာ)
- ပုံပြင်တွင် သင်ခန်းစာများ ပါဝင်သည်။ သင်ခန်းစာမှ စကားလုံးအမျိုးမျိုးကို ကျောင်းသားများမှ ရှာဖွေရမည်။ ရောင်စုံခြယ်ခြင်းအချို့ ပြုလုပ်ပါ။ အဓိကသော့ချက်ကျမ်းကို ပြည့်စုံစွာ ရေးပါ စသည်ဖြင့် ပြုလုပ်ပါ။
- သင်ခန်းစာများ အားလုံးပြီးဆုံးသည့်အခါ ၁လစာ ရမှတ် ၈၀ မှ ရမှတ် ၂၀ အား ၁ပတ်စာ အတွက် ခွဲဝေ သတ်မှတ်ပေးထားသည်။

**သမ္မာကျမ်းစာလေ့လာချိန် သင်ခန်းစာအား အမှတ်ပေးခြင်း**

**အမှတ်ပေးစည်းမျဉ်း အရိပ်အမြွက်**

ဆရာများသည် ဤအရာကိုလုပ်ဆောင်ရမည်။ ပထမတွင်

- သင်ခန်းစာများကိုစစ်ဆေးပြီး အဖြေများကို အမှားအမှန်အရ အမှတ်ပေးပါ။
- သင်ကြားပေးသည့်အတိုင်းဖြစ်ပါက သဘောကျသည့် အချက်များအတွက် ဆုပေးပါ။
- ခြားနားသော အရောင်များနှင့် အမြဲအမှတ်ခြစ်ပါ ။အဖြေမှန်များကို ခြစ်ပါ။
- မဖြစ်မနေ လိုအပ်ပါက မှားသော နေရာတွင် အဖြေမှန်ကိုပြင်ပေးပါ။ စာလုံးပေါင်း သတ်ပုံအမှားများကို ပြင်ပေးပါ။ ဤအရာများအတွက် အမှတ်မနုတ်ပါနှင့်။
- တဝက်တပြတ် ဖြေထားသော အဖြေများကို အမှတ် နည်းနည်း ပေးပါ။
- ၁လစာအတွက် အမှတ်များကို ပေါင်းထည့်ပါ။ ကျောဘက်ရှိ အမှတ်ပေးစည်းမျဉ်းဇယားတွင် ပေါင်းထည့်ပါ။

သဘောထားကြီးပြီး တရားမျှတမှုရှိရန် လိုအပ်သည်။ သူတို့၏ ကျမ်းစာလေ့လာခြင်း နှင့် ကျောင်းသားများအား ခွန်အားပေးတိုက်တွန်းရန် အားလုံးကို အကောင်းဆုံး လုပ်ဆောင်ပေးရန် လိုအပ်သည်။ ကျောင်းသားများထံ ခွန်အားပေးသော စကားကို လစဉ် ရေးပေးခြင်းသည် ဆရာများအတွက် အကောင်းဆုံးဖြစ်ပြီး အထောက်အကူပြုပေလိမ့်မည်။ ဤအရာကို လုပ်ဆောင်နိုင်ရန်အတွက် သင်ခန်းစာ စာရွက်တွင် နေရာလပ် ပြင်ဆင်ပေးထားသည်။ ဝေဖန်ချက်များကို ဖော်ပြရာတွင် ရောင်စုံကောင်းကောင်းခြယ်နိုင်တယ်၊ သေသပ်တယ်၊ ကြိုးစားမှုရှိတယ် စသည်ဖြင့် ကလေးများ သင်ခန်းစာအပေါ် နားလည်မှုကို ကြည့်၍ ဖော်ပြသွားရမည်။

အတတ်နိုင်ဆုံး မတူညီသည့် ဝေဖန်ချက်များကို ပေးသွားရမည်ဖြစ်သည်။ မေးခွန်းများ၊ ဖော်ပြချက်များ၊ ရှာဖွေတွေ့ရှိချက်များ၊ ခွန်အားပေးနှိုးဆော်မှုများ စသည်ဖြင့် ကွဲကွဲပြားပြား ဖြစ်အောင် ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။ စဉ်းစားတွေးတောရန် တောင်းဆိုထားသော်လည်း ကျောင်းသားများ၏ အသက်တာတွင် စိတ်ဝင်တစားလုပ်ဆောင်ရန် အလွန်အရေးကြီးသည်။ တူညီသည့် အကြောင်းအရာ သို့မဟုတ် မေးခွန်းများလစဉ် ထပ်နေပါက အကျိုးသက်ရောက်မှုကို ဆုံးရှုံးစေမည်ဖြစ်သည်။

**အဆင့် (၁)**

**ယေဘူယျဝေဖန်ချက်**

"အေမီ - ဤသင်ခန်းစာကို လာရောက်သင်ကြားသည့်အတွက် အလွန်ဝမ်းသာပါတယ်။ ဤသင်ခန်းစာကို သင်ယူရသည့်အတွက် သမီးပျော်ရွှင်လိမ့်မည် လို့ ဆရာမမျှော်လင့်ပါတယ်။ သမီးရောင်စုံခြယ်ထားတာလှတယ် ။ သမီးကျောင်းတက်နေပြီးလား ။ဆရာမကို ပြောပြပါဦး။ မြန်မြန်ပြောပါ ဆရာမစောင့်နေတယ်။"
"အန်ဒရူး - မင်းကောင်းကောင်း လုပ်နိုင်တာပဲ။ အို- ထူးထူးခြားခြား အရောင်ခြယ်ထားတာပဲ။ မျဉ်းအတွင်းထဲမှာရေးဖို့ ဘာကြောင့် ခက်ခဲတာလဲ။ နောက်ဆုံး သင်ခန်းစာ အတွက် ရောင်စုံ ခြယ်သည့်အခါ အစက်သေးသေးလေးကို မင်းကျန်ခဲ့တယ် စသည်ဖြင့် ဝေဖန်နိုင်သည်။"

**ဝိညာဉ်ရေးဆိုင်ရာ ဝေဖန်ချက်။**

"စာရာ - မင်းကောင်းစွာလုပ်ထားတာပဲ ။ယေရှုသည် သူအား ကူညီပေးခဲ့သည့်အတွက် တပ်မှူးသည် မည်မျှပျော်ရွှင်သောသူ ဖြစ်ရပါသနည်း။ ကောင်းသောအဖြေပဲ ၊ သခင်ယေရှု ပုံပြင်ထဲ၌ သေခြင်းသည် ဝမ်းနည်းစရာဖြစ်သော်လည်း သူ၏ရှင်ပြန်ထမြောက်ခြင်းသည် အလွန်ဝမ်းမြောက်စရာပင်ဖြစ်သည်။"
"အိုး -အကောင်းဆုံးအဖြေပဲ။ ဖိလိပ္ပုနှင့် တောထဲတွင် တွေ့သောသူသည် ဝမ်းမြောက်လျှက် ထွက်သွားခဲ့သည်။သခင်ယေရှု အကြောင်းကို သူကြားပြီး ယုံကြည်ခဲ့သည်။"

**အဆင့် (၂)**

**ယေဘူယျဝေဖန်ချက်**

" ကောင်းသောအဖြေပဲ ဂျိုအဲနာ ကျောင်း၌သမီး၏ဆရာက သမီးရဲ့အဖြေကို အားရကျေနပ်လိမ့်မယ်လို့ ဆရာမ ယုံတယ်။"
"သားရဲ့ မွေးနေ့ မကြာခင် ရောက်တော့မယ်မဟုတ်လား။ ကောနာ ။တခုခုကို သား ပြင်ဆင်ထားပါသလား။ သား ဘာပဲလုပ်လုပ် ကောင်းသောနေ့ ဖြစ်ပါစေကွယ်။"

**ဝိညာဉ်ရေးဆိုင်ရာ ဝေဖန်ချက်**

"နွားစာခွက်ထဲ၌ နေသော သူငယ်တော် ယေရှုပုံကို သား ရောင်စုံခြယ်ထားတာ ဆရာမ သဘောကျတယ်။"
"သူ၏သားတော်ကို လောကသားအတွက် ပေးဆက်ခြင်းသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းပဲ မဟုတ်ဘူးလား။"
"သမီးရောင်စုံခြယ်ထားတာ ဆရာ သဘောကျတယ်။ ဘုရားသခင်၏ စကားတော်ကို နားမထောင်သည့်အတွက် ဇာခရိ အဖိုးအခ ပေးခဲ့ရတယ်။ နောက်အခါ ဘုရားသခင်ရဲ့စကားတော်ကို သူသံသရ မရှိတော့ဘူး။"
"မင်းတော်တော် ကြိုးစားထားတာပဲ။ အမှားနည်းနည်းလေးပဲ ရှိတယ်။အချိန်တိုင်း မင်းရဲ့အဖြေကို စစ်ဖို့မမေ့နဲ့နော။"

© Bible Educational Services 2019

www.besweb.com

Registered Charity UK 1186004

01/2022
MY-Burmese